# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ တပေါင်းလပြည့်ကျော် (၄)ရက် ၊ သောကြာနေ့ ၊ (6-3-2026) ၊ အတွဲ (၃၄) ၊ အမှတ် (၃၁၀)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries)ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီးက သံအမတ်ခန့်အပ်လွှာပေးအပ်

နေပြည်တော် မတ် ၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံသံအမတ်ကြီး H.E. Mr. Maziad Mohammed M Al Howishan က ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

စာမျက်နှာ ၁၆ ကော်လံ ၁ ⚐



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီး H.E. Mr. Maziad Mohammed M Al Howishan က ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ နီကာရာဂွာသမ္မတနိုင်ငံ သံအမတ်ကြီးက သံအမတ်ခန့်အပ်လွှာပေးအပ်

နေပြည်တော် မတ် ၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ နီကာရာဂွာသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Segundo Martin Calero Escorcia က ယနေ့နံနက် ၁၀ နာရီတွင်

စာမျက်နှာ ၁၇ ကော်လံ ၁ ❍



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ နီကာရာဂွာသမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Segundo Martin Calero Escorcia က ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။




ရတနာပုံ
၂၀၂၆ ခုနှစ် မတ် ၆ ရက်

**အယ်ဒီတာ့အာဘော်**

# ပြည်ပသွင်းကုန်လျှော့ချရေး စက်သုံးဆီခြိုးခြံချွေတာသုံးစွဲပေး

ချွေတာစုဆောင်းသူဌေးလောင်းဟူသောစကားနှင့်အညီ လူတိုင်းသည် အရာရာတွင်ချွေတာမည်ဆိုပါက ကြီးပွားတိုးတက်မည်မှာအမှန်ပင်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပပို့ကုန် တိုးမြှင့်ထုတ်လုပ်နိုင်ရေး၊ ပြည်ပသွင်းကုန်လျှော့ချနိုင်ရေးတို့ကို တစိုက်မတ်မတ်ဆောင်ရွက်နေသည်။ ကုန်ထုတ်လုပ်မှုတိုးတက်ရေးကို ဆောင်ရွက်နေသကဲ့သို့ ဆီစားသုံးမှုလျှော့ချရေး၊ ရေသုံးစွဲမှုလျှော့ချရေး၊ လျှပ်စစ်မီးသုံးစွဲမှုလျှော့ချရေး၊ စက်သုံးဆီသုံးစွဲမှုလျှော့ချရေးတို့ကို ဦးတည်လုပ်ဆောင်နေခြင်းသည် ပြည်သူတစ်ဦးချင်းစီ၏ အနာဂတ်ကောင်းကျိုး၊ တိုင်းပြည်၏ အနာဂတ်ကောင်းကျိုးအတွက်ဖြစ်ပေသည်။

လက်ရှိကမ္ဘာ့နိုင်ငံရေးအခြေအနေများအရ အရှေ့အလယ်ပိုင်းဒေသများ၌ စစ်ရေးပဋိပက္ခများကြောင့် လောင်စာဆီတင်သွင်းသည့်သင်္ဘောများဖြင့် သယ်ယူပို့ဆောင်ရာ ရေလမ်းကြောင်းတစ်လျှောက်တွင် အတားအဆီး၊ အဟန့်အတား ပိတ်ဆို့မှုများ ဖြစ်ပေါ်လျက်ရှိသည်။ သို့သော် မြန်မာနိုင်ငံတွင် စက်သုံးဆီပုံမှန်သုံးစွဲသည့်တိုင် ရက် ၄၀ စာအရန်ရှိပြီး ဆိပ်ကမ်းတွင် ဆီမချရသေးသောသင်္ဘောနှစ်စီး၊ ရေလမ်းကြောင်းမှ စက်သုံးဆီဝယ်ယူတင်ဆောင်လာသော သင်္ဘော ၁၄ စီးရှိသည့်အတွက် နိုင်ငံတွင် စက်သုံးဆီပြတ်တောက်စရာအကြောင်းမရှိကြောင်း အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့မှ သိရသည်။

ယခုအခါ နိုင်ငံတော်က ထုတ်ပြန်ခဲ့သည့် စက်သုံးဆီခြိုးခြံချွေတာရေးမှာ ကမ္ဘာ့တစ်ဝန်းကြုံတွေ့နေရသော လောင်စာဆီအခက်အခဲကို မြန်မာနိုင်ငံအနေဖြင့် စနစ်တကျဖြတ်သန်းရန် ရည်ရွယ်၍ ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ စက်သုံးဆီခြိုးခြံချွေတာရေး၊ ဖူလုံမှုရှိစေရေးအတွက် မတ် ၇ ရက်မှစတင်၍ ပုဂ္ဂလိကယာဉ်များ၊ လုပ်ငန်းသုံးယာဉ်များနှင့် သယ်ယူပို့ဆောင်ရေးယာဉ်များသည် စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ မောင်းနှင်အသုံးပြုကြရန်ဖြစ်သည်။

လစဉ် "စုံ" ရက်များတွင် စုံနံပါတ်အက္ခရာပါသော (2A---၊ 4A--- စသည်ဖြင့်)၊ "မ" ရက်များတွင် မနံပါတ်အက္ခရာပါသော (1A---၊ 3A--- စသည်ဖြင့်) စသည့်ပုဂ္ဂလိကပိုင်ယာဉ်များသာ မောင်းနှင်အသုံးပြုရန်ဖြစ်သည်။ EV မော်တော်ယာဉ်၊ EV မော်တော်ဆိုင်ကယ်များ နေ့စဉ်မောင်းနှင်နိုင်ပေသည်။ နေ့စဉ်အများပြည်သူ သယ်ယူပို့ဆောင်ရေးမော်တော်ယာဉ်များ၊ အငှားယာဉ်များ(Taxi)၊ စက်သုံးဆီသယ်ယူပို့ဆောင်သည့်ယာဉ်များ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးယာဉ်များ၊ ကုန်စည်ပို့ဆောင်ရေးယာဉ်များ၊ လူနာတင်ယာဉ်၊ နိဗ္ဗာန်ယာဉ်များနှင့် စည်ပင်အမှိုက်သိမ်းယာဉ်များ၊ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများအတွက် ဝန်ထမ်းကြို၊ ပို့ယာဉ်များ၊ ကုန်စည်ဖြန့်ဖြူးရေးတွင် အသုံးပြုသည့်ယာဉ်များ၊ စက်ရုံ၊ အလုပ်ရုံ၊ ဌာနများအတွက် ရုံးလုပ်ငန်းအသုံးပြုသည့်ယာဉ်များ၊ ကျောင်းကြို၊ ပို့ယာဉ်များ အသုံးပြုနိုင်ပေသည်။ ထို့ကြောင့် စက်သုံးဆီလုပ်ငန်းရှင်များသာမက အများပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူစုဆောင်းခြင်းနှင့် ဈေးနှုန်းမြှင့်တင်၍ ရောင်းချခြင်းများလုံးဝမပြုလုပ်ရန် စည်းကမ်းသတ်မှတ်ချက်များ ထုတ်ပြန်ထားပါသည်။

အဆိုပါစည်းကမ်းသတ်မှတ်ချက်များသည် ထပ်မံ၍တစ်စုံတစ်ရာထုတ်ပြန်မှုမရှိသည့်အချိန်ထိ အတည်ဖြစ်ကြောင်းနှင့် အဆိုပါစည်းကမ်းသတ်မှတ်ချက်များကို ဖောက်ဖျက်ကျူးလွန်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာထားသည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ပမှတင်သွင်းနေသော စက်သုံးဆီများကို ချွေတာသုံးစွဲရန်လိုပေသည်။ ခရီးသွားမည်ဆိုပါကလည်း အများသုံးသယ်ယူပို့ဆောင်ရေးယာဉ်၊ ရထားများကို အသုံးပြုသွားလာရန်လိုသကဲ့သို့ မဖြစ်မနေသွားရမည့်ခရီးမှအပ ခရီးသွားလာမှုကိုလည်း လျှော့ချရန်လိုပေသည်။ သို့ဖြစ်ရာ တစ်ဦးချင်းစီက စက်သုံးဆီခြိုးခြံချွေတာသုံးပါမှ ပြည်ပသွင်းကုန်လျှော့ချရာရောက်ပြီး နိုင်ငံတော်အတွက်၊ မိမိအတွက်ကောင်းကျိုးရလဒ်များ ပေါ်ထွက်လာမည်ဖြစ်ပါကြောင်း ယုံကြည်ရေးသားလိုက်ရပေသည်။

# ရွှေဘိုမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ကုလားပဲ ၁၀၀၉ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**ရွှေဘို မတ် ၅**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောကုလားပဲ ၁၀၀၉ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၄၆၅၇ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ကုလားပဲစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၁၀၀၉ ကေ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၂၅ ဒသမ ၅၅ တင်းထွက်ရှိကြောင်း သိရသည်။

"ရွှေဘိုမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးချိန်မှာ ကုလားပဲ ၄၆၅၇ ကေထိစိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ကုလားပဲစိုက်ခင်းတွေ အခုလက်ရှိမှာတော့ ရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ကေ ၁၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ကုလားပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ကုလားပဲအထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်တဲ့နည်းပညာပေးလုပ်ငန်းတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီး ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြသည်။

ရွှေဘိုမြို့နယ်၌ ကုလားပဲစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် ရေဆင်း (၈) နှင့် ရေဆင်း (၁၁)မျိုးများကို ရွေးချယ်စိုက်ပျိုးကြောင်း၊ ကုလားပဲအထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများကို တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကုလားပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ကုလားပဲကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြ၍ သိရသည်။ (၂၀၆)

# တံတားဦးမြို့နယ် မိုးနှံ့ခြုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**တံတားဦး မတ် ၅**

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မိုးနှံ့ခြုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများကို မတ် ၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် တံတားဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မာစန်း၊ တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ချောယဉ်စုနှင့် ခရိုင်၊ မြို့နယ် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ/မရှိ ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၉ ဦးကို ငွေကျပ် ၁၅ ဒသမ ၇ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၉၃ ဦးကို ငွေကျပ် သန်း ၃၀၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ သုံးဦးကို ငွေကျပ် တစ်သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၄၅ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၄၆ ဒသမ ၇ သန်း ထုတ်ချေးပေးထားပြီး မြစိမ်းရောင်စီမံကိန်းလုပ်ငန်းများ လည်ပတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်ရဲကျော်**

# ပုသိမ်မြို့နယ်တွင် ဖူးစားပြောင်းများအရောင်းအဝယ်ကောင်းမွန်နေ



**ပုသိမ် မတ် ၅**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ်တွင် ဖူးစားပြောင်းများဝယ်ယူအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း ပုသိမ်မြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးအေးမိုးက ပြောပြ၍ သိရသည်။

ပုသိမ်မြို့နယ်တွင် ယခုနှစ် ဖေဖော်ဝါရီလ စတုတ္ထပတ်မှ စတင်ပြီး ယနေ့ထိ ဖူးစားပြောင်းများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါဖူးစားပြောင်းများ ဝယ်လိုအားကောင်းလာခြင်းသည် ဒေသဈေးကွက်အပြင် အခြားဒေသများက ဝယ်ယူအားကောင်းလာခြင်းကြောင့် ဖြစ်ကြောင်း သိရသည်။

"ဒေသထွက်ကုန် ဖူးစားပြောင်းတွေကို ဒေသဈေးကွက်အပြင် အခြားဒေသတွေကပါ အဝယ်လိုက်နေပါတယ်။ ဖေဖော်ဝါရီလစတုတ္ထပတ်လောက်ကနေပြီး သိသိသာသာကို အဝယ်လိုက်တာဖြစ်ပါတယ်"ဟု ပုသိမ်မြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးအေးမိုးက ပြောပြသည်။

ပုသိမ်မြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ဒေသထွက် ဖူးစားပြောင်းများကို ရန်ကုန်ဈေးကွက်သို့ ပြန်လည်ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း၊အဆိုပါဒေသထွက် ဖူးစားပြောင်းများသည် ပိုးမွှားကင်းရှင်းပြီး ဖူးစားပြောင်းအဖူးရေ ၁၀၀ လျှင် ငွေကျပ် ၃၀၅၀၀ မှ ၃၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ဖူးစားပြောင်းများ အရောင်းအဝယ်ကောင်းမွန်သောကြောင့် ဖူးစားပြောင်းစိုက်တောင်သူများ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချ လုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင် အဆင်ပြေကြောင်း သိရသည်။ **ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ပဲခူးမြို့နယ် မြောက်ဆတ်အင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ပဲခူး မတ် ၅

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ပဲခူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြောက်ဆတ်အင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို မတ် ၄ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပဲခူးမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိမ်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပဲခူးမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လွဲ့လွဲ့ဝင်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့် ပြစ်ဒဏ်များကို အသေးစိတ် ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက မြောက်ဆတ်အင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၆၀ ကို ငွေကျပ် ၂၃ သိန်း ၂ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၇၇ ဦးကို ၃၃ သိန်း ၆ သိန်း စုစုပေါင်း အသင်းသား၊အသင်းသူ ၁၃၇ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၅၆ သိန်း ၈ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ သုတ



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် ပြင်ဦးလွင်မြို့ အမှတ်(၅၈) စန္ဒာလမ်း၊ လှည်းတန်းရပ်နေ ကျန်ရစ်သူမိသားစုက နှစ်ဖက်မိဘဆွေမျိုးများနှင့် ကျေးဇူးရှင် ဖခင်ကြီးဦးကျော်ဟိန်းအား ရည်စူး၍ ဆွမ်း၊ ဆေးပဒေသာပင် အလှူငွေကျပ် ၁၀၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီ အတွင်းရေးမှူး ဦးဝဏ္ဏနှင့် ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

# ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲကြီး ၈၃၁၇ ကေထိရိတ်သိမ်းပြီးစီးပြီဖြစ်



မုံရွာ မတ် ၅

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲကြီး ၈၃၁၇ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ဧက ၁၄၃၈၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသောပဲကြီးစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလပထမပတ်မှစတင် ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ယင်းမာပင်မြို့နယ်တွင် ၇၂၂ ဧကနှင့် ကနီမြို့နယ်တွင် ၇၅၉၅ ဧက စုစုပေါင်း ၈၃၁၇ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၇ ဒသမ ၃၈ တင်း ထွက်ရှိကြောင်း သိရသည်။

"ယင်းမာပင်ခရိုင် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပဲကြီးဧက ၁၄၃၈၀ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပဲကြီးစိုက်ခင်းတွေ အခုလက်ရှိအချိန်မှာတော့ ရိတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိ ဧက ၈၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲကြီး အထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးခဲ့ပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာတင်မာမာဦးက ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် ပဲကြီးစိုက်တောင်သူများအနေဖြင့် ပဲကြီးစိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပဲကြီးကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သဖြင့် ပဲကြီးကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာတင်မာမာဦးက ပြောပြ၍ သိရသည်။ (၂၀၆)

# မလှိုင်မြို့နယ် နတ်စဉ်ကုန်းကျေးရွာ၌ VRFP စီမံကိန်းလုပ်ငန်းများ စစ်ဆေး

မလှိုင် မတ် ၅

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နတ်စဉ်ကုန်းကျေးရွာအုပ်စု နတ်စဉ်ကုန်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP)ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိသောလုပ်ငန်းများကို မတ် ၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုနှင့် စီမံကိန်း တာဝန်ခံဝန်ထမ်းများက နတ်စဉ်ကုန်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေကျပ် ၄၃ ဒသမ ၁ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိစစ်ဆေးပြီး မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ နတ်စဉ်ကုန်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀၄ ဦးကို ငွေကျပ် ၃၇ ဒသမ ၅ သန်းနှင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၆ ဦးကို၊ ငွေကျပ် ၅ ဒသမ ၆ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၁၂၀ ကို ငွေကျပ် ၄၃ ဒသမ ၁ သန်း ထုတ်ချေးပေးထားပြီး လုပ်ငန်းများလည်ပတ် ဆောင်ရွက်လျက်ရှိကြောင်း မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။ **ဟိန်းထက်စိုး(မလှိုင်)**

# ဟသ်ာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ညှော့မထဆန် ၂၄ ပြည်ဝင် အိတ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့

ဟသ်ာတ မတ် ၅

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ညှော့မထဆန် ၂၄ ပြည်ဝင် အိတ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဟသ်ာတမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မာမာလွင်က ပြောပြသည်။

ဟသ်ာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇန်နဝါရီလတစ်လအတွင်းက ညှော့မထဆန် ၂၄ ပြည်ဝင်အိတ်ရေ ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် ဖေဖော်ဝါရီလအတွင်း ညှော့မထဆန် ၂၄ ပြည်ဝင်အိတ်ရေ ၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဆန်အမျိုးအစားသည် ဆန်ကြမ်းအုပ်စုတွင် ပါဝင်သည့် အမျိုးအစားဖြစ်ကြောင်း သိရသည်။

''ပြီးခဲ့တဲ့တစ်လအတွင်း ဒီဘက်ကနေ ညှော့မထဆန် တင်းရေအများအပြား ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ဟသ်ာတမြို့နယ်ကနေ လယ်ယာထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို အများဆုံး တင်ပို့ရောင်းချနေပါတယ်။ ညှော့မထဆန်အမျိုးအစားကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်။ လတ်တလောအနေနဲ့ ညှော့မထဆန်အမျိုးအစားက အရောင်းအဝယ်ပိုဖြစ်နေပါတယ်''ဟု ဟသ်ာတမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မာမာလွင်က ပြောပြသည်။

ဟသ်ာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း တင်ပို့ရောင်းချခဲ့သည့် ညှော့မထဆန် ၂၄ ပြည်ဝင်တစ်အိတ်လျှင်ငွေကျပ် ၉၉၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ညှော့မထဆန်များ အရောင်းအဝယ် ကောင်းလာသည့်အတွက် တောင်သူများ၊ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အဆင်ပြေလျက်ရှိကြောင်းသိရသည်။ **ကျော်ကျော်လင်း**



# အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့

မောင်ငြိမ်းသူ(ကြို့ပင်ကောက်)

**မတ်လ ၈ ရက်နေ့**

နှစ်စဉ် မတ် ၈ ရက်ကို **"အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့"**အဖြစ် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက ၁၉၇၇ ခုနှစ် မတ် ၈ ရက်တွင် တရားဝင်သတ်မှတ်ပေးခဲ့ပြီး တစ်ကမ္ဘာလုံးရှိ အမျိုးသမီးများ၏ ဂုဏ်ရည်ကို မြှင့်တင်ပေးခဲ့သည်။

**အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ ဖြစ်ပေါ်လာပုံ**

ပထမကမ္ဘာစစ်မဖြစ်ပွားမီက အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူညီမျှ အခွင့်အရေးမရကြသဖြင့် ဆန္ဒထုတ်ဖော်ပွဲများနှင့် သပိတ်မှောက်ပွဲများ ဖြစ်ပွားခဲ့ကြသည်။

၁၈၅၇ ခုနှစ် မတ် ၈ ရက်တွင် အမေရိကန်နိုင်ငံ နယူးယောက်မြို့မှ အထည်ချုပ်လုပ်ငန်းနှင့် အထည်အလိပ်လုပ်သူ အမျိုးသမီးများသည် လုပ်အားနှင့် လုပ်ခ မမျှတသည်ကို အကြောင်းပြုကြကာ လမ်းပေါ်ထွက်လာခဲ့ကြပြီး ပထမဆုံးအကြိမ် ဆန္ဒထုတ်ဖော်ခဲ့ကြသည်။

ထိုသို့ဆန္ဒထုတ်ဖော်ကြသူများကို အာဏာပိုင်အဖွဲ့က တိုက်ခိုက်နှိမ်နင်းခဲ့ရာ အလုပ်သမားသမဂ္ဂအဖွဲ့အစည်းတည်ထောင်ရေးကို လှုံ့ဆော်တွန်းအားပေးလာခဲ့ပြီး နှစ်စဉ်နှစ်တိုင်း မတ် ၈ ရက်တွင် အမျိုးသမီးဆန္ဒထုတ်ဖော်ပွဲများ ဖြစ်ပေါ်လာခဲ့ကြသည်။

၁၉၀၈ ခုနှစ်တွင် အမေရိကန်နိုင်ငံ နယူးယောက်မြို့ရှိ စက်ရုံများမှ အမျိုးသမီးလုပ်သား အင်းအား ၁၅၀၀၀ ခန့်သည် လုပ်ငန်းခွင်အတွင်း မညီမျှမှုများ၊ အလုပ်ချိန်လျှော့ပေါ့ရေးနှင့် လုပ်အားခ တိုးပေးရေး၊ လုပ်အားခခေါင်းပုံဖြတ်ခံကြရသည့်အပြင် ကျား၊ မ ခွဲခြားဆက်ဆံရမှုများ စသည့်လူ့အခွင့်အရေးဆုံးရှုံးမှုများကြောင့် လမ်းပေါ်ထွက်ဆန္ဒထုတ်ဖော်ခဲ့ကြသည်။ ထိုသို့ဆန္ဒထုတ်ဖော်မှုကိုအကြောင်းပြု၍ ၁၉၀၉ ခုနှစ် မတ် ၈ ရက်ကို အမေရိကန်နိုင်ငံ၏ **"အမျိုးသမီးများနေ့"** အဖြစ် သတ်မှတ်ခဲ့ကြသည်။

၁၉၁၀ ပြည့်နှစ်တွင် ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့၌ ပထမအကြိမ် အပြည်ပြည်ဆိုင်ရာအမျိုးသမီးညီလာခံကျင်းပခဲ့ရာ ဂျာမန်အမျိုးသမီးလှုပ်ရှားမှုခေါင်းဆောင် Clara Zatline က အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ကို သတ်မှတ်ပေးရန် စတင်ဆွေးနွေးတင်ပြခဲ့သည်။ ၁၉၁၁ ခုနှစ် မတ် ၁၉ ရက်တွင် ဩစတြီးယား၊ ဒိန်းမတ်၊ ဂျာမဏီ၊ ဆွစ်ဇာလန်နိုင်ငံများမှ အမျိုးသမီးဦးရေ ၁၀ သိန်းကျော်သည် နိုင်ငံတကာအမျိုးသမီးများနေ့ကို လှုပ်ရှားမှုအမျိုးမျိုးဖြင့်ကျင်းပခဲ့ကြသည်။ မတ် ၂၅ ရက်တွင် နယူးယောက်မြို့ရှိ ထင်ရှားသောရှပ်အင်္ကျီစက်ရုံ (Triangle Shirt-waist) မီးလောင်မှုဖြစ်ပွားခဲ့ရာ အလုပ်သမားအမျိုးသမီး ၁၄၆ ဦး သေဆုံးခဲ့ကြသည်။ သေဆုံးသူအများစုသည် အီတလီနှင့်ဂျူး ရွှေ့ပြောင်းနေထိုင်သူများဖြစ်ကြသည်။ ထို့ကြောင့် အမျိုးသမီးရေးရာလှုပ်ရှားမှုများ အရှိန်အဟုန်မြင့်မားပြင်းထန်လာခဲ့ကြသည်။

ဥရောပမှ အမျိုးသမီးများသည် မတ် ၁၉ ရက်ကို အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ဟု သတ်မှတ်ပြီး ၁၉၁၂ ခုနှစ်မှ ၁၉၁၅ ခုနှစ်ထိ နှစ်တိုင်း လမ်းပေါ်ထွက် ဆန္ဒထုတ်ဖော်ခဲ့ကြရာမှ အထွေထွေအုံကြွမှုများပေါ်ပေါက်လာခဲ့ကြသည်။ ၁၉၂၁ ခုနှစ် စက်တင်ဘာ ၉ ရက်မှ ၁၅ ရက်ထိ ဒုတိယအကြိမ် အပြည်ပြည်ဆိုင်ရာကွန်မြူနစ် အမျိုးသမီးများညီလာခံကို မော်စကိုတွင် ကျင်းပခဲ့ရာ ဘူလ်ဂေးရီးယားကိုယ်စားလှယ်များက နိုင်ငံတကာအမျိုးသမီးများနေ့ကို မတ် ၈ ရက်တွင် သတ်မှတ်ပေးရန် တောင်းဆိုခဲ့ကြသည်။ ထိုသို့ တခဲနက်ဆန္ဒပြုချက်အရ ၁၉၂၂ ခုနှစ်မှစတင်၍ မတ် ၈ ရက်ကို အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အဖြစ် သတ်မှတ်ကျင်းပခဲ့ကြသည်။

**❖ မတ် ၈ ရက် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ကို အကြောင်းပြု၍ ဇူလိုင် ၃ ရက် မြန်မာအမျိုးသမီးများနေ့ ဖြစ်ပေါ်လာခဲ့သည်။ "ကမ္ဘာ့နိုင်ငံများရှိ အမျိုးသမီးများက နိုင်ငံတကာ အမျိုးသမီးလှုပ်ရှားမှုများပြုလုပ်ပြီး အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူအခွင့်အရေးများ ရရှိနိုင်ရန်၊ တန်းတူရည်တူ ဆက်ဆံခွင့်ရရှိနိုင်ရန်နှင့် အမျိုးသမီးများ၏စွမ်းပကား တောင်းဆိုလှုံ့ဆော်စည်းရုံးမှုများ ပြုလုပ်ရန်"ဟူသောရည်ရွယ်ချက် သုံးရပ်ဖြင့် "ကမ္ဘာ့အမျိုးသမီးညီလာခံများ"ကို ကျင်းပခဲ့ကြသည်။ ❖**

ကမ္ဘာ့ကုလသမဂ္ဂက ၁၉၇၅ခုနှစ်ကို **"အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနှစ်"**အဖြစ်လည်းကောင်း၊ ၁၉၇၆ ခုနှစ်မှ ၁၉၈၅ ခုနှစ်ထိကို **"ကုလသမဂ္ဂ အမျိုးသမီးများဆယ်စုနှစ်"** အဖြစ်လည်းကောင်း၊ ၁၉၇၇ ခုနှစ်မှစ၍ နှစ်စဉ် မတ် ၈ ရက်ကို **"အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့"** အဖြစ်လည်းကောင်း သတ်မှတ်ကျင်းပခဲ့ကြသည်။ နိုင်ငံပေါင်း ၂၈ နိုင်ငံက ထိုနေ့ကို ဂုဏ်ပြုသည့်အနေဖြင့် **"ရုံးပိတ်ရက်"**အဖြစ် သတ်မှတ်ခဲ့ကြသည်။

ထိုသို့ကျင်းပခဲ့ကြရာတွင်လည်း ကမ္ဘာတစ်ဝန်းရှိ အမျိုးသမီးများအနေဖြင့် တရားမျှတမှုကို ကိုယ်စားပြုသည့် **'ခရမ်းရောင်'**၊ မျှော်လင့်ချက်ကို ကိုယ်စားပြုသည့် **'အစိမ်းရောင်'** သန့်စင်မှုကို ကိုယ်စားပြုသည့် **'အဖြူရောင်'** စသည့်အရောင်းသုံးမျိုးကို တူညီစွာ အသုံးပြုလှုံ့ဆော်ခဲ့ကြသည်။

ထို့ပြင် နှစ်စဉ်ကျင်းပခဲ့ကြသည့် **"အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့"** မတ် ၈ ရက်တိုင်းတွင်လည်း ကမ္ဘာပေါ်ရှိ အမျိုးသမီးများ၏အကျိုးအတွက် အလေးအနက်ထားပြီး လက်တွေ့အကောင်အထည်ဖော်ဆောင်ကြစေရန်ရည်သန်ပြီး **'ဆောင်ပုဒ်'**များကို ထုတ်ပြန်လှုံ့ဆော်ပေးနေခဲ့သည်။

ခုနှစ်အလိုက်ထုတ်ပြန်ခဲ့ကြသော ဆောင်ပုဒ်များကို ဖော်ပြရလျှင်-

- ၂၀၁၅ ခုနှစ်တွင် - **"လူသားအားလုံး တိုးတက်ဖို့ အမျိုးသမီးများ စွမ်းရည်မြှင့်တင်လို့ ပုံဖော်ကြပါစို့"**
- ၂၀၁၆ ခုနှစ်တွင် - **"ကျား၊ မ တန်းတူ ကမ္ဘာတစ်ဝန်း ၂၀၃၀ ရည်ကာမှန်း"**
- ၂၀၁၇ ခုနှစ်တွင် - **"ပြောင်းလဲဖို့အတွက် ရဲရင့်ပါ"**
- ၂၀၁၈ ခုနှစ်တွင် - **"အမျိုးသမီးများဘဝ မြှင့်တင်ဖို့ ကျေးလက်နှင့်မြို့ပြ တက်ကြွလှုပ်ရှားမှုများ ပူးပေါင်းလို့ ယခုပင် ကြိုးပမ်းကြပါစို့"**
- ၂၀၁၉ ခုနှစ်တွင် - **"အမျိုးသမီးများဘဝမြှင့်တင်ဖို့ ခွင့်တူညီရေးစဉ်းစားလို့ စွမ်းရည်မြှင့်ရေး အလေးပေးဖို့ ဆန်းသစ်နည်းလမ်းဖော်ထုတ်စို့"**
- ၂၀၂၀ ပြည့်နှစ်တွင် - **"တစ်ဦးချင်းဆောင်ရွက် ညီမျှမှုအတွက်"**
- ၂၀၂၁ ခုနှစ်တွင် - **"ကိုဗစ် ၁၉ ကမ္ဘာ့အနာဂတ် တန်းတူညီမျှမှု ရရှိရေး၊ အမျိုးသမီးခေါင်းဆောင်မှုကို ဖော်ဆောင်ပေး"**
- ၂၀၂၂ ခုနှစ်တွင် - **"ယနေ့ ကျား၊ မ ရေးရာ တန်းတူညီမျှမှုသည် ရေရှည်တည်တံ့သော မနက်ဖြန်တိုင်းအတွက်"**
- ၂၀၂၃ ခုနှစ်တွင် - **"ကျား၊ မ တန်းတူညီမျှဖို့ နည်းပညာနဲ့ ဆန်းသစ်စို့"**
- ၂၀၂၄ ခုနှစ်တွင် - **"အရှိန်အဟုန်ဖြင့် တိုးတက်ရေး အမျိုးသမီးများတွင် မြှုပ်နှံပေး"**ဟူ၍ဖြစ်သည်။
- ၂၀၂၅ ခုနှစ်တွင် - **"တန်းတူအခွင့်အရေး ရရှိဖို့ အမျိုးသမီးများ စွမ်းရည်မြှင့်တင်စို့"**

ယခုနှစ် မတ် ၈ ရက်တွင် ကျရောက်သည့် "အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့"အတွက် ဆောင်ပုဒ်မှာ **"တရားမျှတမှုနဲ့အခွင့်အရေးများရရှိရေး အမျိုးသမီးများအားလုံးအတွက် ဆောင်ရွက်ပေး"**ဟူ၍ဖြစ်သည်။

**မြန်မာအမျိုးသမီးများနေ့**

မတ် ၈ ရက် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ကိုအကြောင်းပြု၍ ဇူလိုင် ၃ ရက် မြန်မာအမျိုးသမီးများနေ့ ဖြစ်ပေါ်လာခဲ့သည်။

**"ကမ္ဘာ့နိုင်ငံများရှိ အမျိုးသမီးများက နိုင်ငံတကာ အမျိုးသမီးလှုပ်ရှားမှုများပြုလုပ်ပြီး အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူအခွင့်အရေးများ ရရှိနိုင်ရန်၊ တန်းတူရည်တူ ဆက်ဆံခွင့်ရရှိနိုင်ရန်နှင့် အမျိုးသမီးများ၏စွမ်းပကား တောင်းဆိုလှုံ့ဆော်စည်းရုံးမှုများ ပြုလုပ်ရန်"ဟူသောရည်ရွယ်ချက် သုံးရပ်ဖြင့် "ကမ္ဘာ့အမျိုးသမီးညီလာခံများ"ကို** ကျင်းပခဲ့ကြသည်။

ကျင်းပခဲ့ကြသည့်နိုင်ငံများမှာ ၁၉၇၅ ခုနှစ် မက္ကဆီကိုနိုင်ငံ၊ ၁၉၈၀ ပြည့်နှစ် ဒိန်းမတ်နိုင်ငံ (ကိုပင်ဟေဂင်မြို့)၊ ၁၉၈၅ ခုနှစ် ကင်ညာနိုင်ငံ (နိုင်ရိုဘီမြို့)၊ ၁၉၉၅ ခုနှစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ (ဘေဂျင်းမြို့)၊ ၂၀၁၄ ခုနှစ် အင်္ဂလန်နိုင်ငံ၊ ၂၀၁၅ ခုနှစ် ချီလီနိုင်ငံတို့ဖြစ်သည်။

ထိုသို့ **"ကမ္ဘာ့အမျိုးသမီးညီလာခံများ"** ကျင်းပခဲ့ရခြင်း၏အကြောင်းရင်းကလည်းရှိခဲ့သည်။ ၁၉၁၁ ခုနှစ် မတ်လက ရုရှားနိုင်ငံရှိ စက်ရုံမီးလောင်မှုကြောင့် အမျိုးသမီး ၁၄၆ ဦး မီးလောင်သေဆုံးခဲ့ရာ အမျိုးသမီးများ အုံကြွလှုပ်ရှားအရေးဆိုလာခဲ့ကြသည်။ ထို့ကြောင့် **"မတ်လ ၈ ရက်နေ့"** ကို **"အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့"**အဖြစ် သတ်မှတ်ခဲ့ပြီး အမျိုးသမီးများကို နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များနှင့် ကုလသမဂ္ဂပဋိညာဉ်စာတမ်းများမှာ ပါဝင်သည့် "လူတိုင်း ကျား၊ မ မရွေး၊ နိုင်ငံကြီး၊ ငယ် မရွေး အခြေခံလူ့အခွင့်အရေးများနှင့် တန်းတူရည်တူအခွင့်အရေးရရှိရေးတို့ကို ဂရုပြုရန်"ဟူသော စာတမ်းကြောင့် "ကမ္ဘာ့အမျိုးသမီးညီလာခံများ"ကို အခါအားလျော်စွာ ကျင်းပခဲ့ကြသည်။

ထိုသို့ကျင်းပခဲ့ကြသည့် ညီလာခံများအနက် ၁၉၉၅ ခုနှစ် တရုတ်နိုင်ငံ ဘေဂျင်းမြို့၌ကျင်းပခဲ့သော စတုတ္ထအကြိမ်မြောက် ကမ္ဘာ့အမျိုးသမီးညီလာခံက **"ဘေဂျင်းကြေညာစာတမ်း"**(Beijing Deceleara-tion) ပြဋ္ဌာန်းခဲ့သည်။ ထိုကြေညာစာတမ်းတွင် "အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် နိုင်ငံတိုင်း၌ အမျိုးသားအဆင့်ယန္တရားဖွဲ့စည်းပြီး ဆောင်ရွက်သင့်သည့်ကဏ္ဍအပါအဝင် ကဏ္ဍကြီး ၁၂ ရပ်ပါဝင်ခဲ့ရာ မြန်မာနိုင်ငံက လိုက်နာဆောင်ရွက်သည့်အနေဖြင့် ၁၉၉၆ ခုနှစ် ဇူလိုင် ၃ ရက်တွင် **"မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ"** (Myanmar National Committee on Women's Affairs (MNCWA) ကို ဖွဲ့စည်းခဲ့သည်။ **"မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ"** စတင်ဖွဲ့စည်းသည့် ဇူလိုင် ၃ ရက်ကိုပင် **"မြန်မာအမျိုးသမီးများနေ့"**ဟု ဂုဏ်ပြုသတ်မှတ်ခဲ့ခြင်းဖြစ်သည်။ မြန်မာအမျိုးသမီးရေးရာအဖွဲ့ချုပ် ဖွဲ့စည်းပြီးနောက် ပြည်နယ်နှင့် တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့်ထိ အဆင့်ဆင့်ဖွဲ့စည်းလှုပ်ရှားခဲ့ကြသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီကိုဖွဲ့စည်းခဲ့ရာတွင် ရည်ရွယ်ချက် (၇) ချက် ချမှတ်ထားရာ-

(၁) အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး တည်ဆောက်ရာတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍကို မြှင့်တင်ပေးရန်။

(၂) အမျိုးသမီးများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန်။

(၃) အမျိုးသမီးများ၏ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး စသည်များ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အမျိုးသမီးများ၏ဘဝလုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန်။

(၄) တိုင်းရင်းသားရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကို ပိုမိုမြတ်နိုးတန်ဖိုးထားသည့် စိတ်ဓာတ်မြှင့်တင်ရေးအတွက် အမျိုးသမီးများကို လေ့ကျင့်ပျိုးထောင်ပေးရန်။

(၅) အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ရန်။

(၆) အမျိုးသမီးများနှင့် ကလေးသူငယ်များအား လူကုန်ကူးမှုလျှော့နည်းပပျောက်ရေးအတွက် အမျိုးသားရေးတာဝန်တစ်ရပ် အသွင်ဖြင့် ဆောင်ရွက်နိုင်ရန်။

(၇) အမျိုးသမီးများ၏ အခွင့်အရေးများကို တိုင်းရင်းသားယဉ်ကျေးမှုဓလေ့ထုံးစံနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန်ဟူ၍ဖြစ်သည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီသည် အာဆီယံအမျိုးသမီးရေးရာကော်မတီ (Asean Committee on Women) (ACW) ၏ အဖွဲ့ဝင်နိုင်ငံဖြစ်သောကြောင့် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း၊ အမျိုးသမီးများအကြမ်းဖက်မှုမှ တားဆီးကာကွယ်ရေးအဖွဲ့များနှင့် ပူးတွဲပေါင်းစည်း၍ ချမှတ်ထားသော ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ဆောင်လျက်ရှိသည်။ **စာမျက်နှာ ၅ သို့** á

## ၂၀၂၆ ခုနှစ်၊ ၈၁ နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး ၃ ပါးကို ကာကွယ်စောင့်ရှောက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်ယိမ်းယိုင်မသွားရေးတို့အတွက် နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍ၌ တပ်မတော်က ပါဝင်ထမ်းဆောင်ရေး။

(ခ) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်အစိုးရ၊ ပြည်သူလူထုနှင့်အတူ လက်တွဲပြီး ကျရာကဏ္ဍအသီးသီးမှ ကြိုးပမ်းဆောင်ရွက်ရေး။

(ဂ) စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေး ဆောင်ရွက်ရာတွင် ဒို့တာဝန်အရေး ၃ ပါးကို မသွေဖည်ဘဲ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအပေါ်အခြေခံ၍ ဖြစ်နိုင်သမျှ အလေးထားဆောင်ရွက်ရေး။

(ဃ) တပ်မတော်ကို Standard Army ဖြစ်စေရေး တည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့် လိုက်နာဆိုသည့် တပ်မတော်၏လုပ်ငန်းစဉ်နှင့်အညီ စွမ်းရည် ၃ ရပ် မြင့်မားစေရေးနှင့် ခေတ်မီနည်းပညာများအား ထိရောက်စွာအသုံးပြုတတ်စေရေး စဉ်ဆက်မပြတ် တိုးတက်အောင်ဆောင်ရွက်ရေး။

## ခွန်အားဖြည့်ပါ တို့ပြည်ရှာ

\- နိုင်ငံတော် တာဝန်များကိုလ
လေးစားလို့ ထမ်းရွက်သယ်၊
တိုးတက်ရန် ကြိုးပမ်းမှု
ရှေးရှုစို့ကွယ်၊
စည်းကမ်းရှိ မြန်ပြည်ရယ်
ဖြစ်ဖို့ရှယ် လိုက်နာပေး၊
တို့မြန်မာ နိုင်ငံအဝန်း
အေးချမ်းဖို့လေး။

\- နိုင်ငံကို ချစ်စိတ်ထား
တိုင်းရင်းသား ညီနောင်တွေ၊
ရွှေပြည်တော် အနာဂတ်
မှတ်ကျောက်လှစေ၊
ငါတို့၏ မြန်မာ့မြေ
ကျက်သရေ ရှိမယ်လေး၊
ပြည်သူတွေ အပြုံးပန်း
လန်းဆန်းလို့မွှေး။

\- နိုင်ငံတော် လမ်းညွှန်ချက်နဲ့
ရှေ့ဆက်စို့ သာသာယာ၊
တို့တိုင်းပြည် မျက်နှာပန်း
ပွင့်လန်းစဉ်သာ၊
အဖျက်လမ်း ရှောင်ကြဉ်ပါ
အေးချမ်းစွာ နေထိုင်ရေး၊
တို့နိုင်ငံ လုပ်ငန်းများကို
ခွန်အားဖြည့်ပေး။ ။

ဖြိုးထက်(ရေစကြို)

## ဒီပဲယင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်းဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး



ရေဦး မတ် ၅

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ဒီပဲယင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်းဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဒီပဲယင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ဧက ၄၈၉၀ ထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ပဲတီစိမ်းစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလ ပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင်ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၇ တင်းကျော် ထွက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ ဒီပဲယင်းမြို့နယ်မှာ ပဲတီစိမ်းဧက ၄၈၉၀ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပဲတီစိမ်းစိုက်ခင်းတွေ လက်ရှိမှာတော့ ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ ပညာပေးတာတွေရှိပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

(၂၀၆)

á စာမျက်နှာ ၄ မှအဆက်

နိုင်ငံတော်အစိုးရအဆက်ဆက် စဉ်ဆက်မပြတ် လှုပ်ရှားခဲ့ရာ ၂၀၁၃ ခုနှစ် အောက်တိုဘာလအတွင်းက အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားအဆင့်မဟာဗျူဟာ ၁၀ နှစ်စီမံကိန်း (၂၀၁၃-၂၀၂၂) ကို ချမှတ်ကာ စီမံကိန်းပါလုပ်ငန်းစဉ်များကို အလွှာပေါင်းစုံ၊ ကဏ္ဍပေါင်းစုံ ပူးပေါင်းပါဝင်ဆောင်ရွက်သွားရန် လှုံ့ဆော်သမှုပြုခဲ့ကြသည်။

မြန်မာအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ရည်ရွယ်ချက်များအရ အမျိုးသမီးများ၏ဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ အကြမ်းဖက်မှုကာကွယ်ရေး၊ လူကုန်ကူးမှုကာကွယ်ရေးလုပ်ငန်းစဉ်များကို ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခဲ့ကြသည်။

မြန်မာနိုင်ငံသည် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သောကြောင့် အမျိုးသမီးများနှင့်ပတ်သက်၍ ကျား၊ မ တန်းတူညီမျှမှု၊ အမျိုးသမီးများ၏အခွင့်အရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများကိုတားဆီးကာကွယ်ရေး လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိနေသည်။

ထို့ပြင် မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အမျိုးသမီးများ၏ အခွင့်အရေးများကို အမျိုးသားများနှင့် ညီတူညီမျှ အပြည့်အဝတိကျစွာ ပြဋ္ဌာန်းထားရာ အချို့ကို ကောက်နုတ်ဖော်ပြလိုက်ရပါသည်-

ဖွဲ့စည်းပုံအခြေခံဥပဒေ **ပုဒ်မ-၃၄၇တွင်** "နိုင်ငံတော်သည် မည်သူ့ကိုမဆို ဥပဒေအရာတွင် တန်းတူတူညီမျှအခွင့်အရေးရရှိစေရမည်။ ထို့ပြင် ဥပဒေ၏အကာအကွယ်ကိုလည်း တန်းတူညီမျှစွာ ရယူပိုင်ခွင့်ပေးရမည်" ဟုလည်းကောင်း၊ **ပုဒ်မ-၃၄၈ တွင်** "နိုင်ငံတော်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ မည်သည့်နိုင်ငံသားကိုမျှ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ ရာထူးဌာနန္တရ၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ အမျိုးသား၊ အမျိုးသမီး ဆင်းရဲချမ်းသာတို့ကို အကြောင်းပြု၍ ခွဲခြားမှု မရှိစေရဟုလည်းကောင်း၊ **ပုဒ်မ -၃၅၀ တွင်** "အမျိုးသမီးများသည် တူညီသောအလုပ်အတွက် အမျိုးသားများခံစားခွင့်ရှိသော အခွင့်ရေး၊ လစာတို့ကို ခံစားခွင့်ရှိသည်"ဟုလည်းကောင်း၊ **ပုဒ်မ-၃၅၁ တွင်** "မိခင်များ၊ ကလေးသူငယ်များနှင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများသည် ဥပဒေအရ သတ်မှတ်ထားသော သက်ဆိုင်ရာအခွင့်အရေးများကို အညီအမျှ ခံစားခွင့်ရှိစေရမည်"ဟုလည်းကောင်း၊ **ပုဒ်မ-၃၅၂ တွင်** "နိုင်ငံတော်သည် အလုပ်အကိုင်ခန့်ထားရာတွင်ဖြစ်စေ၊ နိုင်ငံ့ဝန်ထမ်းရွေးချယ်တာဝန်ပေးရာတွင်ဖြစ်စေ၊ သတ်မှတ်သောအရည်အချင်းနှင့် ပြည့်စုံပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ မည်သည့်နိုင်ငံသားကိုမျှ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ အမျိုးသား၊ အမျိုးသမီးကို အကြောင်းပြုလျက် ရာထူးရွေးချယ်ခန့်ထားခြင်းကို ခွဲခြားခြင်းမပြုရ၊ သို့ရာတွင် အမျိုးသားများနှင့်သာ လျော်ကန်သင့်မြတ်သည့် ရာထူးတာဝန်များအတွက် အမျိုးသားများအား ရွေးချယ်ခန့်ထားခြင်းကို ဤပုဒ်မအရ အဟန့်အတားမဖြစ်စေရ"ဟုလည်းကောင်း၊ **ပုဒ်မ-၃၆၈ တွင်** "နိုင်ငံတော်သည် ပညာရည်ထူးချွန်သောနိုင်ငံသားများအား လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ အမျိုးသား၊ အမျိုးသမီး ခွဲခြားမှုမရှိဘဲ ယင်းတို့၏ အရည်အချင်းအလိုက် ချီးမြှောက်ထောက်ပံ့မည်"ဟုလည်းကောင်း ပြဋ္ဌာန်းထားသည်။

ထို့ပြင် ကမ္ဘာ့အရပ်ရပ်မှာရော မြန်မာနိုင်ငံမှာပါ အမျိုးသမီးများကို မုဒိမ်းမှု၊ သက်ငယ်မုဒိမ်းမှု၊ နှိပ်စက်ညှဉ်းပန်းမှု၊ လိင်ကျေးကျွန်ပြုမှု၊ လူကုန်ကူးမှုရှိနေရာ သက်ဆိုင်ရာနိုင်ငံများအလိုက် အမျိုးသမီးများကို အကာအကွယ်ပေးနိုင်သော ဥပဒေများကို ဘာသာရေး၊ ဓလေ့ထုံးစံအရ ပြဋ္ဌာန်းဆောင်ရွက်နေကြသည်။ သို့သော် မြန်မာနိုင်ငံက အခြားနိုင်ငံများထက် ကာကွယ်ပေးနိုင်သောဥပဒေများ ပြဋ္ဌာန်းထားသည်။

လက်လှမ်းမီသမျှ ကောက်နုတ်ဖော်ပြရလျှင် ရာဇသတ်ကြီးဥပဒေပုဒ်မများဖြစ်ကြသော မုဒိမ်းမှု ပုဒ်မ-၃၇၆၊ ဓမ္မတာနှင့်ဆန့်ကျင်ပြီး ကျူးလွန်မှုပုဒ်မ-၃၇၇၊ သွေးဆောင်ဖြားယောင်းခိုးယူပေါင်းသင်းမှု ပုဒ်မ-၃၆၃/၃၆၅/၃၆၆၊ အဆိပ်၊ ထိုင်းမှိုင်းစေသောဆေးခတ်မှု ပုဒ်မ-၃၂၈၊ ကာမလိမ်လည်မှုပုဒ်မ-၄၁၇၊ နာကျင်စေမှုပုဒ်မ-၃၁၉/ ၃၂၀/ ၃၂၃/ ၃၂၄/ ၃၂၅/ ၃၂၆၊ ကာယိန္ဒြေဖျက်ဆီးမှုပုဒ်မ-၃၅၄၊ အသရေဖျက်မှုပုဒ်မ-၅၀၀၊ ခြိမ်းခြောက်မှုပုဒ်မ-၅၀၃/၅၀၆/၅၀၇ စသည့်ပုဒ်မများဖြစ်သည်။ ထို့ပြင် တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေပုဒ်မ-၁၃ ကိုလည်း ပြဋ္ဌာန်းထားသည်။ မုဒိမ်းမှုပုဒ်မ-၃၇၆ (ခ) အရ မိမိ၏ဇနီးမယားအလိုမတူဘဲ အတင်းအဓမ္မပြုကျင့်သော ခင်ပွန်းကို ယခင်က ထောင်ဒဏ်နှစ်နှစ်သာချမှတ်ရန် ပြဋ္ဌာန်းထားသော်လည်း ယခု ထောင်ဒဏ်အနှစ် ၂၀ သို့လည်းကောင်း၊ သက်ငယ်မုဒိမ်းမှုကိုလည်း ထောင်ဒဏ်အနှစ် ၂၀ သို့လည်းကောင်း တိုးမြှင့်သတ်မှတ်ထားသည်။

ထို့ကြောင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သော မြန်မာနိုင်ငံသည် ကမ္ဘာ့အမျိုးသမီးများနေ့က ချမှတ်ပေးခဲ့သောဆောင်ပုဒ်များကို လက်တွေ့အကောင်အထည်ဖော်ဆောင်လျက်ရှိနေကြောင်း သမိုင်းသက်သေတည်နေပါသည်။

# နိုင်ငံတကာ သတင်းများ

## သမ္မတဒေါ်နယ်ထရမ့်၏ အီရန်ကိုတိုက်ခိုက်မှု အမေရိကန်အထက်လွှတ်တော် အတည်ပြု

**နယူးယောက် မတ် ၅**

အီရန်နိုင်ငံကိုအမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က စစ်ရေးအရတိုက်ခိုက်နေမှုကို အမေရိကန်အထက်လွှတ်တော်က မတ် ၄ ရက်တွင် ထောက်ခံအတည်ပြုပေးခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

သမ္မတဒေါ်နယ်ထရမ့်၏ စစ်ရေးပဋိပက္ခဆင်နွှဲပိုင်ခွင့် အာဏာကို ကန့်သတ်ရန် ရည်ရွယ်သော ဆုံးဖြတ်ချက်တစ်ရပ်ကို အမေရိကန်အထက်လွှတ်တော်က မဲခွဲခဲ့ရာ အထက်လွှတ်တော်အမတ် ၅၃ ဦးတို့က ယင်းဆုံးဖြတ်ချက်ကို ကန့်ကွက်မဲပေးခဲ့ပြီး ၄၇ ဦးက ထောက်ခံမဲပေးထားသည်။

သမ္မတဒေါ်နယ်ထရမ့်၏ စစ်ရေးပဋိပက္ခဆင်နွှဲခွင့်အာဏာကန့်သတ်ရေးဆုံးဖြတ်ချက်ကို အထက်လွှတ်တော်ရီပတ်ဘလီကန်အမတ်များအနက် တစ်ဦးကသာထောက်ခံမဲပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ဆုံးဖြတ်ချက်မူကြမ်းတွင် အီရန်စစ်ရေးပဋိပက္ခရပ်တန့်ရန်နှင့် အီရန်ကိုတိုက်ခိုက်မည်ဆိုပါက ကွန်ဂရက်လွှတ်တော်၏ သဘောတူညီချက် ရယူရန် တောင်းဆိုထားသည်။

သို့ရာတွင် သမ္မတဒေါ်နယ်ထရမ့်က အီရန်ကိုစစ်ရေးအရတိုက်ခိုက်မှုသည် တရားဝင်မှုရှိပြီး အမေရိကန်နိုင်ငံကို ကာကွယ်ရေးအတွက် ကာကွယ်ရေးဦးစီးချုပ်တစ်ဦး၏ လုပ်ပိုင်ခွင့်ကိုကျင့်သုံးခြင်းသာဖြစ်ကြောင်း ရီပတ်ဘလီကန် အထက်လွှတ်တော်အမတ်များက ပြောကြားထားသည်။

သမ္မတ၏ စစ်ရေးပဋိပက္ခဆင်နွှဲခွင့်အာဏာ ကန့်သတ်ရေးဆိုင်ရာ ဆုံးဖြတ်ချက်ကို အမေရိကန်အောက်လွှတ်တော်ကလည်း ယနေ့တွင် မဲခွဲအဆုံးအဖြတ်ယူမည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## နီပေါ၌ လွှတ်တော်ရွေးကောက်ပွဲများ ကျင်းပ

**ခတ္တမန္ဒူ မတ် ၅**

နီပေါနိုင်ငံ၏ လွှတ်တော်ရွေးကောက်ပွဲသစ်များကို ယနေ့တွင် ကျင်းပခဲ့ရာ နီပေါပြည်သူများပါဝင်မဲပေးခဲ့ကြကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

အဂတိလိုက်စားမှု ဆန့်ကျင့်ရေးဆန္ဒပြပွဲများကြောင့် အစိုးရအဖွဲ့နုတ်ထွက်ခဲ့ရပြီး ခြောက်လအကြာတွင် လွှတ်တော်ရွေးကောက်ပွဲများကို နီပေါယာယီအစိုးရအဖွဲ့က ကျင်းပနိုင်ခဲ့ခြင်းဖြစ်သည်။

၂၀၂၅ ခုနှစ် စက်တင်ဘာလအတွင်း ဖြစ်ပွားခဲ့သော လူ ၇၇ ဦးသေဆုံးခဲ့ရသည့် ဆန္ဒပြပွဲများကြောင့် အစိုးရအဖွဲ့နုတ်ထွက်ခဲ့ရပြီးနောက် ဝန်ကြီးချုပ်ဆူရှီလာကာကီ၏ ယာယီအစိုးရအဖွဲ့က နီပေါနိုင်ငံကို ဆက်လက်ဦးဆောင်ခဲ့သည်။

နီပေါလွှတ်တော်ရွေးကောက်ပွဲများတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ နီပေါပြည်သူ ၁၉ သန်းခန့်တို့က လွှတ်တော်အမတ်သစ်များကို ရွေးချယ်ပေးကြမည် ဖြစ်ကြောင်း သိရသည်။

ရွေးကောက်ပွဲကာလလုံခြုံရေးအတွက် မဲရုံများသို့ လက်နက်ကိုင်တပ်ဖွဲ့ဝင်နှင့် ရဲတပ်ဖွဲ့ဝင် ရာပေါင်းများစွာကို နီပေါအစိုးရကဖြန့်ကြက်ပေးထားသည်။

ယနေ့ နီပေါလွှတ်တော်ရွေးကောက်ပွဲများတွင် အမတ်လောင်းဦးရေ ၃၄၀၀ ကျော်ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ရွေးကောက်ပွဲရလဒ်များမှာ လာမည့် ရက်ပိုင်းအတွင်း ပေါ်ထွက်လာနိုင်ဖွယ်ရှိကြောင်း သိရသည်။

Ref : Xinhua

Trs : KKO



## စစ်သင်္ဘောတစ်စီး၏ ပင်လယ်ပြင်စမ်းသပ်မှု မြောက်ကိုရီးယားခေါင်းဆောင် စစ်ဆေး



**ပြုံယမ်း မတ် ၅**

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် ရေတပ်ဖျက်သင်္ဘောသစ်တစ်စီး ပင်လယ်ပြင်စမ်းသပ်မှုများပြုလုပ်နေမှုကို နှစ်ရက်ဆက်တိုက် သွားရောက်စစ်ဆေးခဲ့ကြောင်း ယနေ့သတင်းများတွင်ရေးသားတင်ပြထားသည်ဟု RT သတင်းဌာနက ဖော်ပြထားသည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်အနေဖြင့် မတ် ၃ ရက်နှင့် ၄ ရက်တို့တွင် နမ်ပိုသင်္ဘောကျင်းသို့ သွားရောက်၍ ချိုဟွန်းတတိယမြောက် ဖျက်သင်္ဘောရေပြင်စမ်းသပ်မှုများကို သွားရောက်စစ်ဆေးခဲ့ကြောင်း ကေစီအင်န်အေ သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ထို့ပြင် အဆိုပါဖျက်သင်္ဘောမှ တစ်ဆင့် ခရုစ်ဒုံးကျည်များ စမ်းသပ်ပစ်လွှတ်မှုကိုလည်း ကင်ဂျုံအန်က ကြည့်ရှုစစ်ဆေးခဲ့ကြောင်း ကေစီအင်န်အေ သတင်းဌာန၏ အဆိုအရ သိရသည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် အဆိုပါချိုဟွန်းဖျက်သင်္ဘောကို ရေတပ်သို့မလွှဲပြောင်းမီ နှစ်ရက်ဆက်တိုက်သွားရောက်စစ်ဆေးခဲ့ခြင်းဖြစ်သည်။

မြောက်ကိုရီးယား နိုင်ငံသည် ပြီးခဲ့သည့်နှစ် မေလကလည်း ဒုတိယမြောက် ချိုဟွန်းဖျက်သင်္ဘောကို ရေချခဲ့ရာ မတော်တဆမှုတစ်ခုကြောင့် သင်္ဘောပျက်စီးခဲ့သည်။

သို့ရာတွင် အပျက်အစီးများကို ပြန်လည်ပြုပြင်ပြီးနောက် အဆိုပါဖျက်သင်္ဘောကို ၂၀၂၅ ခုနှစ် ဇွန်လမှာပင် မြောက်ကိုရီးယားက ပြန်လည်ရေချခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO

## အီရန်ရေတပ်မှ ဒုတိယမြောက်ရေတပ်သင်္ဘော သီရိလင်္ကာရေပိုင်နက်ဝင်ခွင့်ရရန် စောင့်ဆိုင်းနေ

**ကိုလံဘို မတ် ၅**

အီရန်ရေတပ်မှ ဒုတိယမြောက် ရေတပ်သင်္ဘောတစ်စီး သီရိလင်္ကာရေပိုင်နက်အတွင်း ဝင်ရောက်နိုင်ရေးအတွက် ခွင့်ပြုချက်စောင့်ဆိုင်းနေကြောင်း သီရိလင်္ကာ တာဝန်ရှိသူများက ယနေ့တွင် ထုတ်ဖော်ပြောကြားသည်ဟု Xinhua သတင်းဌာနက ဖော်ပြထားသည်။

ရေတပ်သား ဦးရေ ၁၀၀ ကျော် လိုက်ပါလာသည့် အဆိုပါအီရန်ရေတပ်သင်္ဘောသည် လက်ရှိတွင် သီရိလင်္ကာ အထူးစီးပွားရေးဇုန်အတွင်း ရောက်ရှိနေကြောင်း သိရသည်။

အမေရိကန်ရေတပ်က မတ် ၄ ရက်တွင် အိုင်းရစ်ဒီနာ အီရန်ဖရီးဂိတ်ဖျက်သင်္ဘော တစ်စီးကိုရေငုပ်သင်္ဘောဖြင့် တိုက်ခိုက်နစ်မြုပ်ပြီးနောက် သီရိလင်္ကာရေပိုင်နက်အတွင်းဝင်ရောက်နိုင်ရန် ဒုတိယမြောက် အီရန်ရေတပ်သင်္ဘောက ကြိုးပမ်းနေခြင်းဖြစ်ကြောင်း သိရသည်။

အိုင်းရစ်ဒီနာ ဖရီးဂိတ်စစ်သင်္ဘောနစ်မြုပ်ခံရမှုကြောင့် အီရန်ရေတပ်သား ၈၇ ဦးသေဆုံး၍ ဦးရေ ၆၀ ခန့် ပျောက်ဆုံးနေပြီး ၃၁ ဦးကို သီရိလင်္ကာရေတပ်က ကယ်ဆယ်ထားသည်။

ယင်းစစ်သင်္ဘောသည် အိန္ဒိယနိုင်ငံ အရှေ့ပိုင်းဆိပ်ကမ်းတစ်ခုမှ အီရန်နိုင်ငံသို့ ခုတ်မောင်းနေစဉ် အမေရိကန် ရေငုပ်သင်္ဘော၏ တိုက်ခိုက်မှုခံခဲ့ရခြင်းဖြစ်သည်။

လက်ရှိတွင် ဒုတိယမြောက် အီရန်ရေတပ်သင်္ဘောကို ရေပိုင်နက်ထဲ ဝင်ရောက်ခွင့်ပေးရေးအတွက် သီရိလင်္ကာအစိုးရ စဉ်းစားလျက်ရှိသည်။

အိုင်းရစ်ဒီနာစစ်သင်္ဘောကဲ့သို့ တိုက်ခိုက်ခံရမည့်အရေးကို အဆိုပါစစ်သင်္ဘောပေါ်မှ ရေတပ်သားများက စိုးရိမ်လျက်ရှိကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## ပစိဖိတ်ဒေသကျွန်းတစ်ကျွန်းကို နျူကလီးယားစွန့်ပစ်ပစ္စည်းထားရှိရာ နေရာအဖြစ်အသုံးပြုရန် ဂျပန်စဉ်းစားနေ

**တိုကျို မတ် ၅**

နျူကလီးယား စွန့်ပစ်ပစ္စည်းများကို မြှုပ်နှံထိန်းသိမ်းရေးအတွက် ပစိဖိတ်သမုဒ္ဒရာဒေသရှိ ကျွန်းတစ်ကျွန်းကို အသုံးပြုရန် ဂျပန်နိုင်ငံက စဉ်းစားနေကြောင်း မတ် ၄ ရက် သတင်းများတွင် ရေးသားတင်ပြထားသည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

မိနာမိတိုရိရှီးမား ကျွန်းသည် ဂျပန်နိုင်ငံ၏ အရှေ့ဘက်စွန်းအကျဆုံး ပစိဖိတ်ဒေသကျွန်းဖြစ်ပြီး တိုကျိုမြို့နှင့် ကီလိုမီတာ ၂၀၀၀ အကွာတွင် တည်ရှိသည်။

မိနာမိတိုရိရှီးမား ကျွန်းကို နျူကလီးယား စွန့်ပစ်ပစ္စည်းများ ထိန်းသိမ်းရာနေရာအဖြစ် အသုံးချနိုင်ခြင်း ရှိ၊ မရှိကို လေ့လာဆန်းစစ်ရန် ဂျပန်အစိုးရက ဆန္ဒရှိနေကြောင်း သိရသည်။



မိနာမိတိုရိရှီးမား ကျွန်းသည် အရပ်သားများ နေထိုင်ခြင်းမရှိဘဲ ခရီးသွားများလာရောက်ခြင်းမရှိသော အစိုးရပိုင်ကျွန်းဖြစ်ရာ ထိုကျွန်းကို နျူကလီးယား စွန့်ပစ်ပစ္စည်းများ ထိန်းသိမ်းရာနေရာအဖြစ်အသုံးပြု၍ ရနိုင်ခြေရှိသည်ဟု ဂျပန်အစိုးရစက်မှုဝန်ကြီးဌာန ဝန်ကြီးယိုဆိုင်း အကာဇာဝါက သတင်းထောက်များနှင့် တွေ့ဆုံစဉ် ပြောကြားထားကြောင်း သိရသည်။

နျူကလီးယား စွမ်းအင်ကို ကမ္ဘာတစ်ဝန်းကျယ်ကျယ်ပြန့်ပြန့် သုံးစွဲလာကြသော်လည်း သုံးစွဲပြီး နျူကလီးယား လောင်စာများကို အမြဲတမ်း ထိန်းသိမ်းပေးနိုင်မည့် နေရာများရရှိရေးမှာ အဓိက ပြဿနာတစ်ရပ် ဖြစ်နေကြောင်း သိရသည်။

နျူကလီးယား စွမ်းအင်ထုတ်ယူသုံးစွဲမှုကို အမြင့်ဆုံးအဆင့်သို့ ပြန်လည်မြှင့်တင်ရန် ကြိုးပမ်းနေချိန်တွင် သုံးစွဲပြီးနျူကလီးယား လောင်စာများ သိုလှောင်ရမည့် နေရာကို ဂျပန်အစိုးရက ရှာဖွေနေခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## CAS Space အာကာသနည်းပညာကုမ္ပဏီက ယခုလကုန်ပိုင်းတွင် Kinetica-2 ဒုံးပျံကို လွှတ်တင်ရန်စီစဉ်ထား



**ပေကျင်း မတ် ၅**

တရုတ်နိုင်ငံအခြေစိုက် CAS Space အာကာသနည်းပညာကုမ္ပဏီသည် ယခုလကုန်ပိုင်းတွင် Kinetica-2 ဒုံးပျံကို လွှတ်တင်ရန် စီစဉ်ထားကြောင်း မတ် ၄ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ကိုယ်ထည်အလျား ၅၃ မီတာရှိသည့် Kinetica-2 ဒုံးပျံသစ်သည် ပထမအဆင့် ပင်မဒုံးယာဉ်ကို အကြိမ်ကြိမ် ပြန်လည်အသုံးပြုနိုင်ရန် ရည်ရွယ်တည်ဆောက်ထားသည့် ဒုံးပျံအမျိုးအစားဖြစ်ကြောင်း သိရသည်။

CAS Space အာကာသနည်းပညာကုမ္ပဏီသည် Kinetica-2 ဒုံးပျံကို ဂိုဘီသဲကန္တာရဒေသ ချိုကွမ်ဂြိုဟ်တုလွှတ်တင်ရေးစခန်းမှတစ်ဆင့် ယခုလကုန်ပိုင်းတွင် လွှတ်တင်ရန် စီစဉ်ထားသည်။

လွှတ်တင်ချိန်တွင် Kinetica-2 ဒုံးပျံသည် ချင်ကျိုး-၁ အမည်ရှိ အာကာသကုန်တင်ယာဉ် ရှေ့ပြေးပုံစံကို သယ်ယူသွားမည်ဖြစ်ကြောင်း CAS Space အာကာသနည်းပညာကုမ္ပဏီတာဝန်ရှိသူများက ပြောကြားထားသည်။

Kinetica-2 ဒုံးပျံသည် အလေးချိန် ကီလိုဂရမ် ၁၂၀၀၀ ထိရှိသည့် အာကာသယာဉ်များကို ကမ္ဘာပတ်လမ်းအနိမ့်ပိုင်းသို့ ပို့ဆောင်ပေးနိုင်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# HEALTH

## အမျိုးသမီးများကြား ရင်သားကင်ဆာဖြစ်ပွားမှုမှာ ၂၀၅၀ ပြည့်နှစ်တွင် ၃ ဒသမ ၅ သန်းထိရှိလာနိုင်

**နယူးယောက် မတ် ၅**

တစ်ကမ္ဘာလုံးအတိုင်းအတာအရ အမျိုးသမီးများကြား ရင်သားကင်ဆာဖြစ်ပွားမှုသည် ၂၀၅၀ ပြည့်နှစ်တွင် ၃ ဒသမ ၅ သန်းထိရှိလာနိုင်ကြောင်း သုတေသနပညာရှင်များက မတ် ၄ ရက်တွင် ပြောကြားသည်။

ရင်သားကင်ဆာစစ်ဆေးဖော်ထုတ်ရေးနှင့် ကုသရေးလုပ်ငန်းများ၌ နှစ်ပေါင်းများစွာရင်းနှီးမြှုပ်နှံထားသည့် တစ်ဦးချင်းဝင်ငွေမြင့်နိုင်ငံများ၌ ၁၉၉၀ ပြည့်နှစ်နှင့် ၂၀၂၃ ခုနှစ်ကြား ရင်သားကင်ဆာကြောင့် သေဆုံးမှုနှုန်းမှာ ၃၀ ရာခိုင်နှုန်းထိ ကျဆင်းခဲ့ရသည်။

သို့ရာတွင် တစ်ဦးချင်းဝင်ငွေနည်းပါးသည့် ကမ္ဘာ့နိုင်ငံများ၌ ၁၉၉၀ ပြည့်နှစ်နှင့် ၂၀၂၃ ခုနှစ်ကြားကာလအတွင်း ရင်သားကင်ဆာကြောင့် သေဆုံးနှုန်းမှာ မြင့်တက်လာခဲ့ရကြောင်း အမေရိကန် သုတေသနပညာရှင်များ၏ လေ့လာချက်အရ သိရသည်။

၂၀၂၃ ခုနှစ်တွင် တစ်ကမ္ဘာလုံးအတိုင်းအတာအရ ရင်သားကင်ဆာရောဂါလူနာအမျိုးသမီး ၂ ဒသမ ၃ သန်းထိရှိခဲ့ပြီး သေဆုံးသူဦးရေ ၇၆၄၀၀၀ ထိ ရှိခဲ့ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

ထို့ပြင် လက်ရှိဖြစ်ပွားနှုန်းအရ ၂၀၅၀ ပြည့်နှစ်တွင် တစ်ကမ္ဘာလုံး အတိုင်းအတာအရ ရင်သားကင်ဆာလူနာအမျိုးသမီး အရေအတွက်မှာ ၃ ဒသမ ၅ သန်းကျော်ထိ ရှိလာနိုင်ကြောင်း သုတေသနပညာရှင်များက ခန့်မှန်းထားသည်။

Ref : Sputnik News

Trs : KKO

## ဂျပန်အာကာသအေဂျင်စီ၏ HTV-X 1 အာကာသကုန်တင်ယာဉ် နိုင်ငံတကာအာကာသစခန်းမှ ပြန်လည်ခွာထွက်မည်ဖြစ်

**တိုကျို မတ် ၅**

ဂျပန်အာကာသအေဂျင်စီ၏ HTV-X 1 အာကာသကုန်တင်ယာဉ်သည် မတ် ၆ ရက်တွင် နိုင်ငံတကာအာကာသစခန်းမှ ပြန်လည်ခွာထွက်မည်ဖြစ်ကြောင်း သိရသည်။

မတ် ၆ ရက်တွင် နိုင်ငံတကာအာကာသစခန်း ယာဉ်ပေါ်မှ အာကာသယာဉ်မှူးများသည် စက်ရုပ်လက်တံကိုအသုံးပြု၍ HTV-X 1 အာကာသကုန်တင်ယာဉ်ကို နိုင်ငံတကာ အာကာသစခန်းမှ ခွာထွက်ပေးမည် ဖြစ်ကြောင်း သိရသည်။



HTV-X 1 အာကာသကုန်တင်ယာဉ်သည် ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်မဝင်ရောက်မီ ဂျပန်အာကာသအေဂျင်စီ၏ သိပ္ပံပညာ စမ်းသပ်ရေးယာဉ်အဖြစ် ကမ္ဘာပတ်လမ်းပေါ်၌ သုံးလကျော်ကြာ ဆက်လက်ပျံသန်းမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် HTV-X 1အာကာသကုန်တင်ယာဉ်သည် ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်၍ လောင်ကျွမ်းပြိုကွဲမည်ဖြစ်ကြောင်း သိရသည်။

ဂျပန်အာကာသအေဂျင်စီသည် HTV-X 1 အာကာသကုန်တင်ယာဉ်ကို ၂၀၂၅ ခုနှစ် အောက်တိုဘာ ၂၅ ရက်တွင် အိတ်ချ်-၃ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ရာ နောက်လေးရက်အကြာတွင် နိုင်ငံတကာအာကာသစခန်းနှင့်ချိတ်ဆက်နိုင်ခဲ့သည်။

အဆိုပါ အာကာသကုန်တင်ယာဉ်သည် နိုင်ငံတကာအာကာသစခန်းအတွက် စားနပ်ရိက္ခာနှင့် သိပ္ပံစမ်းသပ်ပစ္စည်းပေါင်း ၁၂၀၀၀ ခန့် သယ်ဆောင်သွားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## ကိုယ်အလေးချိန်လျှော့ချရေးဆေးများက နှလုံးရုတ်တရက်ဖောက်ပြီးနောက်ပေါ်ထွက်လာနိုင်သော ကျန်းမာရေးပြဿနာများကို တားဆီးပေးနိုင်

**လန်ဒန် မတ် ၅**

ကိုယ်အလေးချိန်လျှော့ချရေးဆေးများသည် နှလုံးရုတ်တရက်ဖောက်ပြီးနောက် ပေါ်ထွက်လာနိုင်သော နောက်ဆက်တွဲကျန်းမာရေးပြဿနာများကို တားဆီးပေးနိုင်ကြောင်း သုတေသနပညာရှင်များက မတ် ၄ ရက်တွင် ပြောကြားသည်။

ဗြိတိန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ Ozempic နှင့် Wegovy ကဲ့သို့ ကိုယ်အလေးလျှော့ချရေးဆေးများသည် နှလုံးရုတ်တရက်ဖောက်ပြီးနောက် တစ်ရှူးများပျက်စီးနိုင်ခြေကို လျှော့ချပေးနိုင်ကြောင်း သိရသည်။

ဗြိတိန်နိုင်ငံ ဘရစ္စတိုးတက္ကသိုလ်မှ သုတေသနပညာရှင်များသည် ကိုယ်အလေးချိန်လျှော့ချရေးဆေးများဖြင့် နှလုံးရုတ်တရက်ဖောက်ပြီးနောက် တစ်ရှူးများပျက်စီးနိုင်ခြေကို လျှော့ချနိုင်စွမ်းရှိ၊ မရှိ ဖော်ထုတ်ရေးအတွက် ကြွက်များဖြင့် လက်တွေ့စမ်းသပ်မှုပြုလုပ်ခဲ့ကြသည်။

လေ့လာချက်မှပေါ်ထွက်လာသည့် ရလဒ်များအရ ကိုယ်အလေးချိန်လျှော့ချရေး ဆေးများသည် နှလုံးရုတ်တရက်ဖောက်ပြီးနောက်ပိုင်း နှလုံးတစ်ရှူးများပျက်စီးနိုင်ခြေကို လျှော့ချပေးနိုင်ကြောင်း၊ သို့ရာတွင် အထက်ပါရလဒ်ကို အတည်ပြုနိုင်ရေးအတွက် သုတေသန ပညာရှင်များအနေဖြင့် လူသားလူနာများဖြင့် လက်တွေ့စမ်းသပ်ရန်လိုအပ်ဆဲဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO




## တရုတ်သိပ္ပံအဖွဲ့အစည်းများက ကမ္ဘာပတ်လမ်းအမြင့်ပိုင်းတွင်ရှိသည့် ဂြိုဟ်တုတစ်စင်းနှင့် မြေပြင်ကြားလေဆာဆက်သွယ်ရေးစနစ်စမ်းသပ်မှုကို အောင်မြင်စွာပြုလုပ်နိုင်ခဲ့

**ပေကျင်း မတ် ၅**

တရုတ်သိပ္ပံအဖွဲ့အစည်းများသည် ကမ္ဘာပတ်လမ်းအမြင့်ပိုင်းတွင်ရှိသည့် ဂြိုဟ်တုတစ်စင်းနှင့် မြေပြင်ကြား လေဆာဆက်သွယ်ရေးစနစ်စမ်းသပ်မှုကို အောင်မြင်စွာပြုလုပ်နိုင်ခဲ့ကြောင်း မတ် ၄ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ထိုသို့စမ်းသပ်ရာတွင် တရုတ်သိပ္ပံပညာရှင်များသည် တစ်စက္ကန့်လျှင် သတင်းအချက်အလက်ပမာဏ တစ်ဂစ်ဂါဘိုက်ကို အကွာအဝေး ကီလိုမီတာ ၄၀၀၀ ဖြတ်သန်း၍ လေဆာဆက်သွယ်ရေးစနစ်ဖြင့် အပြန်အလှန်ပေးပို့နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ လေဆာဆက်သွယ်ရေးစနစ်ကို စမ်းသပ်ရေးအတွက် တရုတ် သိပ္ပံပညာရှင်များသည် ကမ္ဘာမြေပြင်အထက် အမြင့်ကီလိုမီတာ ၄၀၇၄၀ အကွာတွင်နေရာယူထားသော ဂြိုဟ်တုတစ်စင်းနှင့် ယူနန်ပြည်နယ်ရှိ မြေပြင်စခန်းတစ်ခုတို့ကို အသုံးပြုခဲ့ကြောင်း သိရသည်။

အထက်ပါလေဆာဆက်သွယ်ရေးစနစ်စမ်းသပ်မှုကို တရုတ်သိပ္ပံအကယ်ဒမီ၊ ပေကျင်းတက္ကသိုလ်နှင့် တရုတ်အာကာသနည်းပညာအကယ်ဒမီတို့ ပူးပေါင်းပြုလုပ်ခဲ့ခြင်းဖြစ်သည်။

စမ်းသပ်မှုလုပ်ငန်းစဉ်အတွင်း တရုတ် သိပ္ပံပညာရှင်များသည် တစ်စက္ကန့်လျှင် သတင်းအချက်အလက်ပမာဏ တစ်ဂစ်ဂါဘိုက် အပြန်အလှန်ပေးပို့နိုင်သည့် လေဆာဆက်သွယ်ရေးလမ်းကြောင်းကို သုံးနာရီကြာ ဖွင့်ပေးထားနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါစမ်းသပ်မှုသည် အင်္ဂါဂြိုဟ်နှင့် ကမ္ဘာဂြိုဟ်တို့ကြား မြန်နှုန်းမြင့် ဆက်သွယ်ရေးစနစ်ထားရှိနိုင်ရေးအတွက် လမ်းဖွင့်ပေးနိုင်ကြောင်း တရုတ်သိပ္ပံပညာရှင်များက ပြောကြားသည်။

Ref : Xinhua News

Trs : KKO

## နိုင်ငံတကာ အားကစားသတင်းများ

# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၂၀)တွင် ရတနာပုံအက်ဖ်စီအသင်းက ရောဝတီယူနိုက်တက်အသင်းကို အနိုင်ရ



**ရန်ကုန် မတ် ၅**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၂၀) အဖြစ် ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ သီဟဒီပအားကစားကွင်းတွင် ရတနာပုံအက်ဖ်စီအသင်းနှင့် ရောဝတီယူနိုက်တက်အသင်းတို့ကစားခဲ့ရာ ရတနာပုံအက်ဖ်စီအသင်းက နှစ်ဂိုး တစ်ဂိုးဖြင့်အနိုင် ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် နှစ်သင်းလုံး ခြေစွမ်းပိုင်းကွာခြားမှုမရှိဘဲ အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ပြီး ပွဲချိန် ၃၇ မိနစ်တွင် ဟိန်းထက်အောင်က ရောဝတီယူနိုက်တက် အသင်းအတွက် ဦးဆောင်ဂိုး သွင်းယူခဲ့သော်လည်း ပွဲချိန် ၄၂ မိနစ်တွင် လူမင်းချစ်က ရတနာပုံအက်ဖ်စီအသင်းအတွက် ချေပဂိုး သွင်းယူခဲ့သည့်အတွက် ပထမပိုင်းအပြီးတွင် တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်း ပြန်လည်စတင်ချိန်တွင် ရတနာပုံအက်ဖ်စီအသင်းက ထိရောက်သည့် တိုက်စစ်ဆင်မှုများဖြင့် ပိုမိုဖိအားပေးကစားနိုင်ခဲ့ကာ ပွဲချိန် ၆၁ မိနစ်တွင် ကာလက်က ရတနာပုံအက်ဖ်စီအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့ပြီး လက်ကျန်ပွဲချိန်များတွင် နှစ်သင်းလုံးဂိုးသွင်းယူနိုင်ခြင်း မရှိသည့်အတွက် ရတနာပုံအက်ဖ်စီအသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ကာ အဆိုပါပွဲစဉ်အတွက် အကောင်းဆုံး ကစားသမားဆုကို ရတနာပုံအက်ဖ်စီအသင်းနှင့်အတူ အကောင်းဆုံး လက်စွမ်းပြသခဲ့သည့် ဂိုးသမားအာကာလင်းမြတ်က ဆွတ်ခူးခဲ့သည်။

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ်(၂၀)အဖြစ် မတ် ၆ရက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ဒဂုံပေ့ါအသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းတို့ ဆက်လက်ကစားမည်ဖြစ်ကြောင်း သိရသည်။

STA

# စီရော်နယ်ဒို တံကောက်ကြောဒဏ်ရာကြောင့် ရက်သတ္တလေးပတ်ခန့် အနားယူရမည်ဟု အယ်လ်နာဆာအသင်း အတည်ပြု

**ရီယာ့ဒ် မတ် ၅**

အယ်လ်နာဆာ အသင်းက အသင်းမှ တိုက်စစ်မှူး စီရော်နယ်ဒိုသည် တံကောက်ကြောဒဏ်ရာကြောင့် ရက်သတ္တလေးပတ်ခန့် အနားယူရမည်ဟု အတည်ပြုကြေညာခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

စီရော်နယ်ဒိုသည် ပြီးခဲ့သည့် အယ်လ်နာဆာ အသင်းနှင့် အယ်လ်ဖေဟာအသင်းတို့ကစားခဲ့သည့် ဆော်ဒီပရိုလိဂ်ပွဲစဉ်တွင် ပွဲချိန် ၈၁ မိနစ်၌ တံကောက်ကြောဒဏ်ရာရရှိခဲ့ပြီးနောက် လူစားလဲထွက်ခွာခဲ့ရခြင်းဖြစ်သည်။

ထို့နောက် စီရော်နယ်ဒို၏ တံကောက်ကြော ဒဏ်ရာနှင့်ပတ်သက်ပြီး အသေးစိတ်စစ်ဆေးမှုများ လုပ်ဆောင်ခဲ့ပြီးနောက် ဒဏ်ရာမှာ ပြင်းထန်မှုမရှိသော်လည်း ကြံ့ခိုင်မှုပြန်လည်ပြည့်ဝရန် အနည်းဆုံး ရက်သတ္တ လေးပတ်ခန့်အနားယူရမည်ဖြစ်သည်။

စီရော်နယ်ဒိုသည် ယခုနှစ်ဘောလုံးရာသီတွင်အယ်လ်နာဆာအသင်းနှင့်အတူ ဆော်ဒီပရိုလိဂ်ပြိုင်ပွဲ ၂၂ ပွဲတွင် သွင်းဂိုး ၂၁ ဂိုး သွင်းယူထားပြီး အယ်လ်နာဆာအသင်းသည်လည်း ဆော်ဒီပရိုလိဂ်ပြိုင်ပွဲ ၂၄ ပွဲ ကစားပြီးချိန်တွင် ရမှတ် ၆၁ မှတ်ဖြင့် အမှတ်ပေးဇယားထိပ်ဆုံးမှ ဦးဆောင်နေကြောင်း သိရသည်။

Ref : Fotmob

Trs : STA



# ဘီလ်ဘာအိုအသင်းနှင့်ပွဲစဉ်တွင် ကစားသမားနှစ်ဦး ပါဝင်နိုင်မည်မဟုတ်ကြောင်း ဘာစီလိုနာအသင်းထုတ်ပြန်

**ဘာစီလိုနာ မတ် ၅**

စပိန်လာလီဂါ အမှတ်ပေးဇယားကိုဦးဆောင်နေသည့် ဘာစီလိုနာအသင်းသည် ပွဲစဉ် (၂၇) အဖြစ် ဘီလ်ဘာအိုအသင်းနှင့် ကစားရမည့်ပွဲစဉ်တွင် အသင်းခံစစ်ပိုင်းမှ ဘယ်ဒီနှင့် ခွန်ဒီတို့ကို ဒဏ်ရာကြောင့် ထည့်သွင်းအသုံးပြုနိုင်မည် မဟုတ်ကြောင်း အတည်ပြု ထုတ်ပြန်ခဲ့သည်ဟု GFFN သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ခံစစ်ကစားသမား ဘယ်ဒီနှင့် ခွန်ဒီတို့သည် ပြီးခဲ့သည့် မတ် ၄ ရက်က အေတီကိုအသင်းကို ဘာစီလိုနာအသင်းက သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်တွင် ၎င်းတို့နှစ်ဦးလုံး ဒဏ်ရာပြဿနာဖြင့် ကြုံတွေ့ခဲ့သည်။

ခွန်ဒီသည် အေတီကိုအသင်းနှင့်ပွဲစဉ်တွင် ပွဲထွက်လူစာရင်း၌ ပါဝင်ခဲ့ရာ ပွဲချိန် ၁၃ မိနစ်တွင် တံကောက်ကြောဒဏ်ရာ ရရှိခဲ့သောကြောင့် အသင်းဖော်ကစားသမား ဘယ်ဒီနှင့် လူစားလဲခဲ့ရပြီး ၎င်းနေရာတွင် လူစားဝင်လာသည့် ဘယ်ဒီအနေဖြင့် ခြေစွမ်းပြသခဲ့သော်လည်း ပွဲချိန် ၇၁ မိနစ်တွင် တံကောက်ကြောဒဏ်ရာရရှိခဲ့သောကြောင့် ထပ်မံထွက်ခွာခဲ့ရသည်။

ထို့နောက် အဆိုပါကစားသမားနှစ်ဦးကို အသင်းဆေးအဖွဲ့ကလိုအပ်သည့် စစ်ဆေးမှုများ ပြုလုပ်ခဲ့ရာ ဒဏ်ရာပြင်းထန်မှုမရှိသော်လည်း ရက်အနည်းငယ် အနားယူရမည် ဖြစ်သောကြောင့် လာမည့် ဘီလ်ဘာအိုအသင်းနှင့် ပွဲစဉ်တွင် ပါဝင်ကစားနိုင်မည် မဟုတ်ဟု အသင်းအနေဖြင့် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

Ref : GFFN

Trs : ML

# မန်ယူအသင်းမှ မက်ဂွိုင်းယားကို ဂရိတရားရုံးက ရဲတပ်ဖွဲ့ဝင်များကို ကိုယ်ထိလက်ရောက်ကျူးလွန်ခဲ့သည့်အတွက် ဆိုင်းငံ့ ၁၅ လထောင်ဒဏ်ပြစ်ဒဏ် ချမှတ်

**မန်ချက်စတာ မတ် ၅**

မက်ဂွိုင်းယားသည် ၂၀၂၀ ပြည့်နှစ်က ၎င်း၏မိသားစုဝင်များနှင့်အတူ ဂရိနိုင်ငံသို့ အလည်ခရီးသွားရောက်စဉ် ခိုက်ရန်ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ရဲတပ်ဖွဲ့ဝင်များကိုပါ ကိုယ်ထိလက်ရောက် ကျူးလွန်ခဲ့သည့်အတွက် ဂရိတရားရုံးက ဆိုင်းငံ့ ၁၅ လ ထောင်ဒဏ်ပြစ်ဒဏ် ချမှတ်ခဲ့ကြောင်း Goal.com သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါဖြစ်ရပ်နှင့် ပတ်သက်ပြီး ဂရိတရားရုံးက ခြောက်နှစ်ကြာ စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်ခဲ့ပြီးနောက် မက်ဂွိုင်းယားကို ဆိုင်းငံ့ ၁၅ လထောင်ဒဏ် ချမှတ်ခဲ့ကာ အယူခံတင်သွင်းရန်အတွက်လည်း အခွင့်အရေးပေးခဲ့ခြင်းဖြစ်သည်။

ထို့နောက် မက်ဂွိုင်းယား၏ ရှေ့နေများက ကစားသမား၏ မိသားစုဝင်များကို အယ်လ်ဘေးနီးယား လူမျိုးနှစ်ဦးက ကိုယ်ထိလက်ရောက် ကျူးလွန်ခဲ့သည့်အတွက် ခိုက်ရန်ဖြစ်ပွားမှုများဖြစ်ခဲ့ခြင်းဖြစ်သည်ဟု လျှောက်လဲထားပြီး လက်ရှိတွင် အယူခံဝင်ရောက်ရန် မက်ဂွိုင်းယား၏ရှေ့နေအဖွဲ့က ဂရိနိုင်ငံသို့သွားရောက်ပြီး အယူခံ ဝင်ရောက်သွားမည်ဖြစ်သည်။

အလားတူ မက်ဂွိုင်းယားကိုယ်တိုင်ကလည်း ၎င်း၏မိသားစုဝင်များကိုကာကွယ်ရန် ခိုက်ရန်ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ရဲတပ်ဖွဲ့ဝင်များကိုလည်း ကိုယ်ထိရောက်ကျူးလွန်ခဲ့ခြင်းဖြစ်သည်ဟု ပြောကြားထားကြောင်း သိရသည်။

Ref : Goal.com

Trs : AZL

# Indian Wells Masters တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်ကို ကာဇက်စတန်တင်းနစ်မယ် ပူတင်ဆီဗာတက်လှမ်း


**ကယ်လီဖိုးနီးယား မတ် ၅**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တွင် ကျင်းပနေသည့် Indian Wells Masters တင်းနစ်ပြိုင်ပွဲ ပထမအဆင့်တွင် ကာဇက်စတန် တင်းနစ်မယ် ပူတင်ဆီဗာနှင့် စပိန်တင်းနစ်မယ် ဘာဒိုဆာတို့ ယှဉ်ပြိုင်ခဲ့ရာ ပူတင်ဆီဗာက (၆-၄ ၊ ၆-၂) ရလဒ်ဖြင့် အနိုင်ရပြီး ဒုတိယအဆင့်သို့တက်လှမ်းခဲ့ကြောင်း Deadspin သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဘာဒိုဆာက ပူတင်ဆီဗာကို အနိုင်ရမည်ဟု ရေပန်းစားနေခဲ့သော်လည်း နှစ်ပွဲပြတ်ရလဒ်ဖြင့် ရှုံးနိမ့်ခဲ့ပြီး ပူတင်ဆီဗာအနေဖြင့် ကစားသမားဘဝ သက်တမ်း တစ်လျှောက် ဘာဒိုဆာနှင့် ခြောက်ကြိမ်ထိ ကစားခဲ့ဖူးကာ ယခုတစ်ကြိမ်သည် ပူတင်ဆီဗာအတွက် ဒုတိယအကြိမ်အနိုင်ရခဲ့ခြင်းဖြစ်သည်။

ဘာဒိုဆာနှင့် တွေ့ဆုံတိုင်း ရလဒ်မကောင်းသည့် ပူတင်ဆီဗာအတွက် ရလဒ်ကောင်းရယူနိုင်ခဲ့ခြင်းဖြစ်ပြီး ဘာဒိုဆာကို ပထမအကြိမ် အနိုင်ရခဲ့စဉ်ကလည်း ဘာဒိုဆာသည် ယှဉ်ပြိုင်ကစားနေစဉ် ဒဏ်ရာရခဲ့သည့်အတွက် ပူတင်ဆီဗာက အနိုင်ရခဲ့ခြင်းဖြစ်သည်။

ပူတင်ဆီဗာက "ပထမအဆင့်မှာတင် ဘာဒိုဆာနဲ့တွေ့ဆုံရမှာဆိုတော့ စိတ်လှုပ်ရှားမိခဲ့တယ်။ ခက်ခဲတဲ့ ပွဲစဉ်တစ်ပွဲဖြစ်လာလိမ့်မယ်လို့ ကြိုတင်တွေးထားပြီးသားပါ။ ဘာဒိုဆာနဲ့က အကြိမ်ကြိမ် ယှဉ်ပြိုင်ခဲ့ဖူးပြီး ကျွန်မအနေနဲ့ ရလဒ်ကောင်း ရလေ့မရှိပါဘူး။ ဒါပေမဲ့ ဒီတစ်ကြိမ်မှာတော့ ကျွန်မအနေနဲ့ ပုံစံကောင်းနဲ့ကစားနိုင်



ခဲ့သလို ရလဒ်ကောင်းကိုလဲရယူနိုင်ခဲ့ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Deadspin

Trs : AZL

# ကိုပါဒယ်ရေးဖလား ဆီမီးဖိုင်နယ်အဆင့်တွင် ဘီလ်ဘာအိုအသင်းကို အနိုင်ရခဲ့သည့် ဆိုစီဒက်အသင်း ဖိုင်လုပွဲအဆင့်သို့တက်ရောက်



မက်ဒရစ် မတ် ၅

ကိုပါဒယ်ရေးဖလား ဆီမီးဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်အဖြစ် ဆိုစီဒက်အသင်းနှင့် ဘီလ်ဘာအိုအသင်းတို့ ကစားခဲ့ရာ ဆိုစီဒက်အသင်းက တစ်ဂိုးဂိုးမရှိဖြင့်အနိုင်ရခဲ့သည့်အတွက် နှစ်ကျော့ပေါင်းရလဒ် နှစ်ဂိုးဂိုးမရှိဖြင့် ကိုပါဒယ်ရေးဖလား ဖိုင်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ကြောင်း Fotmob သတင်း ဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပြိုင်ပွဲ ပထမအကျော့ပွဲစဉ်တွင် ဆိုစီဒက်အသင်းက အဝေးကွင်းတွင် သွားရောက်ကစားခဲ့ရသော်လည်း အိမ်ရှင် ဘီလ်ဘာအိုအသင်းကို ဘောလုံးပိုင်ဆိုင်မှုအသာ၊ ထိရောက်သည့် ဂိုးပေါက် ကန်သွင်းခွင့်အသာတို့ဖြင့် ကစားခဲ့ရာ တစ်ဂိုးဂိုးမရှိဖြင့် နိုင်ပွဲရခဲ့သည်။

ဖိုင်လုပွဲအဆင့်တွင် ဆိုစီဒက်အသင်းသည် အခြားဆီမီးဖိုင်နယ်အဆင့်၌ ဘာစီလိုနာအသင်းကို နှစ်ကျော့ပေါင်းရလဒ် လေးဂိုး သုံးဂိုးဖြင့် အနိုင်ရခဲ့သည့် အေတီကိုအသင်းနှင့် တွေ့ဆုံမည်ဖြစ်သည်။

ဆိုစီဒက်အသင်းသည် ၂၀၁၉-၂၀၂၀ ပြည့်နှစ်ဘောလုံးရာသီကတည်းက ကိုပါဒယ်ရေးဖလား ဖိုင်လုပွဲအဆင့်သို့ နောက်ဆုံးအကြိမ်တက်ရောက်၍ ဆုဖလားကိုဆွတ်ခူးခဲ့ဖူးပြီး ငါးနှစ်အကြာမှ ထပ်မံ၍ ဖိုင်လုပွဲပြန်လည်တက်ရောက်နိုင်ခဲ့ကာ အဆိုပါပွဲစဉ်ကို လာမည့် ဧပြီ ၁၉ ရက်၌ ဆီဗီလာမြို့တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

Ref : Fotmob

Trs : ML

# ရီးရဲလ်မက်ဒရစ်အသင်းက ဒေါ့မွန်အသင်းမှ ရှလိုတာဘက်ကိုခေါ်ယူရန် ကင်းထောက်အဖွဲ့စေလွှတ်ထား

မက်ဒရစ် မတ် ၅

ရီးရဲလ်မက်ဒရစ် အသင်းက လာမည့် နွေရာသီကစားသမားအပြောင်းအရွှေ့ ကာလတွင် ဒေါ့မွန်အသင်းမှ ခံစစ်ကစားသမား ရှလိုတာဘက်ကိုခေါ်ယူရန်အတွက် ကင်းထောက်အဖွဲ့ စေလွှတ်ထားကြောင်း One Football သတင်း ဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၆ နှစ်ရှိ ရှလိုတာဘက်သည် ၂၀၂၂ ခုနှစ်က ဖရိုင်းဘတ်အသင်းမှ ဒေါ့မွန်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး ယခုနှစ်ဘောလုံးရာသီတွင် ဖရိုင်းဘတ်အသင်းနှင့်အတူ အကောင်းဆုံး ခြေစွမ်းပြသလျက်ရှိနေသည့်အတွက် ရီးရဲလ်မက်ဒရစ်အသင်းက လာမည့်နွေရာသီကစားသမား အပြောင်းအရွှေ့ကာလတွင် ခေါ်ယူရန် ကင်းထောက်အဖွဲ့စေလွှတ်ထားပြီး ဒေါ့မွန်အသင်းပွဲစဉ်များကို စောင့်ကြည့်နေခြင်းဖြစ်သည်။

ရီးရဲလ်မက်ဒရစ်အသင်းသည် ယခုနှစ်ဘောလုံးရာသီကုန်ဆုံးချိန်တွင် အသင်းမှခံစစ်ကစားသမား အများစုအနေဖြင့် အနာဂတ်မရေမရာဖြစ်နေသည့်အတွက် အသင်းခံစစ်ပိုင်းကို အင်အားဖြည့်တင်းရန် ကြိုးပမ်းနေသဖြင့် ရှလိုတာဘက်ကို ခေါ်ယူအင်အားဖြည့်ရန် ပြင်ဆင်နေခြင်းဖြစ်သည်။

ရှလိုတာဘက်သည် ယခုနှစ်ဘောလုံးရာသီတွင် ဒေါ့မွန်အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၂၇ ပွဲ ကစားထားပြီး သွင်းဂိုးလေးဂိုး သွင်းယူထားခဲ့ကာ ဂိုးဖန်တီးမှု တစ်ကြိမ် ပြုလုပ်ထားကြောင်း သိရသည်။

Ref : One Football

Trs : STA

# Ryder Cup ဂေါက်သီးရိုက်ပြိုင်ပွဲဝင်မည့် ဥရောပအသင်းကို လုခ်ဒေါ်နယ်က အသင်းခေါင်းဆောင်အဖြစ် ဆက်လက်တာဝန်ယူမည်

လန်ဒန် မတ် ၅

ဥရောပအသင်းနှင့် အမေရိကန်အသင်းတို့၏ ပြိုင်ဆိုင်မှုပြင်းထန်သည့် Ryder Cup ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဥရောပအသင်း၏ အသင်းခေါင်းဆောင်အဖြစ် အင်္ဂလန်ဂေါက်သီးရိုက် ကစားသမား လုခ်ဒေါ်နယ်ကသာ ဆက်လက် တာဝန်ယူမည်ဖြစ်ကြောင်း ဥရောပဂေါက်သီးရိုက် အဖွဲ့ချုပ်က ထုတ်ပြန်ကြေညာခဲ့သည်ဟု TSN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။



လုခ်ဒေါ်နယ်သည် ဥရောပအသင်းကို နှစ်ကြိမ်ဆက်ချန်ပီယံဖြစ်အောင် ဦးဆောင်နိုင်ခဲ့သူဖြစ်ပြီး ဥရောပအသင်းအတွက် အအောင်မြင်ဆုံးသော အသင်းခေါင်းဆောင်အဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ဥရောပအသင်းသည် အမေရိကန်မြေတွင် ကျင်းပသည့် နှစ်များတွင် အောင်မြင်မှုရရှိရန် ရုန်းကန်ရလေ့ရှိပြီး ၂၀၂၅ ခုနှစ် Ryder Cup တွင် အမေရိကန်မြေ၌ ဥရောပအသင်းကို အောင်မြင်မှုရရှိအောင်စွမ်းဆောင်ပေးနိုင်ခဲ့သည်။

ယခုတစ်ကြိမ်တွင် Ryder Cup ကို ဥရောပတိုက်တွင်ကျင်းပမည်ဖြစ်ပြီး ဥရောပတိုက်တွင် ကျင်းပသည့်ပြိုင်ပွဲများ၌ ဥရောပအသင်းက အနိုင်ရလေ့ရှိကြောင်း မှတ်တမ်းများအရ သိရသည်။

လုခ်ဒေါ်နယ်က "Ryder Cup ဆုဖလားကို နှစ်ကြိမ်ဆက်တိုက် ရရှိအောင် စွမ်းဆောင်နိုင်ခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်။ ဒီမှတ်တမ်းဟာ ကျွန်တော့်ဘဝအတွက် အရေးပါသလို ကျွန်တော့်မိသားစုအတွက်လဲ သိပ်ကိုအရေးပါတဲ့ အောင်မြင်မှုဖြစ်ပါတယ်။ လာမဲ့ Ryder Cup ဂေါက်သီးရိုက်ပြိုင်ပွဲမှာလဲ ကျွန်တော့်အနေနဲ့ အသင်းခေါင်းဆောင်အဖြစ် ဆက်လက်တာဝန်ယူသွားမှာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : TSN

Trs : AZL

## ဂျာမန်ဘွန်ဒက်စ်လီဂါပြိုင်ပွဲ ပွဲစဉ်(၂၅)

### ပွဲကြိုသုံးသပ်ချက်

**လိုက်ပ်ဇစ် Vs အော့စ်ဘတ်**

ကစားမည့်ရက်/အချိန် ၇-၃-၂၀၂၆ (ည ၀၉:၀၀ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

အော့စ်ဘတ် ၀ - ၆ လိုက်ပ်ဇစ်

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

လိုက်ပ်ဇစ် - အိမ်(သရေ) အိမ်(သရေ) ဝေး(နိုင်)

အော့စ်ဘတ် - အိမ်(နိုင်) ဝေး(နိုင်) အိမ်(နိုင်)

ချန်ပီယံလိဂ်ဝင်ခွင့်အတွက် ရမှတ်လိုအပ်ချက်ရှိနေတဲ့ လိုက်ပ်ဇစ်အသင်းဟာ အိမ်ကွင်းမှာ ရမှတ်ပြည့်ရရှိဖို့အတွက် အမှားခံမှာမဟုတ်ပါဘူး။ အော့စ်ဘတ်အသင်းကလဲ သုံးပွဲဆက်အနိုင်ရရှိထားတယ်ဆိုပေမဲ့ အဝေးကွင်းခြေစွမ်းပိုင်းက စိတ်ချလို့မရပါဘူး။ ဒါကြောင့် အိမ်ရှင်အားသာချက်နဲ့ ဖိအားပေးလာမဲ့ လိုက်ပ်ဇစ်အသင်းပဲအနိုင်ရယူမှာပါ။

ခန့်မှန်းရလဒ်- လိုက်ပ်ဇစ် ၂ - ၁ အော့စ်ဘတ်

## စပိန်လာလီဂါပွဲစဉ်(၂၇)

### ပွဲကြိုသုံးသပ်ချက်

**အေတီကို Vs ဆိုစီဒက်**

ကစားမည့်ရက်/အချိန် ၈-၃-၂၀၂၆ (ည ၀၀:၀၀ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

ဆိုစီဒက် ၁ - ၁ အေတီကို

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

အေတီကို - အိမ်(နိုင်) ဝေး(နိုင်) ဝေး(ရှုံး)

ဆိုစီဒက် - ဝေး(သရေ) ဝေး(နိုင်) အိမ်(နိုင်)

အိမ်ကွင်းဆိုရင် ကစားပုံမာကျောမှုရှိတဲ့ အေတီကိုအသင်းဟာ ဆိုစီဒက်အသင်းကို ခြေစွမ်းပိုင်းအသာနဲ့ ဖိအားပေးကစားနိုင်မှာပါ။ ဆိုစီဒက်အသင်းကလဲ နောက်ဆုံးကစားခဲ့တဲ့ပွဲစဉ်မှာနိုင်ပွဲရရှိထားတယ်ဆိုပေမဲ့ ခြေစွမ်းပိုင်းက တည်ငြိမ်မှုမရှိပါဘူး။ ဒါကြောင့် အခုပွဲစဉ်မှာ အိမ်ကွင်းကစားပုံကောင်းမွန်တဲ့ အေတီကိုအသင်းကိုပဲ အားပေးရမှာပါ။

ခန့်မှန်းရလဒ်- အေတီကို ၃ - ၁ ဆိုစီဒက်

## အက်ဖ်အေဖလားပြိုင်ပွဲ ပဥ္စမအဆင့်

### ပွဲကြိုသုံးသပ်ချက်

**နယူးကာဆယ် Vs မန်စီးတီး**

ကစားမည့်ရက်/အချိန် ၈-၃-၂၀၂၆ (နံနက် ၀၂:၃၀ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

မန်စီးတီး ၂ - ၁ နယူးကာဆယ်

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

မန်စီးတီး - အိမ်(နိုင်) အိမ်(ရှုံး) အိမ်(နိုင်)

နယူးကာဆယ် - အိမ်(နိုင်) ဝေး(နိုင်) အိမ်(သရေ)

ဒီရာသီမှာခြေစွမ်းပိုင်းမတည်မငြိမ်ဖြစ်နေတဲ့ နယူးကာဆယ်အသင်းအတွက် အခုပွဲစဉ်မှာအိမ်ရှင်အားသာချက်တစ်ခုတည်းနဲ့ မန်စီးတီးအသင်းကိုရင်ဆိုင်ရမှာပါ။ မန်စီးတီးအသင်းကတော့ ခြေစွမ်းပိုင်းအသာနဲ့ အခုပွဲစဉ်မှာလဲ နယူးကာဆယ်အသင်းကိုဖိအားပေးကစားနိုင်မှာပါ။ ဒါကြောင့် ခြေစွမ်းပိုင်းသာတဲ့ မန်စီးတီးအသင်းပဲ အနိုင်ရမှာပါ။

ခန့်မှန်းရလဒ်- နယူးကာဆယ် ၁ - ၂ မန်စီးတီး

## အီတလီစီးရီးအေပြိုင်ပွဲ ပွဲစဉ်(၂၈)

### ပွဲကြိုသုံးသပ်ချက်

**အတ္တလန်တာ Vs အူဒီးနိစ်**

ကစားမည့်ရက်/အချိန် ၇-၃-၂၀၂၆ (ည ၁၁:၃၀ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

အူဒီးနိစ် ၁ - ၀ အတ္တလန်တာ

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

အတ္တလန်တာ - အိမ်(နိုင်) ဝေး(ရှုံး) ဝေး(သရေ)

အူဒီးနိစ် - အိမ်(ရှုံး) ဝေး(ရှုံး) အိမ်(နိုင်)

ဥရောပဝင်ခွင့်တစ်နေရာအတွက် မျှော်လင့်ချက်ရှိနေတဲ့ အတ္တလန်တာအသင်းဟာ အိမ်ကွင်းမှာနိုင်ပွဲရရှိဖို့ အမှားခံမှာမဟုတ်ပါဘူး။ နောက်ဆုံးအဝေးကွင်း နှစ်ပွဲဆက်ရှုံးနိမ့်ထားတဲ့ အူဒီးနိစ်အသင်းရဲ့ ခြေစွမ်းပိုင်းကလဲ ဆိုးရွားနေပါတယ်။ ဒါကြောင့် အခုပွဲစဉ်မှာ အိမ်ကွင်းအားသာချက်ရှိတဲ့ အတ္တလန်တာ အသင်းပဲ အနိုင်ရယူသွားမှာပါ။

ခန့်မှန်းရလဒ်- အတ္တလန်တာ ၂ - ၀ အူဒီးနိစ်

ခရီးသွားဆောင်းပါး

# တည်တည်ငြိမ်ငြိမ် မြို့ပုသိမ် ရှေ့ခရီးဆက် လမ်းတစ်ဝက်

သက်နိုင်(ပြင်ဦးလွင်)

ဒီတစ်ခေါက်သွားခဲ့တဲ့ခရီးစဉ်က ဧရာဝတီတိုင်းဒေသကြီးအတွင်းက မော်တင်စွန်း၊ ဂေါ်ရန်ဂျီကျွန်း၊ ဟိုင်းကြီးကျွန်းနဲ့ ပုသိမ်မြစ်ခေါ် ငဝန်မြစ်တစ်ဖက်ကမ်းက ထိပ်စွန်းဒေသတွေဖြစ်ပါတယ်။ ခရီးထွက်ဖို့အတွက် စတင်စဉ်းစားစီစဉ်ထားတုန်းက ဒီခရီးစဉ်မဟုတ်ဘဲ ကရင်ပြည်နယ်နဲ့ မွန်ပြည်နယ်တွေအတွင်းက ဒေသတွေဖြစ်ပါတယ်။ ဒါပေမဲ့ စီစဉ်ထားတဲ့အတိုင်းဖြစ်မလာခဲ့ဘဲ ခရီးစဉ်ပြောင်း၊ လိုက်ပါကြမဲ့လူတွေပြောင်းနဲ့ ခရီးစဉ်အသစ်ဖြစ်ပေါ်လာခဲ့ရတယ်။ မော်တင်စွန်း၊ ဂေါ်ရန်ဂျီကျွန်း၊ ဟိုင်းကြီးကျွန်းနဲ့ ထိပ်စွန်း စတဲ့နေရာဒေသတွေကို ပြီးခဲ့တဲ့ ခုနစ်နှစ်ကျော်ကာလတွေက မိမိအနေနဲ့ ရောက်ရှိလည်ပတ်ဖူးခဲ့ပြီး အခု မိမိနဲ့အတူ လိုက်ပါလည်ပတ်ကြမဲ့ မောင်နှမတွေက ရောက်ဖူးခြင်းမရှိသေးပါဘူး။ ဒါကြောင့်လဲ ကရင်ပြည်နယ်နဲ့ မွန်ပြည်နယ်ခရီးစဉ်ကနေ ဒီခရီးစဉ်ကို ပြောင်းလဲသွားခဲ့ရတယ်။

ခရီးစတင်ထွက်ခွာကြမဲ့ရက်က ဖေဖော်ဝါရီ ၁၂ ရက်ကစတင်ပြီး ကျောင်းပိတ်ရက်၊ ရုံးပိတ်ရက် ရက်ရှည်ကာလတွေဖြစ်ပါတယ်။ ဒါကြောင့် ဖေဖော်ဝါရီ ၁၂ ရက် ပြည်ထောင်စုနေ့ မနက်စောစောကတည်းက ပြင်ဦးလွင်မြို့ကနေ ထွက်ခွာလာခဲ့ကြတယ်။ ခရီးအစီအစဉ်အရ ရန်ကုန်မြို့မှာ ညအိပ်ရပ်နားကြမှာပါ။ လမ်းခရီးတစ်လျှောက်လုံးမှာတော့ ကျောင်းပိတ်ရက်၊ ရုံးပိတ်ရက်ဖြစ်တဲ့အတိုင်း ခရီးသွားတွေအလွန်များပြားနေတာကို တွေ့မြင်နေရတယ်။ ပြင်ဦးလွင်မြို့နဲ့ ရန်ကုန်မြို့က တစ်နေ့ခရီးသာမောင်းနှင်ရတာကြောင့် ညနေစောင်းအချိန်မှာ မိမိတို့မောင်နှမတွေ တည်းခိုနေကျ ဝါးတန်းလမ်းက ဝါးတန်းဟိုတယ်ကို ရောက်လာကြတယ်။ ရောက်ရောက်ချင်း ဟိုတယ်မှာ အခန်းယူ၊ ရေချိုးအဝတ်အစားလဲပြီးကြတာနဲ့ အနော်ရထာလမ်းမှာ ဖွင့်လှစ်ရောင်းချနေတဲ့ ညဈေးတန်းက ထမင်းဆိုင်တွေမှာ ကောင်းနိုးရာရာရွေးချယ်ရင်း ညစာထမင်းကို စားသောက်လိုက်ကြတယ်။

ထမင်းစားပြီးကြတာနဲ့ အနော်ရထာလမ်းမှာ လမ်းလျှောက်ကြတဲ့အခါ ရောင်စုံမီးတွေနဲ့ လှလှပပဖြစ်နေတဲ့ ရန်ကုန်-ဒလမြစ်ကူးတံတားသစ်ကြီးကို တွေ့မြင်ကြရတယ်။ တံတားသစ်ကြီးကို မိမိတို့ရန်ကုန်မြို့ကိုမရောက်ခင် ဖေဖော်ဝါရီ ၆ ရက်က စတင်ဖွင့်လှစ်လိုက်တာကြောင့် ဖွင့်လှစ်ပြီးခါစ ပူပူနွေးနွေးရက်ပိုင်းသာ ရှိနေပါသေးတယ်။ တံတားကြီးက မိမိတို့တည်းခိုနေတဲ့ ဝါးတန်းလမ်းနဲ့ မန္တလေးမြို့အခေါ် နှစ်ပြသာဝေးကွာနေတယ်။ အရင်တစ်ခေါက်သီတင်းကျွတ်လပြည့် ကျောင်းပိတ်ရက်တွေအတွင်း ငွေဆောင်၊ ချောင်းသာ ပင်လယ်ကမ်းခြေတွေကို သွားရောက်ခဲ့စဉ်က တံတားကြီးမပြီးသေးပါဘူး။ ဒါကြောင့် အဲဒီခရီးစဉ်တုန်းက တံတားကြီးပြီးသွားရင် တံတားပေါ်ကပဲ ဖြတ်သန်းသွားလာကြရတော့မှာ ရန်ကုန်မြစ်အတွင်းကနေ ဇက်ရေယာဉ်နဲ့ ကူးလို့ရမှာမဟုတ်တော့ဘူး။ ဇက်နဲ့ကူးလို့ရတုန်း အတွေ့အကြုံရအောင် ကူးကြရအောင်ဆိုပြီး ဒလမြို့တစ်ဖက်ကမ်းကို ဇက်နဲ့ကူးဖြတ်ကြပြီးမှ ပုသိမ်မြို့ရှိရာကို ဆက်လက်သွားရောက်ခဲ့ကြတယ်။ ဒီတစ်ခေါက် တံတားကြီးပြီးစီးဖွင့်လှစ်လိုက်တဲ့အခါမှာလဲ တံတားကြီးပေါ်ကနေ ဖြတ်သန်းသွားလာကြဖို့ စဉ်းစားစီစဉ်ထားလိုက်ကြတယ်။

နောက်တစ်နေ့မနက်စောစော အိပ်ရာထပြီးကြတာနဲ့ ဟိုတယ်ကကျွေးမွေးဧည့်ခံတဲ့ မနက်စာကို စောင့်ပြီးမစားကြတော့ဘဲ အနော်ရထာလမ်းမှာဖွင့်လှစ်ရောင်းချနေပြီဖြစ်တဲ့ လက်ဖက်ရည်ဆိုင်မှာ လက်ဖက်ရည်သောက်ရင်း မိမိတို့ကြိုက်နှစ်သက်ရာစားသောက်စရာတွေကို မှာယူစားသောက်လိုက်ကြတယ်။ စားသောက်ဖွယ်ရာအမျိုးမျိုးအစုံစုံရရှိနေလို့လဲ အဆင်ပြေသွားခဲ့ရတယ်။ စားသောက်ပြီးကြတာနဲ့ ဗိုလ်ချုပ်အောင်ဆန်းလမ်းကနေတစ်ဆင့် ဒလတံတားသစ်ကြီးပေါ်ကို စတင်မောင်းနှင်လာခဲ့တယ်။ တံတားကြီးပေါ်ကို တက်ရောက်မောင်းနှင်မယ်ဆိုရင် အနော်ရထာလမ်းကနေ မောင်းလို့မရပါဘူး။ တံတားကြီးရဲ့အတက်လမ်းအစက ဗိုလ်ချုပ်အောင်ဆန်းလမ်းနဲ့ အနော်ရထာလမ်းကြားထဲမှာ ရှိနေတယ်။ အနော်ရထာလမ်းနဲ့ ဘုန်းကြီးလမ်း(ပြည်လမ်း) ထောင့်မှာရှိနေတဲ့ စံပြရုပ်ရှင်ရုံကြီးက တံတားကြီးရဲ့အောက်မှာရောက်ရှိသွားပါပြီ။ ဒါကြောင့် တံတားပေါ်ကို တက်မယ်ဆိုရင် ဗိုလ်ချုပ်အောင်ဆန်းလမ်းကနေ တက်ရောက်ကြရမှာပါ။




တံတားပေါ်ကို စတင်တက်ရောက်မောင်းနှင်လာတဲ့အချိန်မှာ မိမိတို့ကားတစ်စီးသာရှိနေသေးပြီး ရှင်းလင်းနေတယ်။ မကြာခင် လမ်းဆုံတစ်ခုကိုရောက်မှ နောက်ထပ်ကားတစ်စီးစ၊ နှစ်စီးစကို တွေ့မြင်ကြရတယ်။ တံတားကြီးဖွင့်ခါစရက်ပိုင်းတွေက တံတားပေါ်မှာ လမ်းလျှောက်ကြတဲ့သူတွေရှိနေကြပေမဲ့ နောက်ရက်ပိုင်းတွေမှာ နေ့စဉ်လမ်းလျှောက်ခွင့်မပေးတော့ဘဲ စနေ၊ တနင်္ဂနွေရက်တွေရောက်မှသာ လမ်းလျှောက်ခွင့်ပေးတော့ကြောင်း သိလိုက်ရတယ်။ မိမိတို့ဖြတ်သန်းမောင်းနှင်နေတဲ့အချိန်မှာ လမ်းလျှောက်နေကြတဲ့သူတွေကို မတွေ့မမြင်ရပါဘူး။ လမ်းလျှောက်ခွင့်သာရမယ်ဆိုရင် တကယ်ကောင်းတဲ့နေရာတစ်ခုပါ။ အတက်အဆင်း၊ အနိမ့်အမြင့်နေရာလေးတွေလဲရှိ၊ လေကောင်းလေသန့်တွေလဲရ၊ ပတ်ဝန်းကျင်ရှုခင်းတွေလဲ လှလို့နေတယ်။ တံတားအဆုံးဒလမြို့ဘက်မှာ လမ်းခွဲနှစ်ခုကို တွေ့မြင်လိုက်ရတယ်။ ဘယ်ဘက်လမ်းက ဒလမြို့တွင်းလမ်းဖြစ်ပြီး ညာဘက်လမ်းက တွံတေးမြို့ရှိရာကိုသွားတဲ့လမ်းပါ။ မိမိတို့က ပုသိမ်မြို့ကို သွားရောက်ကြရမှာဖြစ်လို့ ညာဘက်လမ်းအတိုင်း ဆက်လက်မောင်းနှင်လာခဲ့ရတယ်။

ခရီးစဉ်လမ်းကြောင်းအရ ပုသိမ်မြို့ကိုသွားမယ်ဆိုရင် တွံတေး-လှိုင်သာယာ-ညောင်တုန်း-ပန်းတနော်လမ်းက ပိုပြီးအဆင်ပြေသလို ခရီးမိုင်လဲ နီးသွားပါတယ်။ အရင်တစ်ခေါက် မိမိတို့က မရောက်ဖူးသေးတဲ့မြို့တွေကို ရောက်ဖူးသွားအောင်ဆိုပြီး တွံတေး-ကော့မှူး-ကွမ်းခြံကုန်း-ဒေးဒရဲ-ဖျာပုံ-ဘိုကလေး-မော်လမြိုင်ကျွန်း-ဝါးခယ်မ-မြောင်းမြလမ်းကနေ လာခဲ့ကြတာ မြို့အများအပြားကိုရောက်ရှိခဲ့ကြရပေမဲ့ ခရီးမိုင်ပိုရှည်ပြီး အချိန်တွေကြာခဲ့ရတယ်။ အခုခရီးစဉ်မှာ ပိုမိုအဆင်ပြေပြီး ခရီးမိုင်နီးတဲ့လမ်းကနေ သွားကြတော့မှာပါ။ ဒါကြောင့် တွံတေးလမ်းဆုံကို ရောက်တာနဲ့ လှိုင်သာယာမြို့အထွက် ဘီအိုစီလမ်းဆုံကိုမောင်းလာခဲ့ရပြန်တယ်။ တွံတေးလမ်းဆုံကနေ ဘီအိုစီလမ်းဆုံထိ ၁၀ မိုင်ဝေးကွာနေတယ်။ တကယ်လို့ မိမိတို့က ဒလတံတားကြီးပေါ်ကိုမတက်ခဲ့ဘဲ လှိုင်သာယာမြို့သစ်ထိရောက်အောင် ကမ်းနားလမ်းကဖြစ်ဖြစ်၊ ပြည်လမ်းကဖြစ်ဖြစ် မောင်းလာခဲ့မယ်ဆိုရင်လဲ ၁၀ မိုင်နီးပါးလောက်ကို မောင်းရမှာဖြစ်သလို ရန်ကုန်မြို့တွင်းလမ်းတွေဖြစ်တဲ့အတွက် လမ်းကြောကျပ်တာမျိုးတွေ၊ မီးပွိုင့်ကြုံတာမျိုးတွေကြောင့် အချိန်တွေကြန့်ကြာရအုံးမှာဖြစ်ပါတယ်။ အခုမောင်းနှင်လာတဲ့လမ်းကတော့ လမ်းကြောရှင်းနေပြီး မီးပွိုင့်တွေလဲမရှိပါဘူး။

လမ်းရှင်းလမ်းကောင်းနေလို့လဲ မကြာခင်မှာ ဘီအိုစီလမ်းဆုံမီးပွိုင့်ကိုရောက်လာခဲ့တယ်။ မီးပွိုင့်ကနေ ဘယ်ဘက်ကိုချိုးကွေ့ပြီး ပုသိမ်လမ်းအတိုင်း မောင်းနှင်ရတော့မှာပါ။ ဒါပေမဲ့ ပုသိမ်လမ်းပေါ်ကို ရောက်တာနဲ့ လမ်းရှုပ်ထွေးတာတွေ၊ လမ်းကျပ်တာတွေ စောင့်ဆိုင်းတန်းစီမောင်းရတာမျိုးတွေနဲ့ ကြုံတွေ့ရတော့တယ်။ အရင်တစ်ခေါက်သွားခဲ့တဲ့လမ်းက ခရီးမိုင်ရှည်နေပေမဲ့ လမ်းတွေက ရှင်းနေတယ်။ ကားတန်းအရှည်ကြီးတွေနဲ့ စောင့်ဆိုင်းတန်းစီရတာမျိုးတွေလဲ မရှိခဲ့ပါဘူး။ အခုလမ်းကတော့ အသွားအလာများပြားတဲ့ လမ်းကြောင်းဖြစ်လို့ သတိထားမောင်းရတော့မှာပါ။ လှိုင်သာယာမြို့ ဘီအိုစီလမ်းဆုံကနေ ပုသိမ်လမ်းအတိုင်း မအူပင်မြို့လမ်းခွဲ၊ ဆားမလောက်၊ ညောင်တုန်းလမ်းခွဲ၊ ပန်းတနော်မြို့တွေကို အဆင့်ဆင့်ဖြတ်ကျော်လာခဲ့ပြီး ကျောင်းကုန်းမြို့ကိုရောက်မှ ကားဆီဖြည့်ရင်း ခဏနားခဲ့ကြရတယ်။ ညောင်တုန်းမြို့လမ်းခွဲမှာ ရေခဲပုံးထဲထည့်ဖို့အတွက် ရေခဲတုံးတွေကို ရှာဖွေဝယ်ယူခဲ့ကြပေမဲ့ မနားခဲ့ကြပါဘူး။

ရန်ကုန်မြို့နဲ့ ပုသိမ်မြို့က ၁၀၅ မိုင် ဝေးကွာပါတယ်။ အခု မိမိတို့ရောက်ရှိနေတဲ့ ကျောင်းကုန်းမြို့ကနေ ပုသိမ်မြို့ရောက်တဲ့ထိ နောက်ထပ် မိုင် ၄၀ လောက် ဆက်လက်မောင်းနှင်ရပါအုံးမယ်။ ပုသိမ်မြို့ကိုရောက်မှ နေ့လယ်စာထမင်းစားကြဖို့ စဉ်းစားတိုင်ပင်ထားလိုက်ရတယ်။ ကားကို ဆီဖြည့်ပြီး ကျောင်းကုန်းမြို့ကထွက်လာတာနဲ့ လမ်းရဲ့အခြေအနေက ပိုမိုကောင်းမွန်လာတယ်။ အရင်တစ်ခေါက်လာခဲ့စဉ်တုန်းက တိုးချဲ့မွမ်းမံပြင်ဆင်နေတဲ့ လမ်းတွေအားလုံးက ပြီးစီးသွားကြပါပြီ။ ပုသိမ်မြို့နဲ့နီးလာတာနဲ့အမျှ ကွန်ကရစ်လမ်းကောင်း၊ လမ်းကျယ်ကြီးတွေဖြစ်သွားတာကို တွေ့မြင်မောင်းနှင်နေရတယ်။ ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်တွေလဲဖြစ်၊ မော်တင်စွန်းဘုရားပွဲတော်ကာလလဲ နီးကပ်လာတာကြောင့် ငွေဆောင်၊ ချောင်းသာ စတဲ့ပင်လယ်ကမ်းခြေတွေရှိရာကိုသွားကြတဲ့ ခရီးသွားကားတွေ၊ မော်တင်စွန်းဘုရားပွဲကိုသွားကြမဲ့ ဘုရားဖူးကားတွေကို အများအပြားတွေ့မြင်လာရတယ်။

မကြာခင်မှာ ပုသိမ်မြို့အဝင်ကိုရောက်ရှိလာလို့ နာရီကြည့်လိုက်တဲ့အခါ ၁၁ နာရီထိုးတော့မှာဖြစ်ပါတယ်။ နေ့လယ်စာထမင်းကို ပုသိမ်မြို့မှာ စားကြမှာပါ။ ဒါကြောင့် မြို့တွင်းကို ဝင်လာကတည်းက ကောင်းနိုးရာရာဆိုင်တွေကို ကြည့်ရှုရှာဖွေခဲ့တာ လမ်းအကွေ့တစ်နေရာမှာ စားသုံးနေသူတွေအများအပြား စည်စည်ကားကားသပ်သပ်ရပ်ရပ်ကျယ်ကျယ်ဝန်းဝန်းနဲ့ ဆိုင်ကြီးတစ်ဆိုင်ကို တွေ့မြင်လိုက်ရတယ်။ လူတွေအမြောက်အမြား စည်စည်ကားကားနဲ့ စားသောက်နေကြတာကြောင့် ကောင်းနိုင်တယ်ဆိုပြီး ဝင်ရောက်မှာယူစားသောက်လိုက်တာ အမှန်တကယ်ကောင်းမွန်နေတာကို သိလိုက်ရတယ်။ ကြက်၊ ဝက်၊ ငါးဟင်း၊ ငါးသလောက်ပေါင်း၊ ပုစွန်တုပ်၊ ဆိတ်သားဟင်းတွေနဲ့အတူ ဟင်းအရံပွဲတွေအစုံအလင်၊ ပဲကြာဆံဟင်းရည်ချို၊ ငါးပိရည်၊ ငါးပိချက်၊ တို့စရာအသီးအရွက်မျိုးစုံတွေနဲ့ ကောင်းကောင်းမွန်မွန်ဖွယ်ဖွယ်ရာရာဖြစ်နေတဲ့အပြင် ဆိုင်ပိုင်ရှင်နဲ့ ဝန်ထမ်းတွေအားလုံးကလဲ လိုလေသေးမရှိ အနီးကပ်ဝန်ဆောင်မှုပေးနေကြတယ်။ အခုစားသောက်နေတဲ့ဆိုင်မှာ မိမိက ငါးသလောက်ပေါင်းကို မှာယူစားသောက်ခဲ့ပြီး အသားကိုစားရတာထက် နူးနူးညံ့ညံ့၊ အိအိညက်ညက်အရိုးတွေကို ပိုမိုစားချင်နေလို့ ငါးသလောက်ပေါင်းအရိုးတွေကို ထပ်မံမှာယူလိုက်တဲ့အခါ အဖိုးအခကျသင့်ငွေမယူဘဲ အရိုးသီးသန့်ဟင်းပွဲတစ်ပွဲကို လာချပေးတယ်။ ငါးသလောက်ပေါင်းဟင်းမှာ မိမိက အရိုးနူးနူးတွေကို ပိုမိုသဘောကျကြိုက်နှစ်သက်ပါတယ်။

နေ့လယ်စာထမင်းစားသောက်ပြီးချိန်မှာ မွန်းတည့် ၁၂ နာရီထိုးနေပါပြီ။ ခရီးစဉ်အရ ဟိုင်းကြီးကျွန်းကို ရောက်တဲ့ထိ နောက်ထပ် ၈၅ မိုင်မောင်းရအုံးမှာပါ။ ပြီးခဲ့တဲ့ ခုနစ်နှစ် အရင်တစ်ခေါက်ခရီးစဉ်တုန်းကတော့ ပုသိမ်မြို့မှာ အခုလိုပဲ နေ့လယ်စာထမင်းစားသောက်အပြီး ဆက်လက်မောင်းနှင်လာခဲ့တာ ဟိုင်းကြီးကျွန်းကို ညနေ ၄ နာရီမှာ ရောက်လာခဲ့တယ်။ ခရီးမိုင်အကွာအဝေးအနေနဲ့ အတူတူဖြစ်နေပေမဲ့ လမ်းကောင်း၊ လမ်းဆိုးကွာခြားသွားနိုင်သလို မော်တင်စွန်းပွဲတော်ကာလ ဖြစ်နေတာကြောင့်လဲ ယာဉ်အသွားအလာတွေများပြားပြီး အချိန်တွေကြန့်ကြာသွားနိုင်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဟိုင်းကြီးကျွန်းကို အချိန်မီရောက်ရှိနိုင်ဖို့ ထမင်းစားပြီးကြတာနဲ့ ရှေ့ခရီးကို ဆက်လက်ထွက်ခွာလာခဲ့ကြတယ်။

ပုသိမ်မြို့တွင်းကနေဖြတ်ပြီး ပုသိမ်မြစ် ခေါ် ငဝန်မြစ်ကူးတံတားကြီးပေါ်ကနေ မောင်းနှင်နေစဉ်အတွင်းမှာ ပုသိမ်မြို့အလှနဲ့ မြစ်ဘေးက ညဈေးတန်းကို ရုတ်တရက်ကြည့်ရှုမိလိုက်တယ်။ ပုသိမ်မြို့ကြီးကတော့ ငဝန်မြစ်ဘေးမှာ လှလှပပတည်တည်ငြိမ်ငြိမ်ပါ။ ညဈေးတန်းကတော့ အချိန်နာရီစောလွန်းသေးတာကြောင့် ဖွင့်လှစ်ရောင်းချဖို့ ပြင်ဆင်မှုတွေတောင် မလုပ်ကြသေးပါဘူး။ ပုသိမ်မြို့ကိုကျော်လွန်ခဲ့ပြီး မြို့ပြင်ကိုရောက်တာနဲ့ မိမိတို့လို အသွားကားတွေ၊ မျက်နှာချင်းဆိုင်က အပြန်ကားတွေကို တစ်စီးပြီး တစ်စီး တွေ့မြင်လာရတယ်။ ကားတွေ၊ ယာဉ်တွေအားလုံးက ခရီးသွားဧည့်သည်ကားတွေနဲ့ ဘုရားဖူးဧည့်သည်ကားတွေပါ။ အသွားအလာများပြားနေတဲ့ ရှေ့ခရီးလမ်းကြောင်းမှာ ဘာတွေကိုတွေ့မယ်၊ ဘာတွေနဲ့ ရင်ဆိုင်ကြုံတွေ့ရမယ်ဆိုတာကို မသိနိုင်သေးပါဘူး။ လောလောဆယ်မှာတော့ ရှေ့ခရီးကို ဆက်လက်မောင်းနှင်နေသလို ပုသိမ်မြို့ကြီးကလဲ အနောက်မှာကျန်ရစ်နေခဲ့ပါပြီ။ ခရီးမိုင်အကွာအဝေးနဲ့ အချိန်နာရီအရ ဟိုင်းကြီးကျွန်းကို အချိန်မီဝင်ရောက်နိုင်မယ်ထင်ပါတယ်။

# မတ် ၈ ရက်မှစတင်ကာ Fortune TV ရုပ်သံလိုင်းက ထုတ်လွှင့်ပေးသွားမည့် တိမ်ကကြိုး ရုပ်သံဇာတ်လမ်းတွဲ မိတ်ဆက်ပွဲကျင်းပ



**ရန်ကုန် မတ် ၅**

ရဲရင့်သစ္စာ ဗီဒီယိုထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်ပြီး မတ် ၈ ရက်မှ စတင်ကာ Fortune TV ရုပ်သံလိုင်းက ထုတ်လွှင့်ပေးသွားမည့် တိမ်ကကြိုး ရုပ်သံဇာတ်လမ်းတွဲ မိတ်ဆက်ပွဲကို မတ် ၄ ရက်က ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ Zealax Hotel တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

တိမ်ကကြိုး ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို အင်ကြင်းဟန်က ရေးသားထားပြီး ဒါရိုက်တာ ရဲရင့်သစ္စာက တာဝန်ယူပုံဖော်ရိုက်ကူးထားကာ အပိုင်းခြောက်ပိုင်းပါဝင်ကြောင်း သိရသည်။

"ဒီ တိမ်ကကြိုးဇာတ်လမ်းတွဲမှာ ကြာကြာရဲ့ ရွှေကြိုးပြီး ရိုက်ထားတဲ့ ပွဲဦးထွက်ဇာတ်ကား လို့လဲပြောလို့ရပါတယ်။ ကြာကြာက တက်သစ်စကြိုးစားဆဲ မော်ဒယ် ဇာတ်ကောင်နေရာမှာ ပါဝင် သရုပ်ဆောင်ထားပါတယ်။ ကြာကြာရဲ့ပွဲဦးထွက်မှာ စီနီယာ အစ်ကို၊ အစ်မတွေနဲ့ တွဲသရုပ်ဆောင်ခွင့်ရလို့ စိန်ခေါ်မှုတွေ ဖြစ်ခဲ့ရပါတယ်"ဟု အဆိုပါ တိမ်ကကြိုး ရုပ်သံဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ထားသည့် သရုပ်ဆောင် ကြည်ဇေယျရှင်က ပြောပြသည်။

တိမ်ကကြိုး ဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် သရုပ်ဆောင် စိုင်းစည်တွမ်ခမ်း၊ ဒေါင်းဝေ၊ ဇေခင်၊ ရဲရင့်ဆုူး၊ မေမီကိုကို၊ ကြည်ဇေယျရှင်၊ ယွန်းသဒ္ဒါဟန်၊ အေဒီဦးနှင့် အနုပညာရှင်များစွာပါဝင်ထားကြပြီး Fortune-TV ရုပ်သံလိုင်းက လာမည့် မတ် ၈ ရက်မှစတင်ကာ စနေ၊ တနင်္ဂနွေနေ့တိုင်း ည ၈ နာရီ မိနစ် ၃၀ တွင် ထုတ်လွှင့် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# အသက် ၇၅ နှစ်အထက် သက်ကြီးရုပ်ရှင်ပညာရှင်များကို ဖေဖော်ဝါရီလအတွက် ပံ့ပိုးငွေများ ထုတ်ပေးလျက်ရှိ

**ရန်ကုန် မတ် ၅**

အသက် ၇၅ နှစ် အထက် သက်ကြီး ရုပ်ရှင်ပညာရှင်များအား ယခုနှစ် ဖေဖော်ဝါရီလအတွက် ပံ့ပိုးငွေများကို မတ် ၄ ရက်မှ စတင်ကာ ထုတ်ပေးလျက်ရှိကြောင်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးထံမှ သိရသည်။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဝင် သက်ကြီးရုပ်ရှင်ပညာရှင်များကို လစဉ်ပံ့ပိုးငွေအဖြစ် သက်ကြီး ရုပ်ရှင်ပညာရှင် တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ ကို မပျက်မကွက် လစဉ် ထုတ်ပေးလျက်ရှိသကဲ့သို့ ရုပ်ရှင်အစည်းအရုံးဝင် အလွှာအသီးသီးမှ ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များကို အခါအားလျော်စွာ ပံ့ပိုးငွေများလည်း ထုတ်ပေးလျက်ရှိကြောင်း သိသည်။



"အသက် ၇၅ နှစ်အထက် သက်ကြီး ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင် အယောက် ၅၀ ကို ရုပ်ရှင်အစည်းအရုံးအနေနဲ့ လစဉ် ပံ့ပိုးငွေထုတ်ပေးလျက်ရှိပါတယ်။ မတ် ၄ ရက်ကစပြီး ဖေဖော်ဝါရီလအတွက် ပံ့ပိုးငွေတွေကို ထုတ်ပေးနေပြီဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြသည်။

ထို့ပြင် နှစ်စဉ် အောက်တိုဘာ ၁၃ ရက်ရောက်တိုင်း မြန်မာ့ရုပ်ရှင်နေ့အခမ်းအနားနှင့်အတူ ရုပ်ရှင်သက်ကြီးပူဇော်ပွဲကို ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဗိုလ်ချုပ်ရုပ်ကွက် ဝင်္ကပါလမ်းရှိ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး (ဗဟို)တွင် ကျင်းပလျက်ရှိပြီး သက်ကြီး ရုပ်ရှင် အနုပညာရှင်၊ အတတ်ပညာရှင်များကို ငွေသားနှင့် အခြားကန်တော့ ပစ္စည်းများဖြင့်လည်း ပူဇော် ကန်တော့လေ့ရှိကြောင်း သိရသည်။

ASH

# သနပ်ပင်မြို့နယ် ကသဲကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သနပ်ပင် မတ် ၅**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် သနပ်ပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကသဲကုန်းကျေးရွာအုပ်စု ကသဲကုန်းကျေးရွာ၌ ဆဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို မတ် ၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သနပ်ပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကေသီထွန်းက ကျေးရွာရှိ ရပ်မိ၊ ရပ်ဖများ၊ အသင်းသား၊ အသင်းသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်း၏ အကျိုးကျေးဇူးများ၊ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၁၁၉ သိန်းလွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကသဲကုန်းကျေးရွာရှိ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၈ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၁၁၉ သိန်း ထုတ်ချေးပေးခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ကေသီထွန်းထံမှ သိရသည်။

နွဲ့ယဉ်

# ဆိုနီ၏ ရုပ်ရှင်ဇာတ်ကားသစ်၌ မင်းသမီး စန်ဒရာဘူးလော့ ပါဝင်မည်

**နယူးယောက် မတ် ၅**

ဆိုနီရုပ်ရှင်ကုမ္ပဏီ၏ ရုပ်ရှင်ဇာတ်ကားသစ်၌ မင်းသမီး စန်ဒရာဘူးလော့ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း မတ် ၄ ရက် သတင်းများအရ သိရသည်။

အထက်ပါ ရုပ်ရှင်ဇာတ်ကားသစ်အတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာမ ဒါနာဖောက်က ရေးသားပေးထားကြောင်း သိရသည်။

လက်ရှိတွင် ၎င်းဇာတ်ကား၏ ဇာတ်လမ်းဇာတ်အိမ် အသေးစိတ်နှင့် ဇာတ်ကားနာမည်တို့ကို ဆိုနီရုပ်ရှင်ကုမ္ပဏီက လျှို့ဝှက်ထားဆဲဖြစ်ကြောင်း သိရသည်။

မင်းသမီး စန်ဒရာဘူးလော့သည် ၎င်းဇာတ်ကား၌ ပါဝင်သရုပ်ဆောင်မည့်အပြင် ထုတ်လုပ်သူအဖြစ်လည်း တာဝန်ယူမည်ဖြစ်ကြောင်း သိရသည်။

မင်းသမီး စန်ဒရာဘူးလော့နှင့် ဇာတ်ညွှန်းရေးဆရာမ ဒါနာဖောက်တို့သည် Paramount ကုမ္ပဏီ၏ The Lost City ဇာတ်ကား၌ လက်တွဲခဲ့ဖူးသူများဖြစ်ကြကြောင်း သိရသည်။

လက်ရှိအချိန်တွင် ဒါနာဖောက်၏ ဇာတ်ကားသစ်အတွက် ဒါရိုက်တာကို ဆိုနီရုပ်ရှင်ကုမ္ပဏီက ရှာဖွေနေဆဲဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**





# Greyhound-2 ဇာတ်ကား၌ ဂျိမ်းယူဒမ်နှင့် ဂျိုနသန်ဘွန်မာရင်းတို့ ပါဝင်လာ

**နယူးယောက် မတ် ၅**

Apple Original Films ၏ Greyhound–2 ဇာတ်ကား၌ မင်းသား ဂျိမ်းယူဒမ်နှင့် ဂျိုနသန်ဘွန်မာရင်းတို့ ပါဝင်လာကြောင်း မတ် ၄ ရက် သတင်းများအရ သိရသည်။

Greyhound–2 ဇာတ်ကား၌ မင်းသား ဂျိမ်းယူဒမ်နှင့် ဂျိုနသန်ဘွန်မာရင်းတို့သည် မင်းသားကြီး တွမ်ဟင့်နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

Greyhound–2 ဇာတ်ကားသည် ဒုတိယကမ္ဘာစစ်နောက်ခံ စစ်ပွဲအက်ရှင် ဇာတ်ကားဖြစ်ပြီး Greyhound(2020) ၏ နောက်ဆက်တွဲ ဇာတ်ကားဖြစ်ကြောင်း သိရသည်။

Greyhound–2 ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို တွမ်ဟင့်က ရေးသားပေးထားပြီး ဒါရိုက်တာ အေရွန်ရှနိုက်ဒါက တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

Greyhound(2020) ကိုလည်း မင်းသား တွမ်ဟင့်နှင့် ဒါရိုက်တာ အေရွန်ရှနိုက်ဒါတို့ကပင် ပူးတွဲဖန်တီးခဲ့ပြီး လက်ရှိတွင် Greyhound-2 ဇာတ်ကားရိုက်ကူးထုတ်လုပ်မှုကို ဩစတြေးလျနိုင်ငံ၌ စတင်နေပြီဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**





# Acting President of the Republic of the Union of Myanmar SSPC Chairman Senior General Min Aung Hlaing accepts Letters of Credence of newly-accredited Ambassador of the Kingdom of Saudi Arabia to Myanmar



Senior General Min Aung Hlaing receives H.E. Mr. Maziad Mohammed M Al Howishan, the Ambassador of the Kingdom of Saudi Arabia to the Republic of the Union of Myanmar.

**Nay Pyi Taw March 5**

Acting President of the Republic of the Union of Myanmar and Chairman of the State Security and Peace Commission Senior General Min Aung Hlaing accepted the Letters of Credence of H.E. Mr. Maziad Mohammed M Al Howishan, the newly-accredited Ambassador of the Kingdom of Saudi Arabia to the Republic of the Union of Myanmar, at the Credentials Hall of the Office of the National Defence and Security Council, Nay Pyi Taw, at 11 am today.

They cordially discussed long-lasting disploamtci relations between Myanmar and Saudi Arabia, further strenthening friendship and cooperation, potentials for promotion of bilateal relations between the two countries, the situation on enhancement of investment and trade between both countries, successful holding of the free and fair election in Myanmar, convening the Hluttaw in the near future, and efforts to further promote bilateral cooperation between the two countries.

After the meeting, the Senior General and the Ambassador of Saudi Arabia to Myanmar had the documentary photo taken.

Present on the occasion were Commission Secretary General Ye Win Oo, Union Minister for Foreign Affairs U Than Swe and, Director-General of the Protocol Department U Thet Tun of the Ministry of Foreign Affairs. 100

# Acting President of the Republic of the Union of Myanmar Chairman of the State Security and Peace Commission Senior General Min Aung Hlaing accepts Letters of Credence of the Ambassador of the Republic of Nicaragua

**Nay Pyi Taw March 5**

His Excellency Senior General Min Aung Hlaing, Acting President of the Republic of the Union of Myanmar and Chairman of the State Security and Peace Commission, accepted the Letters of Credence of His Excellency Mr. Segundo Martin Calero Escorcia, the newly-accredited Ambassador of the Republic of Nicaragua to the Republic of the Union of Myanmar, at the Credentials Hall of the Office of the National Defence and Security Council, Nay Pyi Taw at 10 am today.

Afterward, they cordially discussed promotion of diplomatic relations, and bilateral interactions and cooperation in economic, cultural and tourism sectors between the two countries, Nicaragua's support for Myanmar on the international stage, further enhancing the bilateral practical cooperation in multiple areas, holding of a multiparty democracy general election in Myanmar and the participation of international observers including the Nicaraguan ambassador to Myanmar, eagerness of the voters in going to the polls during the election, total absence of major protest indicates the success of the election, convening of the hluttaw sessions in the near future and further cementing of cooperation between Myanmar and Nicaragua.

After the call, the Senior General and the Nicaraguan ambassador posed for documentary photos.



Senior General Min Aung Hlaing receives H.E. Mr. Segundo Martin Calero Escorcia, the Ambassador of the Republic of Nicaragua to the Republic of the Union of Myanmar.

Also present were SSPC Secretary General Ye Win Oo, Union Minister for Foreign Affairs U Than Swe and Director-General of the Protocol Department U Thet Tun. 100

# Merchants supply many bags of Kyapyan rice to Yangon market in February


Workers stockpiling bags of rice in a warehouse.

**Nyaungdon March 5**

Local merchants from Nyaungdon Township of Ayeyawady Region sold a large number of bags for Kyapyan rice to Yangon market in February, said Daw San San Win, the owner of rice and paddy trading depot in Nyaungdon Township.

In Nyaungdon Township, only 50,000 bags (24 pyi per bag) of Kyapyan rice were exported to the Yangon market during January this year. However, between February 1 and 28, exports increased to 55,000 bags within the month.

"During the past month, we exported up to 55,000 bags of Kyapyan rice to the Yangon market. From Nyaungdon, paddy, rice, and other agricultural products are mainly shipped to Yangon. Kyapyan rice is a variety classified under fine rice. There have been many purchase inquiries from the Yangon market for Kyapyan rice this month as well. Compared to other rice varieties, Kyapyan rice has seen stronger trading both over the past month and at present," said Daw San San Win.

Over the past month, Kyapyan rice exported from Nyaungdon Township to the Yangon market fetched up to K112,000 per 24-pyi bag. As trading in paddy and rice has improved, farmers, traders, cargo handlers, and truck rental operators have reportedly gained more job opportunities. Kyaw Kyaw Lin

# White rice bean in high trading in Danubyu Township

**Danubyu March 5**

Trading of white rice bean is in the domestic market in Danubyu Township of Ayeyawady Region, said Daw Yi Mon, the owner of pulses and beans trading in Danubyu Township.

In Danubyu Township, demand for white rice beans has strengthened since the fourth week of February this year and trading has become more active up to the present, according to local sources. The increased demand is attributed not only to strong buying in the local market but also to purchases from other markets, while remaining stocks of locally produced white rice beans have declined.

"Locally produced white rice beans are being purchased not only in the local market but also by buyers from other regions. Demand has noticeably increased since around the fourth week of this month. Along with stronger demand, prices have improved slightly. The Yangon market is actively buying white rice beans produced in this area. Due to lower output and strong demand, sales have become brisk. At present, no new white rice bean crops have entered the market yet. In this region, white rice beans are usually harvested in large quantities during the winter crop season," said Daw Yi Mon.


Samples of white rice bean.

In Danubyu Township, white rice beans are currently priced at up to K129,500 per 24-pyi bag. Traders in the area mainly export local agricultural products to the Yangon market. In addition to white rice beans, they also ship black gram, green gram, maize, paddy, and rice produced in the region.

Kyaw Kyaw Lin

# Locals harvest all winter butter beans in Kyaukmyaung Sub-Township of Sagaing Region

**Kyaukmyaung March 5**

All butter beans planted during the winter crops planting season in Kyaukmyaung Sub-Township, Shwebo District, Sagaing Region have been harvested, according to the statistics of the Department of Agriculture for Kyaukmyaung Sub-Township.

Kyaukmyaung Sub-Township has been able to plant up to 1,015 acres of butter beans during the winter crops planting season, and the fields of the planted butter beans have been harvested since January this year. So far, 100% of the acres have been harvested, with an output of 18.80 baskets per acre.

"Butter beans are planted in the winter. The cultivation is successful. Butter beans cultivation is profitable. Butter beans are grown because it is sold at a good price, so we are planting it with great enthusiasm," said Daw Khin Win, head of the Department of Agriculture for Kyaukmyaung Sub-Township.

In Kyaukmyaung Sub-Township, local farmers are growing only butter beans during the rainy season this year, while some farmers are growing mixed crops to earn extra income. 206

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Mawlamyinegyun Township sends 550,000 bunches of banana to Yangon in January

**Mawlamyinegyun March 5**

Local growers and merchants of Mawlamyinegyun Township in Ayeyawady Region dispatched 550,000 bunches of banana to Yangon market in January, said Daw Aye Aye, the owner of banana wholesale centre in Mawlamyinegyun Township.

During February this year, banana growers in Mawlamyinegyun Township were able to export and sell up to 550,000 bunches of Pheegyan bananas to the Yangon market in February. In comparison, during the same period last year, only about 450,000 bunches were shipped to Yangon.

"Exports of Pheegyan bananas to Yangon were strong over the past month. Local produce was mainly sent to and sold in the Yangon market. Domestic demand for bananas is currently high. Among the varieties exported to Yangon, Pheegyan bananas accounted for the largest volume. Banana prices have also risen slightly compared to before. Buying and selling activities are running smoothly," said Daw Aye Aye.

Over the past month, Pheegyan bananas exported from Mawlamyinegyun Township to the Yangon market fetched up to K145,000 per 100 bunches. Ongoing trade in locally grown bananas has reportedly benefited workers, traders, and growers alike.

Kyaw Kyaw Lin


A stockpile of bananas.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အမေရိကန်နှင့် ချက်ကုမ္ပဏီတို့ပူးပေါင်း၍ ဒရုန်းများကိုကြားဖြတ်ဖျက်ဆီးနိုင်သည့် ဒရုန်းစနစ်သစ်ကို ထုတ်ဖော်ပြသ




အမေရိကန်အခြေစိုက် AdlerAero-space ကုမ္ပဏီနှင့်ချက်နိုင်ငံရှိ TRLDrones ကုမ္ပဏီတို့သည် ရန်သူ့ဒရုန်းများကို ကြားဖြတ်တိုက်ခိုက် ဖျက်ဆီးနိုင်သည့် TALOS-Jနှင့် TALOS-E အမည်ရှိ တောင်ပံတပ်ဒရုန်းစနစ်သစ်ကို ထုတ်ဖော်ပြသခဲ့ကြောင်း News Opinion သတင်းဌာနက မတ် ၂ ရက်တွင် ဖော်ပြခဲ့သည်။

ယနေ့ခေတ်ပဋိပက္ခများတွင် အရှိန်အဟုန်ပြင်းစွာ တိုးတက်လာသော အသေခံဒရုန်း (Kamikaze Drones)များနှင့် အလတ်စားဒရုန်းများ၏ ခြိမ်းခြောက်မှုကို တုံ့ပြန်ရန်အတွက် ဤ TALOS ဒရုန်းစနစ်သစ်ကို ဒီဇိုင်းထုတ်ထားခြင်းဖြစ်သည်။ ဤစနစ်သည် သမားရိုးကျ လေကြောင်းရန် ကာကွယ်ရေးဒုံးကျည်များကဲ့သို့ စွမ်းဆောင်ရည်မျိုးကို ကုန်ကျစရိတ်သက်သာစွာဖြင့် ပေးစွမ်းနိုင်ရန် ရည်ရွယ်ပြီး ရန်သူ့ဒရုန်းများ မိမိတို့၏ အခြေစိုက်စခန်းများပေါ်သို့ ရောက်ရှိမလာမီ အဝေးမှပင် ကြားဖြတ်ဟန့်တားနိုင်သည့်အားသာချက်ရှိသည်။

နည်းပညာပိုင်းဆိုင်ရာအရ TALOS ဒရုန်းများကို ပုံမှန်ဒရုန်းများကဲ့သို့ ဒလက်များစွာပါသည့်ပုံစံမဟုတ်ဘဲ လေယာဉ်ကဲ့သို့ တောင်ပံတပ်ပုံစံဖြင့် ထုတ်လုပ်ထားခြင်းကြောင့် ပိုမိုမြန်ဆန်သည့် အရှိန်နှင့်ပိုမိုဝေးကွာသည့် အကွာအဝေးသို့ ပျံသန်းနိုင်စွမ်းရှိသည်။ ၎င်းသည် ရေဒါစနစ်များနှင့် ချိတ်ဆက်ထားပြီး ရန်သူ့ဒရုန်းများလာရောက်သည့် လမ်းကြောင်းကိုကြိုတင်တွက်ချက်ကာ လူသား၏ထိန်းချုပ်မှုအောက်မှနေ၍ အလိုအလျောက်ပစ်မှတ်ကို ရှာဖွေဖျက်ဆီးနိုင်သည့်စနစ်ကို အသုံးပြုထားကြောင်း သိရသည်။

ထို့ပြင် ဤဒရုန်းစနစ်တွင် အီလက်ထရွန်နစ်စစ်ဆင်ရေး (EW) နှောင့်ယှက်မှုများကို ခံနိုင်ရည်ရှိစေမည့် လမ်းညွှန်စနစ်များကိုလည်း ပါဝင်တည်ဆောက်ထားသည်။ TALOS-J ဒရုန်းသည် အလွန်မြန်သော အရှိန်ဖြင့် အဝေးမှကြားဖြတ်တိုက်ခိုက်ရန် အထူးပြုလုပ်ထားပြီး TALOS-E ဒရုန်းမှာမူ စဉ်ဆက်မပြတ် လုံခြုံရေးအတွက် အသုံးပြုနိုင်ရန် ဒီဇိုင်းထုတ်ထားခြင်းဖြစ်ကာ လာမည့်ဧပြီလအတွင်း ၎င်းတို့၏စွမ်းဆောင်ရည်ကို လက်တွေ့သရုပ်ပြသွားမည်ဖြစ်ကြောင်း သိရသည်။

မျက်မှောက်ခေတ်တွင် ဒရုန်းတိုက်ပွဲများသည် အရေအတွက်အမြောက်အမြားဖြင့် တိုက်ခိုက်လာသည့် အသွင်သို့ ကူးပြောင်းလာရာ တန်ဖိုးကြီးမားလှသည့် လေကြောင်းရန် ကာကွယ်ရေးဒုံးကျည်များဖြင့် ခုခံရန်မှာ စီးပွားရေးအရရော ဗျူဟာအရပါ တွက်ခြေမကိုက်သည့် စိန်ခေါ်မှုတစ်ရပ်ဖြစ်လာသည်။ ယခု TALOS ဒရုန်းစနစ်သစ်ကဲ့သို့ ဒရုန်းဖြင့် တိုက်ခိုက်သည့်စနစ်များ ပေါ်ထွက်လာခြင်းမှာ ဤစိန်ခေါ်မှုကို ဖြေရှင်းရန် အကောင်းဆုံး နည်းလမ်းဖြစ်သည်။ အထူးသဖြင့် ယူကရိန်းစစ်မြေပြင်မှရရှိသော လေကြောင်းကာကွယ်ရေးတုံ့ပြန်မှုကြာချိန်နှင့် ဒရုန်းပစ်မှတ်များပြားမှုဆိုင်ရာသင်ခန်းစာများကို အခြေခံထားခြင်းကြောင့် ဤစနစ်သည် ခေတ်သစ်လေကြောင်းရန် ကာကွယ်ရေးယန္တရား (SHORAD) တွင် မရှိမဖြစ်လိုအပ်သော အဆင့်ဆင့်ကာကွယ်ရေး (Layered Defense)၏ အရေးပါသော အစိတ်အပိုင်းတစ်ခုဖြစ်လာနိုင်ကြောင်း သုံးသပ်ရသည်။

**U.S., Czech firms team up on TALOS interceptor drones** ကို ဘာသာပြန်ဆိုထားပါသည်။

## အီရန်က အစ္စရေးပဋိပက္ခ၌ ဟိုက်ပါဆောနစ်နည်းပညာသုံး Kheibar ဒုံးကျည်များကို အသုံးပြုတိုက်ခိုက်

အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့ (IRGC)သည် အစ္စရေးပဋိပက္ခ၌ ဟိုက်ပါဆောနစ်နည်းပညာသုံး Kheibar အမျိုးအစားဒုံးကျည်များကို အသုံးပြုတိုက်ခိုက်ခဲ့ကြောင်း Army Recognition သတင်းဌာနက မတ်၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဤတိုက်ခိုက်မှုသည် အစ္စရေး၏ ခိုင်မာလှသော Arrow နှင့် Patriot လေကြောင်းရန်ကာကွယ်ရေး စနစ်များကို စစ်မြေပြင်လက်တွေ့ အခြေအနေတွင် စမ်းသပ်ရန် ကြိုးပမ်းမှုတစ်ခုဖြစ်ပြီး အီရန်အနေဖြင့် ပစ်မှတ်ကို တိကျစွာ ထိမှန်နိုင်ရန် တာလတ်ပစ်ပဲ့ထိန်းဒုံးကျည်များသာမက ရေဒါများကို လှည့်စားနိုင်သည့် ဟိုက်ပါဆောနစ်နည်းပညာသုံး ဒုံးကျည်များကိုပါ ထုတ်ဖော်အသုံးပြုလာခြင်းဖြစ်သည်။

နည်းပညာပိုင်းအရ Kheibar ဒုံးကျည်အုပ်စုတွင် အမျိုးအစားကွဲများစွာရှိရာ Kheibar Shekan သည် တတိယမျိုးဆက် အခဲလောင်စာသုံး ဒုံးကျည်ဖြစ်ပြီး ကီလိုမီတာ ၁၄၅၀ အကွာအဝေးထိ ပစ်ခတ်နိုင်စွမ်းရှိသည်။ ၎င်း၏ ထူးခြားချက်မှာ လမ်းကြောင်းပြောင်းလဲနိုင်သော ထိပ်ဖူးကို တပ်ဆင်ထားခြင်းကြောင့် ပစ်မှတ်သို့ ချဉ်းကပ်ရာတွင် ရန်သူ၏ကြားဖြတ်ဒုံးကျည်များကို ရှောင်ကွင်းနိုင်စွမ်းရှိခြင်းပင်ဖြစ်သည်။ ထို့ပြင် အီရန်၏ နောက်ထပ်ဒုံးကျည်တစ်မျိုးဖြစ်သော Khorram-shahr-4 (၎င်းကိုလည်း Kheibar ဟုခေါ်ဆိုသည်)မှာမူ ပိုမိုပြင်းထန်သည့် ထိပ်ဖူးများကို သယ်ဆောင်နိုင်ပြီး လောင်စာဖြည့်တင်းထားမှုကို အချိန်ကြာကြာ ထိန်းသိမ်းထားနိုင်သောကြောင့် မိနစ်ပိုင်းအတွင်း လျင်မြန်စွာ ပစ်ခတ်နိုင်သည့် အားသာချက်ရှိသည်။

အီရန်၏ Fattah ဒုံးကျည်စီမံကိန်းမှ ဆင်းသက်လာသော ဟိုက်ပါဆောနစ်နည်းပညာသည် အသံထက် ၅ ဆမှ ၁၅ ဆထိ မြန်ရုံသာမက ပျံသန်းမှုလမ်းကြောင်းကို စိတ်ကြိုက်ပြောင်းလဲနိုင်ခြင်းကြောင့် အစ္စရေး၏ Arrow-3 ကဲ့သို့ အာကာသအတွင်း ကြားဖြတ်ဖျက်ဆီးသည့်စနစ်များအတွက် ကြီးမားသော စိန်ခေါ်မှုဖြစ်လာစေသည်။ အစ္စရေးဘက်ကလည်း ဤကဲ့သို့သော လမ်းကြောင်းပြောင်းလဲနိုင်သည့် ဒုံးကျည်များကို တုံ့ပြန်ရန် Arrow-4 စနစ်ကို လက်တွေ့စမ်းသပ်မှုများပြုလုပ်လျက်ရှိပြီး အမေရိကန်၏ Aegis BMD စစ်သင်္ဘောများနှင့် SM-3, SM-6 ကြားဖြတ်ဒုံးကျည်များကလည်း ဒေသတွင်းလုံခြုံရေးအတွက် ပူးပေါင်းကူညီပေးလျက်ရှိသည်။



အချုပ်အားဖြင့်ဆိုရသော် အီရန်၏ ဒုံးကျည်တပ်ဖွဲ့မဟာဗျူဟာသည် လက်နက်တစ်ခုချင်းစီ၏ စွမ်းဆောင်ရည်ထက် အရေအတွက် အမြောက်အမြားဖြင့် ပြိုင်တူပစ်ခတ်ခြင်း (Salvo)၊ လမ်းကြောင်းပြောင်းလဲနိုင်သည့် နည်းပညာနှင့် ရေဒါလှည့်စားသည့် ကိရိယာများကို ရောနှောအသုံးပြုခြင်းဖြင့် ရန်သူ၏ကာကွယ်ရေးစနစ်ကို ဝန်ပိသွားစေရန် ရည်ရွယ်ခြင်းဖြစ်သည်။ အစ္စရေးအနေဖြင့် ၎င်း၏ အခြေခံအဆောက်အအုံများကို ကာကွယ်ရန်အတွက် ကြားဖြတ်ဒုံးကျည်အမြောက်အမြား အသုံးပြုနေရခြင်းမှာ စရိတ်စကကြီးမားသော စိန်ခေါ်မှုဖြစ်နေပြီး ဤအခြေအနေသည် အရှေ့အလယ်ပိုင်း၏ လေကြောင်း ပဋိပက္ခအခင်းအကျင်းကို ပိုမိုရှုပ်ထွေးသောအဆင့်သို့ တွန်းပို့လိုက်ခြင်းပင်ဖြစ်ကြောင်း သုံးသပ်ရသည်။

**Iran Claims Hypersonic-Capable Kheibar Missile Launch Against Israel's Air Defenses** ကို ဘာသာပြန်ဆိုထားပါသည်။

မင်းမျိုး

# မြောင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောမတ်ပဲ ကေအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး



**စစ်ကိုင်း မတ် ၅**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောမတ်ပဲ ကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၂၅၀၂ ကေထိစိုက်ပျိုးနိုင်ခဲ့ကြောင်းနှင့် အဆိုပါ စိုက်ပျိုးထားသော မတ်ပဲ စိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ကေအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၁၇ ဒသမ ၉၄ တင်း ထွက်ရှိကြောင်း သိရသည်။

"မြောင်မြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မတ်ပဲ ၁၂၅၀၂ ကေထိ စိုက်ပျိုးထားပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ မတ်ပဲခင်းတွေ လက်ရှိအချိန်မှာတော့ ကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ မတ်ပဲစိုက်ပျိုးရာသီမှာ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါ ကာကွယ်နည်းလမ်းတွေကို မြေပြင်ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်" ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

မြောင်မြို့နယ်တွင် မတ်ပဲ စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျ သုံးစွဲရေးတို့ကို အသိပညာပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မတ်ပဲကိုအထွက်နှုန်း တိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မတ်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။ (၂၀၆)

# ကြံခင်းမြို့နယ်တွင် ကြက်ဟင်းခါးသီးများ အရောင်းအဝယ်ကောင်းမွန်နေ

**ကြံခင်း မတ် ၅**

ဧရာဝတီတိုင်းဒေသကြီးကြံခင်းမြို့နယ်မှ ဒေသထွက်ကြက်ဟင်းခါးသီးများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း ကြံခင်းမြို့နယ် ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးသူက ပြောပြသည်။

ကြံခင်းမြို့နယ်တွင် ဒေသထွက်ကြက်ဟင်းခါးသီးများ ဖေဖော်ဝါရီလတတိယပတ်မှစတင်ပြီး ယနေ့ထိ အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါ ဒေသတွင် ထွက်ရှိသည့် ရောင်းတန်းဝင် ကြက်ဟင်းခါးသီးများ တစ်ရက်လျှင် အလုံးရေ ၄၀၀၀၀မှ ၅၅၀၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

''ကြံခင်းမြို့နယ်ကနေ ထွက်ရှိတဲ့ ကြက်ဟင်းခါးသီးတွေ အရောင်းအဝယ် ကောင်းမွန်နေပါတယ်။ ကြက်ဟင်းခါးသီးတွေကို ဒေသဈေးကွက်နဲ့ အခြားဒေသ ကုန်စိမ်းဈေးကွက်က ဝယ်လက်တွေက အဝယ်များနေပါတယ်။ ဒေသထွက် ကြက်ဟင်းခါးသီးတွေက ပိုးမွှားကင်းရှင်းပြီး အရည်အသွေး ကောင်းမွန်တာတွေ့ရပါတယ်။ အထွက်နှုန်းလဲ ကောင်းမွန်ပါတယ်'' ဟု ကြံခင်းမြို့နယ် ကုန်စိမ်းမျိုးစုံ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးသူက ပြောပြသည်။



ကြံခင်းမြို့နယ်မှ စိုက်ပျိုးထွက်ရှိပြီး အရောင်းအဝယ်ကောင်းမွန်နေသည့်ကြက်ဟင်းခါးသီးအလုံးရေ ၁၀၀ လျှင် ငွေကျပ် ၃၂၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဒေသထွက် ကြက်ဟင်းခါးသီးများနှင့် အခြားကုန်စိမ်းများကို ပုသိမ်၊ ပန်းတနော်၊ မအူပင် စသည့်ဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ဒေသထွက် ကြက်ဟင်းခါးသီးများ အရောင်းအဝယ် ကောင်းမွန်နေသည့်အတွက် ကုန်စိမ်းမျိုးစုံ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ အလုပ်အကိုင် အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# လွိုင်လင်မြို့နယ် ခေါင်းနွဲ့ကျေးရွာ၌ ကျေးရွာတွင်းလမ်း သဲဖြုန်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**လွိုင်လင် မတ် ၅**

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် လွိုင်လင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လွိုင်လင်မြို့နယ် ခေါင်းနွဲ့ကျေးရွာ၌ ကျေးရွာတွင်းလမ်း သဲဖြုန်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို မတ် ၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လွိုင်လင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနခရိုင်ဦးစီးမှူး ဦးကျော်သန့်ဇင်၊ လက်ထောက် ညွှန်ကြားရေးမှူး (နည်းပညာ) ဒေါ်ပန်းဖူးခိုင်နှင့် တာဝန်ရှိသူများက လွိုင်လင်မြို့နယ် ခေါင်းနွဲ့ကျေးရွာ၌ ကျေးရွာတွင်းလမ်း သဲဖြုန်းခင်းခြင်း လုပ်ငန်းများ အရည်အသွေးပြည့်မီစွာ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးကျော်သန့်ဇင်က လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

အဆိုပါကျေးရွာ၌ အရှည် တစ်မိုင် တစ်ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ကျေးရွာတွင်းလမ်း သဲဖြုန်းခင်းခြင်း လုပ်ငန်းကို လွိုင်လင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်နယ်ဖြည့်စွက်ရန်ပုံငွေကျပ် ၈၈ ဒသမ ၃၅၅ သန်းအသုံးပြု၍ ယခုနှစ် ဇန်နဝါရီလပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ အဆိုပါ သဲဖြုန်းလမ်းခင်းခြင်းလုပ်ငန်းများ အားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း လွိုင်လင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

မင်းမြင့်မိုရ်


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# ဇီးကုန်းမြို့နယ် ကံညီကိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး



**ဇီးကုန်း မတ် ၅**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ဇီးကုန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကံညီကိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဇီးကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးပြည့်ဖြိုးအောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်းနှင့် စီမံကိန်းဆောင်ရွက်ခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ် အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးပေးရာတွင်လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီးနောက် မြို့နယ်ဦးစီးမှူးက စီမံကိန်းရန်ပုံငွေများကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက ကံညီကိုကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၃၆ ဦးကို ငွေကျပ် ၁၉ ဒသမ ၆၅ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၆၄ ဦးကို ငွေကျပ် ၂၀ ဒသမ ၃၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၁၀၀ အတွက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ် ရန်ပုံငွေကျပ် သန်း ၄၀ ကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း ဇီးကုန်းမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးပြည့်ဖြိုးအောင်ထံမှ သိရသည်။

ကိုညို




**ဆော်ဒီအာရေဗျနိုင်ငံမှ**

ထို့နောက် မြန်မာနိုင်ငံနှင့် ဆော်ဒီအာရေဗျနှစ်နိုင်ငံတို့အကြား ရှည်လျားခိုင်မာသည့် သံတမန်ဆက်ဆံရေးရှိမှုနှင့် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ခိုင်မာလျက်ရှိမှု အခြေအနေများ၊ နှစ်နိုင်ငံအကြား ထိတွေ့ဆက်ဆံမှုများ တိုးမြှင့်ဆောင်ရွက်သွားမည့်အခြေအနေများ၊ နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်ရေးနှင့် ကုန်သွယ်မှုမြှင့်တင်ရေးလုပ်ငန်းများဆောင်ရွက်နိုင်သည့်အခြေအနေများ၊ မြန်မာနိုင်ငံတွင် လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲအောင်မြင်စွာကျင်းပပြုလုပ်နိုင်ခဲ့မှုနှင့် မကြာမီကာလအတွင်း လွှတ်တော်ခေါ်ယူဆောင်ရွက်သွားမည့်အခြေအနေများနှင့် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများ ယခုထက်ပိုမိုတိုးတက်အောင်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံသံအမတ်ကြီးတို့သည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲသို့ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသက်ထွန်းတို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီး H.E. Mr. Maziad Mohammed M Al Howishan အား လက်ခံတွေ့ဆုံစဉ်။

# နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော လွှတ်တော်အစည်းအဝေးများ ကျင်းပရေးဗဟိုကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် မတ် ၅**

လွှတ်တော်အစည်းအဝေးများ ကျင်းပရေးဗဟိုကော်မတီ၏ ဒုတိယအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ရုံးအမှတ်(၁၈) အစည်းအဝေးခန်းမ၌ ကျင်းပရာ လွှတ်တော်အစည်းအဝေးများကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် လွှတ်တော်အသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များက Video Conference စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို အပိုင်း သုံးပိုင်းဖြင့် အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ပြည်သူလူထုကိုယ်စားပြုရွေးချယ်တင်မြှောက်ခြင်းခံရသည့်လွှတ်တော်ကိုယ်စားလှယ်များနှင့်အတူ တတိယအကြိမ်လွှတ်တော်အသီးသီး၏ ပထမပုံမှန်အစည်းအဝေးစတင်ကျင်းပရန် လွှတ်တော်အလိုက်ရက်သတ်မှတ်ခေါ်ယူပေးခဲ့ပြီးဖြစ်ကြောင်း၊ လွှတ်တော်အသီးသီးသို့တက်ရောက်ကြမည့် လွှတ်တော် ကိုယ်စားလှယ်များကိုလည်း သက်ဆိုင်ရာလွှတ်တော်များသို့ ရောက်ရှိသတင်းပို့ရမည့်ရက်များကို သတ်မှတ်ထုတ်ပြန် ကြေညာပြီးဖြစ်သည့်အတွက် မကြာမီရောက်ရှိကြတော့မည်ဖြစ်ကြောင်း။

အဆိုပါ လွှတ်တော်ကိုယ်စားလှယ်များ နေပြည်တော်သို့ ရောက်ရှိလာချိန်တွင် သတ်မှတ်နေရာများသို့ အသွားအပြန်သယ်ယူပို့ဆောင်ရေးကိစ္စရပ်များကို သက်ဆိုင်ရာရုံး၊ ဌာနအဖွဲ့အစည်းများနှင့် ကြိုတင်ညှိနှိုင်းဆောင်ရွက်ထားရှိရန်၊ တည်းခိုနေထိုင်မည့်အဆောင်များ ရေ၊ မီး၊ မိလ္လာ၊ အခန်းတွင်းပရိဘောဂနှင့် အသုံးအဆောင်ပစ္စည်းများကို သတ်မှတ်ရက်အမီ အဆင်သင့်ပြင်ဆင်ထားရှိရန်နှင့် လွှတ်တော်များအလိုက် လွှတ်တော်ကိုယ်စားလှယ်များဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကိုလည်း သက်ဆိုင်ရာလွှတ်တော်ရုံးများက ရှင်းလင်းတင်ပြနိုင်ရေးကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိပြီးဖြစ်သည်ကို တွေ့ရှိရကြောင်း။

လွှတ်တော်ဝင်းလုံခြုံရေးနှင့် စပ်လျဉ်း၍ လုံခြုံရေးအရ ဦးစားပေးဆောင်ရွက်ရန် လိုအပ်သည်များကိုလည်း ပြီးပြတ်အောင်ဆောင်ရွက်သွားရန်၊ တတိယအကြိမ် လွှတ်တော်အသီးသီး၏ ပထမပုံမှန်အစည်းအဝေးတွင် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် လွှတ်တော်ရုံးအသီးသီးနှင့် သက်ဆိုင်ရာလုပ်ငန်းကော်မတီများက ပူးပေါင်းဆောင်ရွက်ပေးရန်၊ လွှတ်တော်အစည်းအဝေးများတွင် အသုံးပြုမည့် ရုပ်သံရိုက်ကူးရေးဆိုင်ရာစနစ်များနှင့် စက်ပိုင်းဆိုင်ရာစနစ်များကောင်းမွန်မှုရှိစေရန် အမြဲစမ်းသပ်လေ့ကျင့်ခြင်းများကို ဆောင်ရွက်ကြရန်၊ လွှတ်တော်အဆောက်အအုံပြင်ဆင်သည့် လုပ်ငန်းများကိုလည်း ရာနှုန်းပြည့်ပြီးစီးအောင်ဆောင်ရွက်ကြရန်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များ၏ ပထမပုံမှန်အစည်းအဝေးများ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များက လိုအပ်သည်များကို ကြိုတင်ဖြည့်ဆည်းဆောင်ရွက်ထားကြရန် လိုအပ်ကြောင်း။

မကြာမီကျင်းပမည့် တတိယအကြိမ် လွှတ်တော်အစည်းအဝေးများတွင် သတင်းမီဒီယာများအနေဖြင့် လွှတ်တော်တွင်းသတင်းရယူရေးနှင့်စပ်လျဉ်းသည့် သတ်မှတ်စည်းမျဉ်းစည်းကမ်းများကို စနစ်တကျလိုက်နာဆောင်ရွက်နိုင်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာနကဦးစီးတာဝန်ယူ၍ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ ပြည်တွင်းအခြေစိုက်နိုင်ငံခြားသတင်းထောက်များအသင်းတို့ ပူးပေါင်းဆောင်ရွက်ရန်နှင့် Media Corner များ စနစ်တကျထားရှိရန်လိုအပ်ကြောင်းနှင့် တတိယအကြိမ် လွှတ်တော်အစည်းအဝေးများ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကော်မတီများအလိုက် လိုအပ်သည်များကိုဝိုင်းဝန်းအကြံပြုတင်ပြဆွေးနွေးပေးကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး၏ ဆုံးဖြတ်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှု အခြေအနေများ ရှင်းလင်းတင်ပြခြင်းကို ဆောင်ရွက်သည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က လွှတ်တော်ကိုယ်စားလှယ်များကို သက်ဆိုင်ရာလွှတ်တော်အသီးသီးသို့ အချိန်မီတက်ရောက်နိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုနှင့် လွှတ်တော်လုပ်ငန်းစဉ်များ စနစ်တကျရှိစေရေး စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့တက်ရောက်လာကြသည့် လုပ်ငန်းကော်မတီများအလိုက် တာဝန်ရှိသူများက လွှတ်တော်အစည်းအဝေးများအောင်မြင်စွာကျင်းပနိုင်ရေးလက်ရှိဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကိုလည်းကောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များက သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် လွှတ်တော်အစည်းအဝေးများစနစ်တကျကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားရမည့် လုပ်ငန်းအစီအမံများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

အစည်းအဝေးအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် လွှတ်တော်ဝန်းအတွင်းရှိ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့သို့သွားရောက်၍ လွှတ်တော်အစည်းအဝေးများကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ e-Voting Systemမဲပေးစက်များ ပြင်ဆင်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆက်လက်၍ တည်းခိုနေထိုင်မည့် စည်ပင်ဧည့်ရိပ်သာသို့ သွားရောက်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



လွှတ်တော်အစည်းအဝေးများကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော လွှတ်တော်အစည်းအဝေးများကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

**ပြည်သူများထံ အသိပေးပန်ကြားချက်**

- အရေးကြီး၊ အရေးပေါ်ဖြင့် ပြည်ပသို့ သွားရောက်လိုသူများ Onilne Booking တင်ရာတွင်လည်းကောင်း၊ ရုံးတွင်းဆောင်ရွက်ရာတွင်လည်းကောင်း စောင့်ဆိုင်းရန်မလိုဘဲ အမြန်ဝန်ဆောင်မှု(Express Service) ဖြင့် လျှောက်ထားနိုင်ရေးစီစဉ်ထားပါကြောင်း၊
- လျှောက်လွှာလက်ခံပြီး ငါးရက်အကြာတွင် နိုင်ငံကူးလက်မှတ်စာအုပ်ရမည်ဖြစ်ပါကြောင်း၊
- အမြန်ဝန်ဆောင်ခမှာ စာအုပ်ဖိုးအပါအဝင် ၅၄၅၀၀၀ ကျပ်ဖြစ်ပါကြောင်း၊
- အသေးစိတ်အချက်အလက်များကို မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးအဖွဲ့ website ဖြစ်သည့် www.passport.gov.mm တွင် ဖော်ပြထားပါကြောင်း၊
- အမြန်ဝန်ဆောင်မှု (Express Service)ကို ၅-၁-၂၀၂၆ ရက်မှ စတင်မည်ဖြစ်ပါကြောင်း အသိပေးပန်ကြားအပ်ပါသည်။

❍ **နီကာရာဂွာနိုင်ငံမှ**

နေပြည်တော်ရှိ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး သံတမန်ဆောင် ညှော်ခန်းမ၌ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

ထို့နောက် နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်သွားမည့်အခြေအနေများ၊ နှစ်နိုင်ငံအကြား ကူးလူးဆက်ဆံမှုများနှင့် စီးပွားရေးကဏ္ဍ၊ ယဉ်ကျေးမှုကဏ္ဍ၊ ခရီးသွားလာမှုကဏ္ဍနှင့် အခြားကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်သွားမည့်အခြေအနေများ၊ နီကာရာဂွာနိုင်ငံအနေဖြင့် နိုင်ငံတကာမျက်နှာစာတွင် မြန်မာနိုင်ငံဘက်မှ ရပ်တည်ဆောင်ရွက်ပေးလျက်ရှိမှု အခြေအနေများ၊ နှစ်နိုင်ငံအကြားလက်တွေ့ကျသည့် ပူးပေါင်းဆောင်ရွက်မှုများကို နယ်ပယ်ပေါင်းစုံတွင် မြှင့်တင်ဆောင်ရွက်သွားမည့်အခြေအနေများ၊ မြန်မာနိုင်ငံတွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပပြုလုပ်ခဲ့မှုနှင့် ရွေးကောက်ပွဲကျင်းပချိန်တွင် မြန်မာနိုင်ငံဆိုင်ရာနီကာရာဂွာနိုင်ငံသံအမတ်ကြီးအပါအဝင် နိုင်ငံတကာမှ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ လာရောက်လေ့လာခဲ့မှု အခြေအနေများ၊ ရွေးကောက်ပွဲကျင်းပပြုလုပ်ချိန်တွင် ပြည်သူများအနေဖြင့် အားတက်သရောပါဝင်ဆန္ဒမဲပေးခဲ့ကြပြီး ယခုအချိန်ထိ အဆိုပါရွေးကောက်ပွဲနှင့်ပတ်သက်၍ ကြီးမားသည့် ကန့်ကွက်မှုများမရှိခြင်းကြောင့် အောင်မြင်သည့် ရွေးကောက်ပွဲတစ်ရပ်အဖြစ် ကျင်းပနိုင်ခဲ့မှုအခြေအနေများ၊ မကြာမီကာလအတွင်း လွှတ်တော်ကျင်းပ ဆောင်ရွက်သွားမည့်အခြေအနေများနှင့် မြန်မာနိုင်ငံနှင့် နီကာရာဂွာနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှုများ ယခုထက်ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ နီကာရာဂွာသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Segundo Martin Calero Escorcia အား လက်ခံတွေ့ဆုံစဉ်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံဆိုင်ရာ နီကာရာဂွာသမ္မတနိုင်ငံသံအမတ်ကြီးတို့သည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲသို့ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသက်ထွန်းတို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ၁၀ နှစ်ပြည့် နှစ်ပတ်လည်နေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ

**နေပြည်တော် မတ် ၅**

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု တည်ထောင်ခြင်း ၁၀ နှစ်ပြည့် နှစ်ပတ်လည်နေ့ကိုဂုဏ်ပြုသော အထိမ်းအမှတ်ဓာတ်ပုံပြပွဲနှင့် ညစာစားပွဲအခမ်းအနားကို ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ M Gallery ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ဝင်နိုင်ငံ သံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးအကြီးအကဲများ၊ကိုယ်စားလှယ်များ၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့်သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အဖွဲ့ဝင်နိုင်ငံသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးအကြီးအကဲများက မဲခေါင်-လန်ချန်း ၁၀ နှစ်ပြည့် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဓာတ်ပုံပြပွဲကိုဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တက်ရောက်လာကြသော ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များသည် လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် စီမံကိန်းများဆိုင်ရာ မှတ်တမ်းဓာတ်ပုံပြပွဲတွင် ခင်းကျင်းပြသထားမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှုသည် ၂၀၂၆ ခုနှစ်တွင် ဆယ်စုနှစ်သစ်တစ်ခုသို့ ကူးပြောင်းရောက်ရှိပြီဖြစ်သည့်အတွက် ယခုနှစ်သည် မိမိတို့ဒေသအတွက် အရေးပါသည့် နှစ်တစ်နှစ်ဖြစ်ကြောင်း၊ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၏အခြေခံမူများနှင့် ငြိမ်းချမ်း၍ သာယာဝပြောပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်သော အပြန်အလှန်မျှဝေသည့် အနာဂတ်အသိုက်အဝန်းတစ်ခုတည်ဆောက်ရေးမျှော်မှန်းချက်ကို ထပ်လောင်းအတည်ပြုကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ၂၀၂၀ ပြည့်နှစ်မှ ၂၀၂၃ ခုနှစ်ထိ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုပူးတွဲဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့စဉ်ကာလအတွင်း စတုတ္ထအကြိမ်မြောက် မဲခေါင်-လန်ချန်း နိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေးနှင့် ၇ ကြိမ်မြောက် မဲခေါင်-လန်ချန်း နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတို့ကို အိမ်ရှင်အဖြစ်လည်းကောင်း၊ ၆ ကြိမ်မြောက်နှင့် ၉ ကြိမ်မြောက် မဲခေါင်-လန်ချန်းနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတို့ကို ပူးတွဲဥက္ကဋ္ဌ တရုတ်နိုင်ငံနှင့် ပူးပေါင်း၍လည်းကောင်း အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည့်အပြင် နေပြည်တော်ကြေညာချက်နှင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစီမံချက်(၂၀၂၃-၂၀၂၇) တို့ကိုအတည်ပြုနိုင်ခဲ့ပြီး မဲခေါင်-လန်ချန်း ဆန်းသစ်တီထွင်မှုစင်္ကြံ(MLC innovation Corridor)ဆိုင်ရာ အစည်းအဝေးယန္တရား တည်ထောင်ရန်အတွက်လည်း အဖွဲ့ဝင်နိုင်ငံများအကြား တူညီဆန္ဒကိုဖော်ဆောင်ပေးနိုင်ခဲ့ကြောင်း။

မြန်မာနိုင်ငံသည် ၂၀၁၇ ခုနှစ်မှ ၂၀၂၅ ခုနှစ်ထိ လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေဖြင့် စီမံကိန်းစုစုပေါင်း ၁၃၂ ခုနှင့် တန်ဖိုး အမေရိကန်ဒေါ်လာ ၃၈ ဒသမ ၆ သန်းခန့်ရရှိခဲ့ပြီး စီမံကိန်းပေါင်း ၁၀၀ ကျော်ကို အကောင်အထည်ဖော်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ အဆိုပါစီမံကိန်းများ အကောင်အထည်ဖော်မှုမှတစ်ဆင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသတွင်းပေါင်းစည်းရေးအပါအဝင် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုတွင် တိုးတက်မှုများကို ဖော်ဆောင်နိုင်ခဲ့ကြောင်း၊ သို့ဖြစ်ရာ လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေဖြင့် မဲခေါင်အဖွဲ့ဝင်နိုင်ငံများအတွက် အကူအညီများဆက်လက်ပေးအပ်နေသည့် တရုတ်နိုင်ငံကို အထူးကျေးဇူးတင်ရှိကြောင်း၊ ပြီးခဲ့သည့် ဆယ်စုနှစ်တစ်ခုအတွင်း မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှုတွင် သိသာထင်ရှားသည့် အောင်မြင်မှုရလဒ်များနှင့် တိုးတက်မှုများရရှိလျက်ရှိသော်လည်း လက်ရှိကမ္ဘာ့နိုင်ငံရေး အခင်းအကျင်းပြောင်းလဲမှုများ၊ စီးပွားရေးမတည်ငြိမ်မှုများ၊ ရာသီဥတုပြောင်းလဲမှုစသည့်စိန်ခေါ်မှုများကို ကြုံတွေ့နေကြရာ အဆိုပါအခက်အခဲများကိုကျော်လွှားနိုင်ရန်နှင့် ဒေသတွင်းစဉ်ဆက်မပြတ်တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေးနှင့် သာယာဝပြောရေးအတွက် အဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်သွားရန် လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စမာကျားက အထိမ်းအမှတ်မိန့်ခွန်းပြောကြားသည်။

ဆက်လက်၍ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ၁၀ နှစ်ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် မှတ်တမ်းဗီဒီယိုကိုပြသပြီး နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ ယဉ်ကျေးမှုအဖွဲ့က သာယာငြိမ့်ညောင်းတေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် တရုတ်သံအမတ်ကြီး မစ္စမာကျားတို့က မဲခေါင်-လန်ချန်း အဖွဲ့ဝင်နိုင်ငံသံရုံးများမှ သံအမတ်ကြီးများနှင့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့်အတူ အနုပညာအဖွဲ့ကို ဂုဏ်ပြုချီးမြှင့်သည်။

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုသည် ၂၀၁၆ ခုနှစ်တွင် ဒေသတွင်း ရေရှည်တည်တံ့ခိုင်မြဲပြီး အားလုံးပါဝင်နိုင်သော ဖွံ့ဖြိုးတိုးတက်မှုအတွက် ပူးပေါင်းဆောင်ရွက်ရန်ရည်ရွယ်၍ ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံခြောက်နိုင်ငံတို့ဖြင့်ဖွဲ့စည်းခဲ့သည့် ဒေသခွဲဆိုင်ရာပူးပေါင်းဆောင်ရွက်မှုယန္တရားတစ်ခုဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




## စက်သုံးဆီအလုံအလောက်ရှိကြောင်း အသိပေးကြေညာချက်

**၂၀၂၆ ခုနှစ် မတ်လ ၅ ရက်**

မြန်မာနိုင်ငံစက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်းသည် စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် အများပြည်သူသို့ စက်သုံးဆီများတင်သွင်းရောင်းချဖြန့်ဖြူးပေးလျက်ရှိသည်။

လတ်တလောဖြစ်ပေါ်နေသော အရှေ့အလယ်ပိုင်းဒေသကိစ္စရပ်များကြောင့် ပြည်ပမှစက်သုံးဆီတင်သွင်းရာတွင် ယာယီကြန့်ကြာမှုအချို့ရှိနိုင်သော်လည်း ပြည်သူလူထု၏လိုအပ်ချက်များအတိုင်း စဉ်ဆက်မပြတ်ဖြန့်ဖြူးရောင်းချပေးနိုင်ရန် အရန်စက်သုံးဆီများကို လုံလောက်စွာကြိုတင်စီစဉ်ဆောင်ရွက်ထားပြီးဖြစ်သည့်အပြင် စက်သုံးဆီတင်သင်္ဘောများ အဆက်မပြတ်ဝင်ရောက်လာနေသည့်အတွက် မြန်မာနိုင်ငံတွင် စက်သုံးဆီပြတ်လပ်မှုလုံးဝမရှိနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် စက်သုံးဆီနှင့်ပတ်သက်၍ စိုးရိမ်ကြောင့်ကြမှုမရှိကြပါရန်၊အတတ်နိုင်ဆုံးခြိုးခြံသုံးစွဲခြင်းဖြင့် အားလုံးလုံလောက်စွာသုံးစွဲနိုင်ရေး ကူညီပေးကြပါရန်၊ မိမိသုံးစွဲရန် လိုအပ်သလောက်သာဝယ်ယူကြပါရန်နှင့် စက်သုံးဆီများ အလုံအလောက်ရှိပါသဖြင့် စိုးရိမ်စိတ်ကြောင့် မလိုအပ်ဘဲအချိန်ကုန်ခံ၍ တန်းစီဝယ်ယူခြင်းမပြုကြပါရန် မေတ္တာရပ်ခံအသိပေးကြေညာအပ်ပါသည်။

မြန်မာနိုင်ငံစက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်း

# ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျသံအမတ်ကြီးနှင့် နီကာရာဂွာသံအမတ်ကြီးတို့ကို သီးခြားစီလက်ခံတွေ့ဆုံ



**နေပြည်တော် မတ် ၅**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ရန်ကုန်မြို့ အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီး H.E. Mr. Maziad Mohammed M Al Howishan နှင့် မြန်မာနိုင်ငံဆိုင်ရာ နီကာရာဂွာ သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Segundo Martin Calero Escorcia တို့ကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ သီးခြားစီ လက်ခံတွေ့ဆုံသည်။

မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျ သံအမတ်ကြီးနှင့်တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက သံအမတ်ကြီးအား မြန်မာနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်းပြောကြားပြီး နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်နိုင်ရန်အတွက် နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ စွမ်းအင်နှင့် ရင်းနှီးမြှုပ်နှံမှု အပါအဝင် အလားအလာရှိသည့် ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်သွားရေး၊ အရှေ့အလယ်ပိုင်းဒေသတွင်း လက်ရှိအခြေအနေ၊ နှစ်နိုင်ငံအဆင့်နှင့် နိုင်ငံတကာမျက်နှာစာတွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

မြန်မာနိုင်ငံဆိုင်ရာ နီကာရာဂွာ သံအမတ်ကြီးနှင့်တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နီကာရာဂွာသံအမတ်ကြီးအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ နီကာရာဂွာသံအမတ်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြောကြားပြီး မြန်မာ-နီကာရာဂွာ နှစ်နိုင်ငံအကြား ရှိရင်းစွဲဆက်ဆံရေး မြှင့်တင်နိုင်ရေးအတွက် နှစ်နိုင်ငံမြို့တော်များတွင် သံရုံးများ အပြန်အလှန်ဖွင့်လှစ်နိုင်ရေး အပါအဝင် နှစ်ဖက်အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် အလားအလာရှိသော ခရီးသွား၊ စိုက်ပျိုးရေး၊ ကုန်သွယ်ရေးနှင့် နည်းပညာကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်နိုင်မည့်အခြေအနေများနှင့် နိုင်ငံတကာမျက်နှာစာတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# စက်သုံးဆီအရောင်းဆိုင်များ၏ စက်သုံးဆီရောင်းချမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးလျက်ရှိ

**နေပြည်တော် မတ် ၅**

စွမ်းအင်ဝန်ကြီးဌာနက စက်သုံးဆီဖူလုံမှုရှိစေရေးအစီအမံဖြင့် ဆောင်ရွက်ထားရှိသည့်အတွက် ရက် ၄၀ ခန့်စာ တင်သွင်းသိုလှောင်ထားရှိပြီး စက်သုံးဆီများကို သီလဝါမှ နိုင်ငံတစ်ဝန်းသို့ ဆီတင်ယာဉ်များဖြင့် ဖြည့်တင်းဖြန့်ဖြူးပေးလျက်ရှိရာ ရန်ကုန်မြို့ သီလဝါရှိ Terminal များမှ စက်သုံးဆီများကို ပုံမှန်ခွင့်ပြုထုတ်ပေးလျက်ရှိပြီး ရောင်းအားမြင့်တက်သည့် အရောင်းဆိုင်များကိုလည်း Urgent Po များကိုလည်းထပ်မံခွင့်ပြုထုတ်ပေးလျက်ရှိသဖြင့် စက်သုံးဆီ ပုံမှန်ရောင်းချပေးနိုင်ပါကြောင်း၊ မလိုအပ်ဘဲဝယ်ယူခြင်း မပြုရန် မေတ္တာရပ်ခံပါကြောင်း၊ စက်သုံးဆီရောင်းချပေးခြင်းမရှိပါက ဖုန်းဖြင့် ဆက်သွယ် တိုင်ကြားနိုင်ပါကြောင်းနှင့် ရောင်းချမှုမရှိကြောင်း စိစစ်တွေ့ရှိရပါက အရောင်းဆိုင်ကို ပိတ်သိမ်းအရေးယူသွားမည်ဖြစ်ပါကြောင်း တာဝန်ရှိသူများက မိဘပြည်သူများသို့ စက်သုံးဆီအရောင်းဆိုင်များတွင် နှိုးဆော်အသိပေးဆောင်ရွက်လျက်ရှိသည်။

စွမ်းအင်ဝန်ကြီးဌာန၏ ညွှန်ကြားမှုဖြင့် ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆောင်၍ နေပြည်တော်ရှိ Real Time စက်သုံးဆီအရောင်းဆိုင်များတွင် စက်သုံးဆီအမှန်တကယ်ရောက်ရှိမှု အခြေအနေများကို ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိပြီး စက်သုံးဆီထပ်မံဖြည့်ဆည်းပေးရန်လိုအပ်သည့် စက်သုံးဆီအရောင်းဆိုင်များကိုလည်း အမြန်ဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ကြီးကြပ်စစ်ဆေးရေးအရာရှိများကလည်း သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်း၍ စက်သုံးဆီအရောင်းဆိုင်များ အမှန်တကယ်ရောင်းချမှု ရှိ၊ မရှိ၊ စက်သုံးဆီရောက်ရှိမှု ရှိ၊မရှိတို့ကို စက်သုံးဆီလက်ကျန်များ တိုင်းတာစစ်ဆေးခြင်း၊ Auto Tank Gauge (ATG)များကို စစ်ဆေးခြင်းများကို ဆောင်ရွက်လျက်ရှိကာ စက်သုံးဆီများ အချိန်မီထုတ်ယူသယ်ဆောင်ရောင်းချနိုင်ရေးနှင့် စက်သုံးဆီပြတ်လပ်မှုမရှိစေရေးအတွက် ကြီးကြပ်စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။



**(သတင်းစဉ်)**

### ❖ ခြေစမ်းပွဲစဉ်မှ

အဆုံးသတ်ပိုင်း အားနည်းမှုများကြောင့် နှစ်သင်းစလုံး ဂိုးသွင်းယူနိုင်ခြင်းမရှိ သည့်အတွက် ဂိုးမရှိသရေ ရလဒ်ထွက်ပေါ်ခဲ့သည်။

မြန်မာယူ-၁၇ အသင်းသည် ၂၀၂၆ အာရှယူ-၁၇ ဖလားပြိုင်ပွဲ ခြေစစ်ပွဲ အောင်မြင်ထားသည့်အတွက် ပြိုင်ပွဲတွင် ရလဒ်ကောင်းများ ရရှိနိုင်ရန်အတွက် လက်ရှိအချိန်ကတည်းက ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်နေပြီး လေ့ကျင့်ရေးကာလအတွင်း ပထမခြေစမ်းပွဲစဉ်အဖြစ် မတ် ၃ ရက်က အိန္ဒိယအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ နှစ်ဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

မြန်မာယူ-၁၇ အမျိုးသားအသင်းသည် ၂၀၂၆ အာရှယူ-၁၇ ဖလားပြိုင်ပွဲ အုပ်စု(A)တွင် အိမ်ရှင် ဆော်ဒီအာရေဗျအသင်း၊ တာ့ခ်မင်နစ္စတန်အသင်း၊ ထိုင်းအသင်းတို့နှင့်တစ်အုပ်စုတည်း ကျရောက်ခဲ့သည်။

အာရှယူ-၁၇ ဖလား အမျိုးသားဘောလုံးပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ၁၆ သင်းဖြင့် လေးသင်းပါ လေးအုပ်စုဖြင့် ခွဲခြားကျင်းပမည်ဖြစ်ကာ အုပ်စုပွဲစဉ်များအပြီးတွင် အုပ်စုတစ်ခုချင်းစီမှ အုပ်စုပထမနေရာနှင့် ဒုတိယနေရာတွင် ရပ်တည်နိုင်ခဲ့ကြသည့် အသင်း ရှစ်သင်းအနေဖြင့် ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်မည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် ကွာတားဖိုင်နယ်အဆင့် တက်ရောက်နိုင်မည့်အသင်း ရှစ်သင်းအနေဖြင့် ကာတာနိုင်ငံတွင်ကျင်းပမည့် ယူ-၁၇ ကမ္ဘာ့ဖလား အမျိုးသားပြိုင်ပွဲတွင် အာရှတိုက်ကိုယ်စားပြုအသင်းများအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ကစားခွင့် ရရှိမည်ဖြစ်သည်။

အာရှယူ-၁၇ ဖလား အမျိုးသားဘောလုံးပြိုင်ပွဲကို လာမည့် မေ ၇ ရက်မှ ၂၄ ရက်ထိ ဆော်ဒီအာရေဗျနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**STA**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ လျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

# သုတေသီများအနေဖြင့် ဌာနနှင့် နိုင်ငံအတွက် လက်တွေ့အကျိုးရှိစေမည့် အသုံးချသုတေသနရလဒ်များ ပေါ်ထွက်လာအောင် ကြိုးပမ်းအားထုတ်




နေပြည်တော် မတ် ၅

၃၇ ကြိမ်မြောက် သစ်တော၊ သတ္တုနှင့် ပတ်ဝန်းကျင်ဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် သစ်တောသုတေသနဌာန စုဝေးခန်းမ ရေဆင်း၌ ကျင်းပသည်။

စာတမ်းဖတ်ပွဲသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဒုတိယဝန်ကြီး ဦးမင်းသူ၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရေဆင်းတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ အငြိမ်းစား သစ်တောအရာရှိကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကိုယ်စားလှယ်များ၊ သုတေသနစာတမ်းရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံရေရှည် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် ပညာရေးနှင့် သုတေသနဖွံ့ဖြိုးရေးသည် အရေးကြီးသော အခြေခံအုတ်မြစ်ဖြစ်ပါကြောင်း၊ အရည်အသွေးရှိသည့် သုတေသနစွမ်းဆောင်ချက်တစ်ခုသည် နိုင်ငံလူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ သဘာဝသယံဇာတများကို စနစ်တကျစီမံအုပ်ချုပ်နိုင်ရေးနှင့် ရေရှည်တည်တံ့အောင် ထိန်းသိမ်းနိုင်ရေးအတွက် သုတေသနလေ့လာမှုများ ဆက်လက် လုပ်ဆောင်သွားရမည်ဖြစ်ကြောင်း၊ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် Research and Development ကဏ္ဍသည် အရေးပါကြောင်း၊ သစ်တော၊ သတ္တုနှင့် ပတ်ဝန်းကျင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်အတွက် သုတေသနဖွံ့ဖြိုးတိုးတက်ရေးကို အထူးအလေးထား မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ယနေ့ရင်ဆိုင်နေရသည့် သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကို ဖြေရှင်းနိုင်မည့် နည်းလမ်းများအား ချဉ်းကပ်မှုပုံစံသစ်များဖြင့် သုတေသနပြုဆောင်ရွက်ကြရန်လိုကြောင်း၊ အလားတူ သတ္တုကဏ္ဍတွင်လည်း သဘာဝပတ်ဝန်းကျင်ပျက်စီးမှုအနည်းဆုံးနှင့် ရေရှည်တည်တံ့စေသော သတ္တုတူးဖော်မှု( Green Mining and Sustainable Mining) ဖြစ်စေရန်နှင့် ဈေးကွက်ဆိုင်ရာ သုတေသနများကို လေ့လာဖော်ထုတ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် သစ်တော၊ သတ္တုနှင့် ပတ်ဝန်းကျင်ဆိုင်ရာ သုတေသနအကြံပေးကော်မတီကို ဖွဲ့စည်းပေးခဲ့ပြီး ကဏ္ဍသုံးရပ် ပူးပေါင်း သုတေသနလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အတွက် အကျိုးရှိသည့်သုတေသနရလဒ်ကောင်းများစွာ ပေါ်ထွက်လာနိုင်မည်ဖြစ်ကြောင်းနှင့် သုတေသီများအနေဖြင့် ဌာနနှင့် နိုင်ငံအတွက် လက်တွေ့အကျိုးရှိစေမည့် အသုံးချသုတေသနရလဒ်များ ပေါ်ထွက်လာအောင် ကြိုးပမ်းအားထုတ်ကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ခင်းကျင်းပြသထားသည့် သုတေသနစာတမ်းပိုစတာများကို လှည့်လည်ကြည့်ရှုရာ သက်ဆိုင်ရာစာတမ်းရှင်များက သုတေသနတွေ့ရှိချက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

အဆိုပါ စာတမ်းဖတ်ပွဲကို နှစ်ရက်တာကျင်းပသွားမည်ဖြစ်ပြီး သစ်တောကဏ္ဍ၊ သတ္တုကဏ္ဍ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍဆိုင်ရာ စာတမ်း ၂၇ စောင် ဖတ်ကြားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ဗဟိုမိုဘိုင်းစက်ပစ္စည်းသက်သေခံမှတ်ပုံတင်စနစ်(CEIR) စတင်အသုံးပြုဆောင်ရွက်မည့်အစီအစဉ်ကို ပြည်သူသို့အသိပေးကြေညာ

၁။ ကမ္ဘာ့နိုင်ငံအချို့တွင် မိုဘိုင်းလက်ကိုင်ဖုန်း(Handset)များ အပါအဝင် မိုဘိုင်းကွန်ရက်သုံး ဆက်သွယ်ရေးစက်ပစ္စည်း(ipad, Tablet, Notebook စသည်)များ၏ မူရင်းအမှတ်အသား (International Mobile Equipment Identity–IMEI Code)ကို ဗဟိုမိုဘိုင်းစက်ပစ္စည်းသက်သေခံမှတ်ပုံတင်စနစ် (Central Equipment Identity Register–CEIR) ၌ မှတ်ပုံတင်စေ၍ နိုင်ငံအတွင်းရှိ ဆက်သွယ်ရေးကွန်ရက်များနှင့် ချိတ်ဆက်အသုံးပြုခြင်းလုပ်ငန်းစဉ်ကို ဆောင်ရွက်လျက်ရှိပါသည်။

၂။ မြန်မာနိုင်ငံတွင်လည်း မိုဘိုင်းလက်ကိုင်ဖုန်း (Handset) သုံးစွဲသူပြည်သူများအနေဖြင့် စံချိန်စံညွှန်းနှင့်ကိုက်ညီပြီး နိုင်ငံတော်သို့ကျသင့်အခွန်များ ပေးဆောင်ထားသည့် မိုဘိုင်းလက်ကိုင်ဖုန်း (Handset)များကို ပြည်တွင်းတွင် ယုံကြည်စိတ်ချစွာအသုံးပြုနိုင်ရန် ၂၀၂၆ ခုနှစ် မတ်လ ပထမပတ်မှစ၍ ဗဟိုမိုဘိုင်းစက်ပစ္စည်းသက်သေခံမှတ်ပုံတင်စနစ်(CEIR)ကို စတင်အသုံးပြု ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃။ အများပြည်သူတို့ လက်ရှိအသုံးပြုနေသော မိုဘိုင်းလက်ကိုင်ဖုန်း (Handset)များကို အခွန်ပေးဆောင်ရန်မလိုအပ်ဘဲ ဆက်လက်အသုံးပြုနိုင်ရန် CEIR စနစ်ရှိ ခွင့်ပြုစာရင်းတွင် အလိုအလျောက်ထည့်သွင်းပေးသွားမည်ဖြစ်ပါသည်။ အဆိုပါ ခွင့်ပြုစာရင်းတွင်ပါရှိနိုင်ရေးအတွက် ၂၀၂၆ ခုနှစ် မတ် ၃၁ ရက်နောက်ဆုံးထားပြီး ဆက်သွယ်ရေးကွန်ရက် (MPT၊ ATOM၊ U9၊ Mytel) တို့၏ SIM Card များကို မိုဘိုင်းလက်ကိုင်ဖုန်း (Handset)အတွင်းထည့်သွင်း၍ ဖွင့်လှစ်အသုံးပြုထားရန် လိုအပ်မည်ဖြစ်ပါသည်။

၄။ မိုဘိုင်းလက်ကိုင်ဖုန်း (Handset)များနှင့် မိုဘိုင်းကွန်ရက်သုံး ဆက်သွယ်ရေးပစ္စည်းများကို ပြည်ပမှတင်သွင်းလိုသည့် ကုမ္ပဏီများအနေဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ လိုင်စင်လျှောက်ထား၍ တရားဝင်တင်သွင်းဆောင်ရွက်ကြရမည်ဖြစ်ပြီး ကျသင့်အခွန်များကို ပေးဆောင်ပြီးပါက CEIR စနစ်ရှိ ခွင့်ပြုစာရင်းတွင် ထည့်သွင်းပေးသွားမည်ဖြစ်ပါသည်။

၅။ ၂၀၂၆ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ခွင့်ပြုစာရင်းတွင်မပါရှိသည့် မိုဘိုင်းလက်ကိုင်ဖုန်း (Handset)များကို မိုဘိုင်းဆက်သွယ်ရေးကွန်ရက်များနှင့် စတင်ချိတ်ဆက်အသုံးပြုချိန်မှ ရက်ပေါင်း ၃၀ အတွင်း ယာယီအသုံးပြုခွင့်ရရှိမည်ဖြစ်ပြီး ယင်းကာလအတွင်း ကျသင့်အခွန်နှင့် ဒဏ်ကြေးများ ပေးဆောင်ပြီးမှသာ ဆက်လက်အသုံးပြုခွင့်ရရှိမည်ဖြစ်ပါသည်။

၆။ အင်တာနက်စာမျက်နှာတွင် လွှင့်တင်ထားသော https://www.ceir.gov.mm ၌ မိုဘိုင်းလက်ကိုင်ဖုန်း(Handset)၏ မူရင်းအမှတ်အသား (International Mobile Equipment Identity–IMEI)ကို ထည့်သွင်းပြီး အီလက်ထရောနစ်ငွေပေးချေမှုနည်းလမ်းများဖြင့် ကျသင့်အခွန်နှင့် ဒဏ်ကြေးများကို ပေးဆောင်နိုင်မည်ဖြစ်ပါသည်။

၇။ နယ်စပ်ဒေသများ၊ အင်တာနက်ရရှိရန်ခက်ခဲသော ဒေသများရှိ ပြည်သူများအတွက် အဆိုပါဒေသရှိ ပြည်တွင်းအခွန်များဦးစီးဌာနရုံးများတွင်ဖြစ်စေ၊ အကောက်ခွန်ဦးစီးဌာနရုံးများတွင်ဖြစ်စေ ကျသင့်အခွန်နှင့်ဒဏ်ကြေးများကို ပေးဆောင်နိုင်မည်ဖြစ်ပါသည်။

၈။ အသေးစိတ်သိရှိလိုပါက အင်တာနက်စာမျက်နှာတွင် လွှင့်တင်ထားသော https://www.ceir.gov.mm ၌ ကြည့်ရှု၍ဖြစ်စေ၊ CEIR Call Center နံပါတ်များဖြစ်သည့် ၁၅၇၇ နှင့် ၁၇၅၅ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်း၍ဖြစ်စေ ဆောင်ရွက်နိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**CEIR နှင့် EIR စနစ် စီမံကိန်းဦးစီးကော်မတီ**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့ လက်ဝေခံများ၏ လုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် မတ် ၅

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မတ် ၃ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Ye Linn” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် အောင်ညီသာကျေးရွာနေ ရဲလင်းဟန်အား ည ၁၁ နာရီတွင် ပြည်မြို့ အမှတ်(၃) နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

**မိမိပိုင်နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ရှမ်းပြည်နယ်အတွင်း ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ပြုလုပ်



ရှမ်းပြည်နယ်အတွင်း ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။

**နေပြည်တော် မတ် ၅**

ရှမ်းပြည်နယ်အတွင်း ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၁)၌ ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးနှင့် အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦး၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တို့မှ ဒုတိယတိုင်းမှူးများ၊ သက်ဆိုင်ရာဌာနဆိုင်ရာတာဝန်ရှိသူများက Video Conferencing များဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တို့မှ တိုင်းမှူးများ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တို့မှ ဒုတိယတိုင်းမှူးများက သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များအလိုက် လုံခြုံရေးကိစ္စရပ်များ ဆောင်ရွက်ထားရှိမှုအခြေအနေများကို အသီးသီးဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်နယ်ပညာရေးမှူးက တက္ကသိုလ်ဝင်စာမေးပွဲဆိုင်ရာ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ဆွေးနွေးတင်ပြသည်။ ၎င်းနောက် ရှမ်းပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက တက္ကသိုလ်ဝင်စာမေးပွဲ ဆောင်ရွက်ထားရှိမှုအခြေအနေများကို အသီးသီး ရှင်းလင်းတင်ပြဆွေးနွေးကြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားပြီး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၏ နွေရာသီယဉ်ကျေးလိမ္မာသင်တန်း၊ အင်္ဂလိပ်စာအခြေခံသင်တန်း၊ ကွန်ပျူတာအခြေခံသင်တန်း အမှတ်စဉ်(၁/၂၀၂၆) သင်တန်းဖွင့်ပွဲ ပြုလုပ်



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် သင်တန်းတက်ရောက်မည့် ကျောင်းသား၊ ကျောင်းသူများအတွက် စာရေးကိရိယာ၊ စားသောက်ဖွယ်ရာများ ချီးမြှင့်ပေးအပ်စဉ်။

**နေပြည်တော် မတ် ၅**

ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၏ နွေရာသီ ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်း၊ အင်္ဂလိပ်စာအခြေခံသင်တန်း၊ ကွန်ပျူတာအခြေခံသင်တန်း အမှတ်စဉ်(၁/၂၀၂၆) သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် တိုင်းရန်အောင်ခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများ၊ သင်တန်းနည်းပြများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးက သင်တန်းတက်ရောက်မည့် ကျောင်းသား၊ ကျောင်းသူများအတွက် စာရေးကိရိယာ၊ စားသောက်ဖွယ်ရာများ ချီးမြှင့်ပေးအပ်ရာ ကျောင်းသား၊ ကျောင်းသူများ ကိုယ်စား ကျောင်းသား တစ်ဦးနှင့် ကျောင်းသူ တစ်ဦး တို့က လက်ခံရယူကြသည်။

အဆိုပါသင်တန်းများကို သင်တန်းသား၊ သင်တန်းသူ ၁၁၂ ဦးဖြင့် မတ် ၂၀ ရက်ထိ ဖွင့်လှစ် သင်ကြားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ၃၁ ကြိမ်မြောက် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် မတ် ၅**

၃၁ ကြိမ်မြောက် မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် အောင်ပန်းမြို့ရှိ အမှတ်(၂) တပ်မတော်ဆေးရုံ (ခုတင်-၇၀၀) တပ်နယ်အားကစားခန်းမ၊ ဓာတ်ရောင်ခြည်နှင့် ကင်ဆာကုသဆောင်၌ ဆက်လက်ကျင်းပပြုလုပ်သည်။




၃၁ ကြိမ်မြောက် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပစဉ်။

အဆိုပါနှီးနှောဖလှယ်ပွဲသို့ တပ်မတော်ဆေးသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဆေးဝန်ထမ်းညွှန်ကြားရေးမှူး ဗိုလ်ချုပ်ကိုကိုလွင်၊ တပ်မတော်အရာရှိကြီးများ၊ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြု ကျွမ်းကျင်သူ(အရာရှိ)များ၊ သူနာပြု ကျွမ်းကျင်သူများ၊ ကျန်းမာရေးဝန်ကြီးဌာနမှ ဆေးပညာရှင်များ၊ နိုင်ငံတကာ တပ်မတော်နှင့် အရပ်ဘက်မှ ဆေးပညာရှင်များ၊ အငြိမ်းစားအရာရှိကြီးများ၊ ဖိတ်ကြားထားသူများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

ယနေ့တွင် ဒုတိယနေ့အစီအစဉ်များကို ဆက်လက်ကျင်းပရာ Meet the Experts(MTE) တစ်ခု၊ Special Talk လေးခု၊ Clinical Session နှင့် Symposium များအဖြစ် “တပ်မတော်သားများ တိုက်ပွဲဝင်အသင့်ဖြစ်စေရန်အတွက် အဝလွန်ပြဿနာဖြေရှင်းရန် နည်းလမ်းများ”၊ “စစ်မြေပြင်ထိခိုက်ဒဏ်ရာရသူများ ပြုစုစောင့်ရှောက်ရာတွင် ဆောင်ရွက်မည့် သူနာပြုများ၊ ဆေးဝါးကျွမ်းကျင်သူများနှင့် ဆေးလက်ထောက်များ၏ ပူးပေါင်းဆောင်ရွက်မှုအခန်းကဏ္ဍ”၊ “ဆေးပညာသင်ကြားရေးတွင် အရေးပါသည့် ဆရာများအတွက် အနာဂတ်စိန်ခေါ်မှုများနှင့် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများ”၊ “အာရုံကြောစနစ်သုံး စစ်ဆင်ရေးခေတ်သို့ ကူးပြောင်းရောက်ရှိလာခြင်း”၊ “သက်မဲ့အလှူရှင်ထံမှ အသည်းအစားထိုးကုသခြင်း” စသည့်ခေါင်းစဉ်တို့ကို ဆွေးနွေးခဲ့ကြသည်။

၎င်းပြင် သုတေသနစာတမ်းများအဖြစ် သွားကျန်းမာရေး၊ ပြည်သူ့ကျန်းမာရေးဆေးပညာ၊ ရေကြောင်းဆေးပညာ၊ လေကြောင်းဆေးပညာ၊ ခွဲစိတ်ကုပညာ၊ မေ့ဆေးပညာ၊ တိုင်းရင်းဆေးပညာ၊ ပြန်လည်သန်စွမ်းရေးဆေးပညာ၊ အရိုးအထူးကုပညာ၊ ဓာတ်မှန်ပညာ၊ ဇီဝကမ္မဗေဒ၊ စိတ်ကျန်းမာရေး၊ အလုပ်သင်ဆရာဝန်များ၏ သုတေသနစာတမ်းများစသည့် ဘာသာရပ်ဆိုင်ရာ သုတေသနစာတမ်း စုစုပေါင်း ၃၉ စောင်တို့ကို ပါဝင်ဖတ်ကြားတင်သွင်းကြသည်။ ထို့နောက် တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းကြရာ သက်ဆိုင်ရာသုတေသီတို့က ရှင်းလင်းဖြေကြား ဆွေးနွေးကြပြီး ဒုတိယနေ့အစီအစဉ်များကို ညနေပိုင်းတွင် ရပ်နား၍ မတ် ၆ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

နှီးနှောဖလှယ်ပွဲသို့ တပ်မတော်ဆေးရုံ၊ ဆေးတပ်ရင်းတို့မှ ပါရဂူ၊ ဆေးမှူး၊ သူနာပြုကျွမ်းကျင်သူ(အရာရှိ)နှင့် သူနာပြုကျွမ်းကျင်သူကိုယ်တိုင် တက်ရောက်သူများအနေဖြင့် စုစုပေါင်း ၄၃၂ ဦး တက်ရောက်ခဲ့ပြီး Online မှ တက်ရောက်သူများအနေဖြင့် စုစုပေါင်းဦးရေ ၂၁၀ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

**၂၀၂၆ ခုနှစ် မတ် ၅ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၆၉၀၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# မြစ်ကြီးနားမြို့ရှိ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် မတ် ၅**

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်နယ်လှည့် ဆေးကုသရေးအဖွဲ့များက ဒေသအသီးသီးရှိ ဒေသခံ တိုင်းရင်းသားပြည်သူများကို ၎င်းတို့၏ မြို့နယ်၊ ကျေးရွာများအရောက် သွားရောက်၍ လူမျိုး၊ ဘာသာမရွေး ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ မိုးကုတ်ဓမ္မရိပ်သာကျောင်းတိုက်၌ အခြေပြု၍ မြစ်ကြီးနားမြို့ရှိ သံဃာတော် ၂၄ ပါးနှင့် သာသနာ့နွယ်ဝင်သီလရှင် ၃၅ ပါးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ ဆေးဝါးကုသခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးခြင်းနှင့် ဓာတ်မှန်ရိုက်၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သော သံဃာတော်များအား နယ်မြေခံ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေးဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို မြစ်ကြီးနားတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များကို လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၁)

# စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာလျှင် ငွေကျပ် ၆၄၃၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် မတ် ၅**

စားသုံးသူပြည်သူများ စားသုံးဆီ ဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်း လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စားအုန်းဆီကို ပြည်ပမှ ဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့် နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများ ဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှ စားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ မတ် ၆ ရက်မှ ၁၂ ရက်ထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၆၄၃၀ ဖြစ်ကြောင်း စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီက အသိပေး ထုတ်ပြန်ကြေညာထားသည်။

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ် သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက် ကြည့်ရှုလေ့လာနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

☆ **ကျောဖုံးမှအဆက်**

တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားစစ်သံမှူးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါစစ်ရေယာဉ်များတွင် အဖွဲ့ခေါင်းဆောင်ဖြစ်သူ Captain 1st Rank Andrei Gaevoi ဦးစီး၍ အရာရှိ၊ စစ်သည် စုစုပေါင်းဦးရေ ၃၅၀ တို့ လိုက်ပါလာပြီး မြန်မာနိုင်ငံတွင် မတ် ၁၀ ရက်ထိ ခြောက်ရက်ကြာ နေထိုင်၍ လေ့လာလည်ပတ်သွားမည်ဖြစ်ကာ နှစ်နိုင်ငံချစ်ကြည်ရေး အားကစားပြိုင်ပွဲများလည်း ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၁)


## ထူးခြားသည့် နေ့အပူချိန်များ (၅ - ၃ - ၂၀၂၆)

| | | | |
|---|---|---|---|
| ချောက် | ၃၈ ဒသမ ၃ ဒီဂရီဆဲလ်စီးယပ် | မြင်းခြံ | ၃၆ ဒသမ ၈ ဒီဂရီဆဲလ်စီးယပ် |
| ကျောက်ကရိတ် | ၃၇ ဒသမ ၉ ဒီဂရီဆဲလ်စီးယပ် | ညောင်ဦး | ၃၆ ဒသမ ၈ ဒီဂရီဆဲလ်စီးယပ် |
| မင်းဘူး | ၃၇ ဒသမ ၆ ဒီဂရီဆဲလ်စီးယပ် | မြင်းမူ | ၃၆ ဒသမ ၈ ဒီဂရီဆဲလ်စီးယပ် |
| တံတားဦး | ၃၇ ဒသမ ၀ ဒီဂရီဆဲလ်စီးယပ် | စစ်ကိုင်း | ၃၆ ဒသမ ၇ ဒီဂရီဆဲလ်စီးယပ် |
| ဆင်ဖြူကျွန်း | ၃၆ ဒသမ ၉ ဒီဂရီဆဲလ်စီးယပ် | ဇောင်းတူ | ၃၆ ဒသမ ၆ ဒီဂရီဆဲလ်စီးယပ် |

**လျှပ်စစ်မီတာခ သက်သာဖို့ LED ပစ္စည်း သုံးကြစို့။**

# နိုင်ငံတော်ဩဝါဒါစရိယဆရာတော် ရုပ်စုံကျောင်း ဦးစီးပဓာနနာယက ဘဒ္ဒန္တကုက္ကန္ဒဝံသ ဘဝနတ်ထံပျံလွန်တော်မူ

**နေပြည်တော် မတ် ၅**



မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့ အမှတ်(၂)ရပ်ကွက် မြစ်ကြည့်တိုက် ရုပ်စုံကျောင်း ဦးစီးပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တကုက္ကန္ဒဝံသ သက်တော် ၉၀ နှစ် သိက္ခာ ၆၉ ဝါရှိ မဟာထေရ်မြတ်ကြီးသည် ၁၃၈၇ ခုနှစ် တပေါင်းလပြည့်ကျော် ၂ ရက် (၄-၃-၂၀၂၆) ရက် ဗုဒ္ဓဟူးနေ့ ည ၁၀ နာရီ ၃၂ မိနစ်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

၂၀၂၆ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့

“Rights. Justice. Action. For ALL Women and Girls.”

“တရားမျှတမှုနဲ့ အခွင့်အရေးများရရှိရေး အမျိုးသမီးများအားလုံးအတွက် ဆောင်ရွက်ပေး”

၂၀၂၆ ခုနှစ်၊ မတ်လ (၈)ရက်

# မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း၊ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

၁။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမင်းဇော်ဝင်းအား မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|
| (က) ဒေါက်တာခိုင်ခိုင်စိုး | ညွှန်ကြားရေးမှူးချုပ် ပြည်သူ့အင်အားဦးစီးဌာန လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန |
| (ခ) ဦးခင်မောင်လှိုင် | ညွှန်ကြားရေးမှူးချုပ် စားသုံးသူရေးရာဦးစီးဌာန စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန |

၃။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးရုံးမှ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးဇော်ဇော်ဦးအား အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန(https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန(https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန(https://www.moi.gov.mm)
၄။ Myawady Webportal(https://myawady.net.mm)
၅။ Myanmar National Portal(https://myanmar.gov.mm)

# လေပြင်းဘေးကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့အသိပေးနှိုးဆော်ချက်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန

**လေပြင်းဘေးအသိပညာပေးစာစောင်**



မြန်မာနိုင်ငံအရပ်ရပ်တွင် နွေကြိုကာလ၊ နွေကာလနှင့် မိုးကြိုကာလများအတွင်း နေ့အပူချိန်များ တဖြည်းဖြည်း မြင့်တက်လာရာမှ အပူပျံတက်တိမ်များ ဖြစ်ထွန်း၍ မွန်းလွဲ/ညနေပိုင်းတို့တွင် မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်ပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာ တစ်လျှောက်တွင်စိုက်ဆင်းလေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသည်။

၁

## လေပြင်းဘေးအတွက် ကြိုတင်ပြင်ဆင်ရန် အချက်များ

၁။ မိမိအိမ်၏ကြံ့ခိုင်မှုကို ပုံမှန်စစ်ဆေးပြီး တောင့်တင်း ခိုင်မာအောင် ပြုလုပ်ထားပါ။



၂။ လေပြင်းဒဏ် ခံနိုင်စေရေးအတွက် လိုအပ်သည့် နေရာများတွင် ထောက်တန်းများ/ဒေါက်တိုင်များ ထပ်မံအားဖြည့်တပ်ဆင်ပါ။

၃။ မြေဝင်အိမ်တိုင်များအား လိုအပ်လျှင် တိုင်ဖိနပ် ပတ်လည်တွင် မြေဖို့၍ သိပ်သည်းကျစ်လစ်အောင် ဆောင်ရွက်ပါ။

၄။ သွပ်အမိုးဖြစ်ပါက အစွန်ကျသောနေရာများတွင် သွပ်သံစိပ်စိပ်ရိုက်ပါ။ ဓနိ/သက်ကယ်အမိုးဖြစ်ပါက ဝါးရာဇမတ်ကွက်ကြက်နင်းဖြင့် ခိုင်ခံ့စွာ အုပ်ပါ။ သွပ်နန်းကြိုးဖြင့် ခိုင်မြဲစွာ ချည်နှောင်ပါ။



၂

၅။ အိမ်အကာအရံများ၊ တံခါးများ၊ ပြတင်းပေါက်များ အား ပိုမိုခိုင်ခံ့စေရန် ကြိုတင်ဆောင်ရွက်ပါ။

၆။ အိမ်အနီးရှိ ကျိုးကျနိုင်သော သစ်ပင်/သစ်ကိုင်းများ ကို ခုတ်ထွင်ရှင်းလင်းထားပါ။



၇။ အိမ်အတွင်းရှိ ပြိုကျ၊ ပြုတ်ကျ၊ ကွဲရှနိုင်သော ပစ္စည်းများကို အန္တရာယ်မဖြစ်စေရန် မြဲမြံအောင် ပြုလုပ်ထားပါ။ မီးလောင်စေနိုင်သော ပစ္စည်းများကို စစ်ဆေး၍ လိုအပ်သလို ပြင်ဆင်ထားပါ။

၈။ အရေးပေါ် သုံးပစ္စည်းများ၊ စားရေရိက္ခာနှင့်အရေးကြီး စာရွက်စာတမ်းများကို မိမိနှင့်အတူ ထားရှိပါ။

၉။ မိသားစုများ အရေးပေါ် ပြောင်းရွှေ့နိုင်ရန် နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင် သတ်မှတ်ထားပါ။



၃

## လေပြင်းတိုက်ခတ်နေစဉ် သတိပြုလိုက်နာရန် အချက်များ

၁။ လေပြင်းတိုက်ခတ်ချိန်တွင် အမှိုက်များနှင့် ပစ္စည်း များ လေနှင့်လွင့်ပါကာ အန္တရာယ်ဖြစ်စေနိုင်သော ကြောင့် မလိုအပ်ဘဲ အပြင်သို့ မထွက်ပါနှင့်။



၂။ တံခါးများနှင့် ပြတင်းပေါက်များကို မြဲမြံစွာပိတ်ထား ပါ။ မှန်ပြတင်းများအား တိတ်ပြားကြီးများဖြင့် ကန့်လန့်ဖြတ်ကပ်ထားပါ။



၃။ မှန်ပြတင်းပေါက်များနှင့် ဝေးရာတွင် နေထိုင်ပါ။

၄

၄။ လေတိုက်ခတ်မှု အလွန် ပြင်းထန်ပါက ခိုင်ခံ့သော စားပွဲ (သို့မဟုတ်) ခိုင်ခံ့သော အရာဝတ္ထု တစ်ခုခုအောက်တွင် အကာအကွယ်ယူနေပါ။



၅။ အရေးပေါ်အခြေအနေမှလွဲ၍ ဖုန်းအသုံးမပြုပါနှင့်။

## လေပြင်းတိုက်ခတ်စဉ် မိုးသီးကြွေခြင်း၊ မိုးထစ်ချုန်းရွာခြင်း ဖြစ်ပေါ်ပါက သတိပြု လိုက်နာရန် အချက်များ

၁။ လယ်ကွင်း၊ ကွင်းပြင်ထဲ နေထိုင်ခြင်းမှ အတတ်နိုင်ဆုံး ရှောင်ရှားပါ။ တတ်နိုင်သမျှ အိမ်ထဲတွင် နေထိုင်ပါ။



၂။ မဖြစ်မနေ အိမ်အပြင်သို့ ထွက်ရမည်ဆိုပါက ဆိုင်ကယ်စီးဦးထုပ်ကဲ့သို့ ဦးထုပ်အမာများ ဆောင်းပါ။ အဝတ်ထူများ ဝတ်ဆင်သွားပါ။

၃။ တီဗွီ၊ ရေဒီယို၊ လျှပ်စစ် ထမင်းအိုး၊ လျှပ်စစ်မီးပူ စသည့် လျှပ်စစ်နှင့်ဆိုင်သော ပစ္စည်းများကိုလည်း ခလုတ်ပိတ်၍ ပလပ်ဖြုတ်ထားပါ။

၅

၄။ သစ်ပင်၊ ဓါတ်တိုင် နှင့် သံ/သတ္တုပစ္စည်းများအနီး တွင် မနေပါနှင့်။



၅။ မိုးသည်းထန်စွာရွာသွန်းနေစဉ် မိုးကြိုးပစ်နိုင်သော ကြောင့် လျှပ်စီးနိုင်သော လက်ကိုင်ဖုန်း၊ သံနှင့်သတ္တု ပါဝင်သော ပစ္စည်းများကို အသုံးပြုခြင်း၊ ကိုယ်နှင့် တစ်ပါတည်းထားခြင်းမှ ရှောင်ကြဉ်ပါ။

## လေပြင်းတိုက်ခတ်ပြီးနောက် ဆောင်ရွက်ရန် အချက်များ

၁။ ကူညီကယ်ဆယ်ရေးနှင့် အပျက်အစီးများ ရှင်းလင်းခြင်းလုပ်ငန်းများတွင် တာဝန်ရှိသူများနှင့် အတူပူးပေါင်းပါဝင် ဆောင်ရွက်ပါ။



၆

၂။ ကျိုးကျ၊ ယိုင်လဲ၊ ပြိုပျက်နေသော ဓါတ်တိုင်များ၊ ဓါတ်ကြိုးများ၊ သစ်ပင်များ၊ သစ်ကိုင်းများ၊ အဆောက်အအုံများမှ ဝေးရာတွင်နေပါ။ သတိပြု ရှောင်ရှားပါ။ သက်ဆိုင်ရာသို့ အကြောင်းကြားပါ။ ကူညီရှင်းလင်းပါ။



၃။ ထိခိုက်ဒဏ်ရာရရှိပါက ကျန်းမာရေးဌာနများ၌ လိုအပ်သည့် ကုသမှုများကို ခံယူပါ။



၇

၄။ ထိခိုက်လွယ်အုပ်စုများ (ကလေးသူငယ်၊ ကိုယ်ဝန်ဆောင်နှင့် သားသည်မိခင်၊ မသန်စွမ်း၊ သက်ကြီးရွယ်အို စသည့်) အကူအညီ လိုအပ်ပါက တတ်စွမ်းသရွေ့ပေါင်းစပ်ကူညီပေးပါ။



၅။ ယာယီ အခိုအကာလိုအပ်ပါက သက်ဆိုင်ရာ တာဝန်ရှိသူများထံ ဆက်သွယ်အကူအညီ တောင်းခံပါ။


<u>သဘာဝဘေးအန္တရာယ်ကြုံတွေ့လျှင် ဆက်သွယ်ရန်</u>

ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

ရုံးအမှတ်(၂၃)၊ နေပြည်တော်

၂၄နာရီဆက်သွယ်ရန်- ၀၆၇ ၃၄၀၄၆၆၆၊ ၀၆၇ ၃၄၀၄၇၇၇

Email- ddmrelief.lm@gmail.com

reliefup2025@gmail.com

myanmareoc.rrd@gmail.com


၈

# အမေရိကန်နိုင်ငံ ကန်ဆက်ပြည်နယ် အနောက်တောင်ဘက်ပိုင်းတွင် တောမီးအန္တရာယ်သတိပေးချက်ထုတ်ပြန်



**ဝါရှင်တန် မတ် ၅**

အမေရိကန်နိုင်ငံ ကန်ဆက်ပြည်နယ် အနောက်တောင်ဘက်ပိုင်းတွင် အပူချိန်မြင့်တက်၍ တောမီးလောင်ကျွမ်းမှုဖြစ်ပေါ်နေပြီး တောမီးသည် လူနေအိမ်ခြေများဆီသို့ ကူးစက်လာနိုင်သည့်အတွက် ကန်ဆက်ပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက တောမီးအန္တရာယ် သတိပေးချက်ထုတ်ပြန်ထားကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

တောမီးလောင်ကျွမ်းမှုသည် မြက်ခင်းပြင်မှ စတင်လောင်ကျွမ်းနေခြင်းဖြစ်ပြီး တောမီးကူးစက်လောင်ကျွမ်းမှုနှုန်း မြန်ဆန်နေကြောင်း၊ တောမီးသည် ကန်ဆက်ပြည်နယ်အနောက် တောင်ဘက်ပိုင်း ကောင်တီများသို့ ကူးစက်လောင်ကျွမ်းလာနိုင်သောကြောင့် တောမီးအန္တရာယ် သတိပေးချက် ထုတ်ပြန်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

"အနောက်တောင်ဘက်ပိုင်းမှာ အပူချိန်မြင့်တက်မှုကြောင့် တောမီး လောင်ကျွမ်းမှုတွေဖြစ်ပေါ်နေပါတယ်။ မြက်ခင်းပြင်ကနေ တောမီးကူးစက်လောင်ကျွမ်းနေတာဖြစ်ပြီးတော့ တောမီးကူးစက်မှုနှုန်း မြန်ဆန်နေပါတယ်။ တောမီး လောင်ကျွမ်းနေတဲ့ ဧရိယာက ဧက ၃၅၀၀၀ ထိ ရှိနေပါပြီ။ တောမီးဟာ လူနေအိမ်ခြေတွေဆီကို ကူးစက်လောင်ကျွမ်းလာနိုင်တဲ့အတွက်ကြောင့် တောမီးအန္တရာယ်သတိပေးချက် ထုတ်ပြန်ထားပါတယ်။ လူနေအိမ်ခြေတွေဆီကိုမကူးစက်ခင် တောမီးကို ထိန်းချုပ်နိုင်ဖို့အတွက် မီးသတ်တပ်ဖွဲ့ဝင်တွေ အကောင်းဆုံးကြိုးစား ဆောင်ရွက်ပေးနေပါတယ်"ဟု ကန်ဆက်ပြည်နယ် အာဏာပိုင်အဖွဲ့အစည်းမှ တာဝန်ရှိသူဂါဒီနာက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

# အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့တွင် အပူချိန်မြင့်တက်မှု ဖြစ်ပေါ်နေပြီး ၂၀၂၆ ခုနှစ် နှစ်ဦးပိုင်းအတွက် အမြင့်ဆုံးအပူချိန်ဖြင့် ရင်ဆိုင်နေရ

**နယူးဒေလီ မတ် ၅**

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့တွင် အပူချိန်မြင့်တက်မှု ဖြစ်ပေါ်နေပြီး လက်ရှိဖြစ်ပေါ်နေသော အပူချိန်မြင့်တက်မှုမှာ ၂၀၂၆ ခုနှစ် နှစ်ဦးပိုင်းအတွက် အမြင့်ဆုံးအပူချိန်ပမာဏတစ်ရပ် ဖြစ်ကြောင်း အိန္ဒိယ မိုးလေဝသညွှန်ကြားရေးဦးစီးဌာန(IMD)က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားကြောင်း သိရသည်။

မွမ်ဘိုင်းမြို့တွင် မတ် ၄ ရက်မှစတင်၍ အပူချိန်ပမာဏမှာ ၃၈ ဒသမ ၇ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နေကြောင်း၊ ၎င်းအပူချိန်ပမာဏမှာ ပုံမှန်ဖြစ်ပေါ်နေသည့် အပူချိန်ပမာဏထက် ၅ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နေကြောင်း သိရသည်။

"မွမ်ဘိုင်းမြို့မှာ မတ် ၄ ရက်ကစတင်ပြီးတော့ အပူချိန်မြင့်တက်မှုတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ အပူချိန်ပမာဏဟာ ၃၈ ဒသမ ၇ ဒီဂရီစင်တီဂရိတ်ထိ ရောက်ရှိနေပြီးတော့ ပုံမှန်ဖြစ်ပေါ်လေ့ရှိတဲ့ အပူချိန်ပမာဏထက် ၅ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နေပါတယ်။ အပူချိန်မြင့်တက်မှုကြောင့် မီးမပေါ့ဆဖို့နဲ့ တောမီးလောင်ကျွမ်းမှု ဖြစ်ပေါ်လာရင်လဲ တောမီးကို အချိန်မီ ငြိမ်းသတ်ပေးနိုင်ဖို့အတွက် ကြိုတင်ပြင်ဆင်မှုတွေ ပြုလုပ်နေပါတယ်"ဟု အိန္ဒိယ မိုးလေဝသညွှန်ကြားရေးဦးစီးဌာန (IMD)မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

# ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံတွင် မြေပြိုကျမှုကြောင့် သေဆုံးသူဦးရေ ၂၀၀ ကျော် ထိရှိလာ

**ကင်ရှာဆာ မတ် ၅**

ကွန်ဂို ဒီမိုကရက်တစ်သမ္မတနိုင်ငံအရှေ့ပိုင်း မြောက်ကီဗူးပြည်နယ် ရူဘာယာဒေသရှိ မြေပြိုကျမှုကြောင့် ကိုလ်တန်သတ္တုတွင်းပြိုကျကာ သေဆုံးသူဦးရေ ၂၀၀ ကျော်ထိရှိလာကြောင်း နိုင်ငံအစိုးရက ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။



ကိုလ်တန် သတ္တုတွင်းမှ ထုတ်ယူရရှိသည့် တန်တလမ် သတ္တုကို မိုဘိုင်းဖုန်းများ၊ ကွန်ပျူတာများ၊ အာကာသယာဉ် အစိတ်အပိုင်းများနှင့် ဓာတ်ငွေ့အင်ဂျင်များစသည့် ခေတ်မီအီလက်ထရွန်နစ်ပစ္စည်းများ ထုတ်လုပ်ရာတွင် အသုံးပြုပြီး ကုလသမဂ္ဂ၏ခန့်မှန်းချက်အရ ရူဘာယာဒေသရှိ သတ္တုတွင်းများသည် ကမ္ဘာလုံးဆိုင်ရာ တန်တလမ်ပံ့ပိုးမှု၏ ၁၅ ရာခိုင်နှုန်းခန့် ပံ့ပိုးပေးလျက်ရှိကြောင်း သိရသည်။

နိုင်ငံ၏ သတ္တုတွင်းဝန်ကြီးဌာန၏ကြေညာချက်အရ သေဆုံးသူများအနက် အသက်မပြည့်သေးသူ ဦးရေ ၇၀ ခန့်ပါဝင်ပြီး စုစုပေါင်း လူဦးရေ ၂၀၀ ကျော် အသက်ဆုံးရှုံးခဲ့ကြောင်း၊ ရူဘာယာဒေသ သတ္တုတွင်းဇုန်သည် ၂၀၂၄ ခုနှစ်မှ စတင်ကာ M23 လက်နက်ကိုင်အဖွဲ့၏ ထိန်းချုပ်မှုအောက်တွင် ရှိနေသောကြောင့် အစိုးရအနေဖြင့် ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အခက်အခဲများ ကြုံတွေ့နေရကြောင်း သိရသည်။

ထို့ကြောင့် သတ္တုတွင်းဝန်ကြီးဌာနက အဆိုပါသတ္တုတွင်းဇုန်ကို အနီရောင်ဇုန်အဖြစ် သတ်မှတ်ခဲ့ပြီး သတ္တုတူးဖော်ရေးနှင့် သတ္တုရောင်းဝယ်ရေး လုပ်ငန်းများကို တရားဝင်တားမြစ်ထားခဲ့သည်။

ယခုနှစ် ဇန်နဝါရီလတွင် ရူဘာယာဒေသရှိ သတ္တုတွင်းအများအပြားပြိုကျခဲ့ရာ အနည်းဆုံး လူဦးရေ ၂၀၀ သေဆုံးခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

# တရုတ်နိုင်ငံက စိမ်းလန်းသော အသွင်ကူးပြောင်းမှုကို အရှိန်မြှင့်တင်ပြီး ကာဗွန်ထုတ်လွှတ်မှုကို လျှော့ချနေ

**ပေကျင်း မတ် ၅**

တရုတ်နိုင်ငံသည် စိမ်းလန်းသော အသွင်ကူးပြောင်းမှုကို အရှိန်မြှင့်တင်ပြီး ကာဗွန်ထုတ်လွှတ်မှု လျှော့ချနေကြောင်း ယနေ့သတင်းများအရ သိရသည်။

နိုင်ငံ၏ ထိပ်တန်းဥပဒေပြုလွှတ်တော်သို့ ဆွေးနွေးရန် ယနေ့တင်သွင်းခဲ့သည့် အစိုးရလုပ်ငန်းအစီရင်ခံစာအရ တရုတ်နိုင်ငံသည် ၂၀၂၆-၂၀၃၀ ကာလအတွင်း စိမ်းလန်းသော အသွင်ကူးပြောင်းမှုကို အရှိန်မြှင့်တင်မည်ဖြစ်ပြီး GDP တစ်ယူနစ်လျှင် ကာဗွန်ဒိုင်အောက်ဆိုဒ် ထုတ်လွှတ်မှုကို ၁၇ ရာခိုင်နှုန်းထိ လျှော့ချရန်ရည်မှန်းထားကြောင်း၊ စက်မှုလုပ်ငန်း၊ စွမ်းအင်နှင့် သယ်ယူပို့ဆောင်ရေးတို့၏ဖွဲ့စည်းပုံများကို ချိန်ညှိခြင်း၍ အကောင်းဆုံးဖြစ်အောင် အရှိန်မြှင့်တင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် တရုတ်နိုင်ငံသည် ပတ်ဝန်းကျင် ဂေဟစနစ်တိုးတက်ကောင်းမွန်စေရန်၊ စိမ်းလန်း၍ ကာဗွန်ထုတ်လွှတ်မှုနည်းပါးသော စီးပွားရေးကို မြှင့်တင်ရန်နှင့် ကာဗွန်ထုတ်လွှတ်မှု လုံးဝမရှိစေရေး လုပ်ဆောင်သွားမည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။

တရုတ်နိုင်ငံသည် လက်ရှိကာလတွင် စိမ်းလန်းသော အသွင်ကူးပြောင်းမှုအနေဖြင့် GDP တစ်ယူနစ်လျှင် စွမ်းအင်သုံးစွဲမှုကို ၁၀ ရာခိုင်နှုန်းခန့်ကို စတင်လျှော့ချနေပြီဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KZ



# အင်ဒိုနီးရှားနိုင်ငံ မောင့်မာရာပီမီးတောင်တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုများဖြစ်ပေါ်

**ဂျကာတာ မတ် ၅**

အင်ဒိုနီးရှားနိုင်ငံ မောင့်မာရာပီမီးတောင်ဧရိယာတွင် မိုးသည်းထန်စွာရွာသွန်းပြီး တောင်ကျရေများကြောင့် ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုများ ဖြစ်ပေါ်နေကြောင်း အင်ဒိုနီးရှား သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးအဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

မောင့်မာရာပီမီးတောင်သည် သက်ဝင်လှုပ်ရှားမှုနှုန်း အမြင့်ဆုံးသောမီးတောင်ဖြစ်ပြီး မကြာခဏ မီးတောင် ပေါက်ကွဲမှုဖြစ်စဉ် ဖြစ်ပွားလေ့ရှိကြောင်း၊ မီးတောင်အနီးပတ်ဝန်းကျင်တွင်နေထိုင်သည့် ဒေသခံများအနေဖြင့် မီးတောင်ပေါက်ကွဲမှုဖြစ်စဉ် ဖြစ်ပွားပါက ဘေးလွတ်ရာ ရွှေ့ပြောင်းရလေ့ရှိပြီး ယခုရေကြီးရေလျှံမှု ဖြစ်ပေါ်ချိန်တွင်လည်း ဒေသခံများ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနေရကြောင်း သိရသည်။

"မောင့်မာရာပီ မီးတောင် ပတ်ဝန်းကျင်မှာ မိုးသည်းထန်စွာ ရွာသွန်းပြီး တောင်ကျရေတွေကြောင့် ရေကြီးရေလျှံမှုနဲ့ မြေပြိုကျမှုတွေ ဖြစ်ပေါ်နေပါတယ်။ မြေပြိုကျမှုကြောင့် မီးတောင်အနီးမှာရှိတဲ့ သတ္တုမိုင်းတွင်းလုပ်ကွက်မှာ မိုင်းတွင်းလုပ်သား သုံးဦး သေဆုံးပြီး နှစ်ဦး ပျောက်ဆုံးနေပါတယ်။ ထိခိုက်ဒဏ်ရာရရှိသူ ခြောက်ဦးရှိခဲ့ပြီးတော့ ပျောက်ဆုံးနေသူတွေကို အမြန်ဆုံး ရှာဖွေပေးနိုင်ဖို့ ကယ်ဆယ်ရေးဝန်ထမ်းတွေ ကြိုးစားပေးနေပါတယ်။ ထိခိုက်ဒဏ်ရာရရှိသူတွေကိုလဲ နီးစပ်ရာဆေးရုံကို ပို့ဆောင်ပေးထားပြီး လိုအပ်တဲ့ဆေးကုသမှုတွေ ပြုလုပ်ပေးနေပါတယ်"ဟု အင်ဒိုနီးရှား သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးအဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : Sai Sat

ဝတ္ထုတိုကလျာ

# အဝေးဆုံးသို့

မနှင်းဖွေး



( ၁ )

တက္ကသိုလ်ပရဝဏ်တစ်ခုလုံး ကံ့ကော်ရနံ့များ ထုံပျံ့နေသည့် နေ့တစ်နေ့တွင် မောင်နှင့် ကျွန်မ ချစ်သူတွေ ဖြစ်ခဲ့ကြသည်။

မောင့်အချစ်ကို လက်ခံလိုက်ပြီဟု ကျွန်မက သီရိဆောင်ရှိ အချစ်ဆုံး သူငယ်ချင်းများကို ကြေညာလိုက်တော့ သူတို့အားလုံးက ကျွန်မကို မှားသည်ဟု ရင်းနှီးစွာ ဝေဖန်ကြသည်။

မောင်နှင့် ကျွန်မကို သူတို့က အစကတည်းက သဘောမတူပေ။ အကြောင်းပြချက်ကတော့ မောင်နှင့်ကျွန်မသည် စိတ်သဘောထားချင်း၊ အကျင့်စရိုက်ချင်း၊ ပုံစံ (Type) ချင်း မတူလို့တဲ့။

ပုံစံချင်း၊ စိတ်သဘောထားချင်း၊ အကျင့်စရိုက်ချင်း မတူတော့ကော ဘာဖြစ်မှာလဲကွယ်။ လူတစ်ကိုယ် အကြိုက်တစ်မျိုးစီပဲ မဟုတ်လား။ တစ်အူထုံ့ဆင်း မောင်နှမအရင်းများပင် မတူနိုင်ကြသည့်ကိစ္စကို သူတို့ ဘာကြောင့် ပူပန်နေပါသလဲ။

သူတို့ စကားကြောင့်တော့ ကျွန်မရင်ထဲက မောင့်ကို ချစ်သည့် အချစ်စိတ်နှင့် ကြည်နူးရိပ်တို့က လုံးဝလျော့ပါး မသွားခဲ့။ သူငယ်ချင်းတွေကို ထီမထင် ပြုံးပြရင်း ကျွန်မ ခပ်ဆိုးဆိုးလေး တုံ့ပြန်ခဲ့သည်။

မောင်နှင့် ကျွန်မကလည်း သူငယ်ချင်းတွေ ပြောမည်ဆိုလည်း ပြောစရာပင်။ ပုံစံ၊ စိတ်သဘောချင်း၊ အကျင့်စရိုက်ချင်း မတူရုံမက ဝါသနာကအစ ဆန့်ကျင်ဘက်။

ကျွန်မက အားကစားမှာ ဝါသနာပါသည်။ ပါရမီလည်း ရှိသည်။ မူလတန်းကတည်းက ကျောင်းပြေးပွဲပြိုင်ပွဲ၊ ရပ်ကွက်ပြေးပွဲပြိုင်ပွဲများတွင် ကျွန်မ အမြဲဆုရသည်။ တာတိုပြေးမလား။ တာဝေးပြေးမလား၊ လာခဲ့။ ကျွန်မ ဗိုလ်စွဲနေကျ။ သက်တူရွယ်တူများထက် အရပ်အနည်းငယ်မြင့်ပြီး ခြေဆံလက်ဆံရှည်သော ကျွန်မ၏ခန္ဓာကိုယ် ဖွဲ့စည်းပုံက ကျွန်မကို အားကစားမှာ ထူးချွန်အောင် ပံ့ပိုးပေးရော့သလား မပြောတတ်။

ကလေးဘဝတုန်းကတော့ စနစ်တကျ သင်ကြားပေးသူလည်း မရှိ၊ စနစ်တကျ လေ့ကျင့်ပေးသူလည်း မရှိ။ ပြောစရာဆိုလို့ အဆော့မက်သူပီပီ သူငယ်ချင်းတွေနှင့် အမြဲတမ်း စိန်ပြေးတမ်း ကစားတာပဲ ရှိသည်။ အပြေးပြိုင်ပွဲရှိပြီဆိုတော့မှ ဝင်ပြေးရင်း ဆုအကြိမ်ကြိမ် ရခဲ့ခြင်းဖြစ်သည်။

အမေကတော့ ကျွန်မကို ကြည့်ပြီး ယောကျ်ားလျာတစ်ယောက် ဖြစ်သွားမည်ကို စိုးရိမ်ခဲ့သည်။ ထို့ကြောင့် မိန်းကလေးလို ပြုမူနေထိုင်ဖို့၊ မိန်းကလေးလို သိမ်မွေ့နူးညံ့ဖို့၊ မိန်းကလေးပီသဖို့ အမြဲသွန်သင်ခဲ့သည်။

နွေကျောင်းပိတ်ရက်တစ်ခုတွင် အမေက ကျွန်မကို မြန်မာအက သင်တန်းတစ်ခုသို့ အတင်းပို့လွှတ်သင်ကြားခိုင်းဖူးသည်။ အမေခိုင်းသဖြင့် ကျွန်မ ကြိုးစားလုပ်ဆောင်ခဲ့သည်။ သို့သော် မအောင်မြင်ခဲ့ပါ။

ကျွန်မသည် လက်လည်း မချိုးတတ်၊ ခြေလည်း မထိုးတတ်၊ ခါးလည်း မနွဲ့တတ်။ ကျွန်မ ထိုးထိုးထောင်ထောင် ကနေသည်ကိုကြည့်ပြီး ကဖော်ကဖက်တွေက ရယ်ကြသည်။ ဆရာမကလည်း မသိမသာပြုံးသည်။ ပထမတော့ ကျွန်မ ကြိုးစားကြည့်ပါသေးသည်။ နောက်ပိုင်း ဘယ်လိုမှ အဆင်မပြေတော့သည့်အဆုံး သင်တန်းကာလ မပြီးဆုံးခင်မှာပင် ကျွန်မ လက်လျှော့ ထွက်ပြေးခဲ့ရဖူးသည်။

ထိုနေ့မှစ၍ ကျွန်မတစ်သက် ဘယ်တော့မှ မကတော့ဟုလည်း ဆုံးဖြတ်ချက် ချခဲ့သည်။

နောက်တစ်ခု ရှိသေးသည်။ ကျွန်မက ဂီတကို ညွှတ်နူးစွာ ခံစားတတ်သော်လည်း ကိုယ်တိုင်ကိုယ်ကျ သီချင်းတစ်ပုဒ်မျှ မဆိုတတ်ပေ။ ကျွန်မအသံက ဆွဲလို့လည်း မရ၊ ငင်လို့လည်း မရ၊ တက်လို့လည်း မရ၊ ကျလို့လည်း မရ၊ နားထဲ ကြားယောင်နေသော ဂီတသံစဉ်အတိုင်း လိုက်ဆိုကြည့်သည်။ ဘယ်လိုမှ အဆင် မပြေ။ အိမ်မှာ အမှတ်မထင် သီချင်းလေး တစ်ပိုဒ်တလေ ဆိုညည်းမိလျှင် အစ်ကိုတွေက ဝိုင်းစကြသည်။

"ဟယ်... မိမာ...နင်ရွတ်တဲ့ ပရိတ်ကြီးက မေမေ ရွတ်ရွတ်နေတဲ့ ပရိတ်ကြီးနဲ့လည်း မတူပါလား"တဲ့။

ကျွန်မမှာ လူကြားထဲ သီချင်းညည်းချင်လို့ပင် မညည်းဝံ့တော့ပေ။ ပြီးတော့ ကျွန်မက ကဗျာကို ချစ်သည်၊ စာကို ချစ်သည်။ သို့သော် ကျွန်မကိုယ်တိုင် ကဗျာစပ်ဖို့ ကြိုးစားတိုင်း ကာရန်ရှာမရသည်နှင့် လက်မြှောက် အရှုံးပေးခဲ့ရသည်။ ဝတ္ထုရေးဖို့ ကြိုးစားတိုင်း ဇာတ်လမ်း စဉ်းစားမရသည်နှင့် လက်လျှော့ခဲ့ရသည်ကလည်း အကြိမ်ကြိမ်။

ခြုံ၍ပြောရလျှင် ကျွန်မမှာ အနုပညာဗီဇ၊ အနုပညာပါရမီ လုံးဝမပါရှိခဲ့ပါ။ ထို့ကြောင့်လည်း အနုပညာဆန်သော မောင့်ကိုတွေ့သောအခါ ကျွန်မ အထင်ကြီးခြင်းများစွာနှင့် ချစ်ခြင်းမက ချစ်ခဲ့ရော့သလား မပြောတတ်တော့ပေ။

( ၂ )

မောင့်ကို ကျွန်မ အစ်ကိုကြီး၏ ဇနီးလောင်း မမသိင်္ဂီ၏ မွေးနေ့ပွဲတွင် စတင်တွေ့ရှိခဲ့ခြင်းဖြစ်သည်။

စင်စစ် ထိုနေ့က ပွဲကိုသွားဖို့ ကျွန်မ လုံးဝမရည်ရွယ်ခဲ့ပါ။ ဝတ်ကောင်းစားလှဝတ်၍ တခမ်းတနားသွားရသော ပွဲများကို ကျွန်မ ရှောင်ရှားလေ့ရှိပါသည်။ သို့သော် အစ်ကိုကြီးက တိုက်တွန်းလွန်းမက တိုက်တွန်းသောကြောင့်တစ်ကြောင်း၊ ယောက်မလောင်းကလည်း အတန်တန်ဖိတ်ခေါ်သဖြင့် တစ်ကြောင်း စိတ်မပါတပါနှင့် ကျွန်မရောက်အောင် သွားခဲ့ခြင်း ဖြစ်သည်။

အစ်ကိုကြီးက သူ့ကားဖြင့် ကျွန်မအဆောင်ကို လာကြိုမည် ပြောသော်လည်း ညှော့ခံပွဲတွင် အစောကြီးရောက်ပြီး အကြာကြီးထိုင်နေရမှာကို မလိုလားသဖြင့် အစ်ကိုကြီးကို မကြိုခိုင်းဘဲ အင်းလျားမြိုင်ထဲရှိ ယောက်မလောင်းအိမ်ကို အငှားကားစီး၍ ခပ်တည်တည် ကျွန်မ သွားရောက်ခဲ့သည်။

မွေးနေ့ရှင်၏ အိမ်သည် ခမ်းနားထည်ဝါခြင်းများနှင့်အတူ သာယာငြိမ့်ညောင်းသော စန္ဒရားသံက လွှမ်းခြုံထားသည်။

ကျွန်မက အနည်းငယ်နောက်ကျပြီးမှရောက်သွားသည်မို့ ထိုင်စရာ နေရာလွတ်ရှာရာတွင် စန္ဒရားခုံနှင့် ဘေးတိုက်အနေအထား၊ သီးခြား လွတ်နေသောဆိုဖာပုလေးတွင် နေရာရလေသည်။

ထိုအခါတွင် ကျွန်မဘဝ၏ အဓိပ္ပာယ်၊ ကျွန်မဘဝ၏ မျှော်လင့်ချက်၊ ကျွန်မဘဝ၏ အိပ်မက်၊ ကျွန်မဘဝ၏ ခွန်အားရယ်ဟု သတ်မှတ်နိုင်တော့သည်အထိ စွဲနစ်စွာ ချစ်ခင်မြတ်နိုးလာမည့် မောင့်ကို စတင်တွေ့ဆုံခဲ့ရပါတော့သည်။ မောင်သည် စန္ဒရားခုံတွင် ထိုင်၍ "မေတ္တာစေကျွန်" တေးသွားကို တီးခတ်နေသည်။ ဘေးတိုက်အနေအထား လှမ်းမြင်လိုက်ရသော မောင့် မျက်နှာကောက်ကြောင်းက ကျွန်မကို တဒင်္ဂ မှင်တက်မိသွားစေပါသည်။ ထူထဲနက်မှောင်သော မျက်ခုံး၊ ဖြောင့်စင်းသော နှာတံ၊ မထူမပါး သေသပ်ပိရိသော နှုတ်ခမ်း၊ လုံးဝန်းပြေပြစ်သော မေးဖျား။

မောင့်နဖူးပေါ် ဝဲကျနေသော ဆံနွယ်တစ်စသည် ကဗျာဆန်လျက် ဖြူနုသော မောင့်အသားအရေနှင့် ပေါင်းဖက်လိုက်သောအခါ မောင့်မျက်နှာသည် ယောကျ်ားတစ်ယောက်အတွက် သိပ်ချောမောလွန်းနေသလားဟုလည်း ထင်မိပြန်သည်။

စန္ဒရားခလုတ်များအပေါ် ပြေးလွှားနေသော ရှည်လျား ဖြူသွယ်သည့် မောင့်လက်ချောင်းများကို ငေးကြည့်ရင်း ကျွန်မသည် ကျွန်မ၏ တုတ်ခိုင်ကြမ်းတမ်းသော လက်ချောင်းများကို ရှက်စနိုးနှင့် ဝှက်ထားမိသည်။

"အတီးချည်းပဲ မရဘူးလေ ထူးလွင်လတ်ရဲ့ အဆိုလေးလည်း ပါဦးမှပေါ့"

"ဟုတ်တယ် ကိုထူးလွင်လတ်၊ မေတ္တာစေကျွန် ဆိုပါ"

ဩော်... ထူးလွင်လတ် တဲ့၊ နာမည်က။

ဧည့်သည်တွေက ရင်းရင်းနှီးနှီး ပွဲတောင်းတော့ သူ မနေသာတော့ဘဲ အတီးနှင့်တွဲဖက်၍ သီချင်းကိုပါ သီဆိုပြသည်။

"မေတ္တာစေကျွန်... သစ္စာဝန်ထမ်း... စခန်းအဆင့်ဆင့် ကမ္ဘာကုန်စေ... ဆောင်းနွေမိုးဆက်.. နေ့ရက်တာရှည် ပျောက်သောသူ ကြာလေ မမေ့ပေ... တစ်ယောက်သောသူ မေ့ကိုသာရှာဖွေ"

ချိုလွင်ကြည်မြသော သူ့အသံက ကျွန်မအပါအဝင် နားဆင်သူ အားလုံးကို ညှို့ယူဖမ်းစားခဲ့ပါသည်။

သီချင်းဆုံးတော့ လက်ခုပ်သံ ညံမစဲတော့ပေ။

မွေးနေ့ရှင်အတွက် ဆုတောင်းမင်္ဂလာ ပို့သခြင်း၊ ဖယောင်းတိုင်မှုတ်ခြင်း၊ ကိတ်မုန့်လှီးခြင်း၊ ကိတ်မုန့်ခွံ့ခြင်း စသည့် လူကုံထံနှင့် အနောက်တိုင်းဆန်သူတွေ လုပ်လေ့လုပ်ထရှိသော ပကာသနတွေအပြီးမှာ ထမင်းကျွေးဧည့်ခံခြင်း အစီအစဉ် ရောက်လာသည်။

ထမင်းစားဖို့ နေရာယူတော့လည်း ဖြစ်ချင်တော့ သူနှင့် ကျွန်မက ဘေးချင်းယှဉ်လျက် ထိုင်မိလျက်သား ဖြစ်သွားပြန်သည်။

ကျွန်မက ရှက်ရွံ့စွာ ကိုယ်ကို ခပ်ကျုံ့ကျုံ့ထိုင်ရင်း ဇွန်းနှင့်ခက်ရင်းကို လက်သုတ်ပဝါဖြင့် သုတ်နေစဉ် သူက အအေးဖန်ခွက်ကို ကျွန်မဘက် တိုးရွှေ့ပေးသည်။

အပြုံးမြမြနှင့် မွေးနေ့ရှင် မမသိင်္ဂီက စားပွဲတိုင်းကို လိုက်လံနှုတ်ဆက်ရင်း ကျွန်မတို့စားပွဲကို ရောက်လာသည်။

"အားလုံး ပျော်ပျော်ပါးပါး သုံးဆောင်ကြပါရှင်၊ ညီမလေး မာမာ အဝစားနော်၊ ဩော်... မိတ်ဆက်ပေးရဦးမယ်... ဒါ မမသိင်္ဂီရဲ့ မောင်ဝမ်းကွဲလေ၊ ထူးလွင်လတ် တဲ့၊ ရူပဗေဒ နောက်ဆုံးနှစ်"

မမသိင်္ဂီက ကျွန်မတို့နှစ်ယောက်ကြားရပ်၍ မိတ်ဆက်ပေးသည်။ ကျွန်မက သူ့ဘက်လှည့်၍ ပြုံးလိုက်သောအခါ ကျွန်မတို့ အပြုံးချင်းဆိုင်သွားသည်။

"ထူးလွင်လတ်ရေ ... ဟောဒါက ကိုသက်မင်းရဲ့ ညီမလေးလေ၊ မာမာမင်း တဲ့။ ပထဝီနောက်ဆုံးနှစ်၊ သီရိဆောင်မှာ နေတယ်၊ နောက်ပြီး..."

"သိပါတယ် မမသိင်္ဂီရယ်၊ ဝိဇ္ဇာသိပ္ပံတက္ကသိုလ်က တာတိုရော၊ တာဝေးရော အပြေးချန်ပီယံ နာမည်ကြီးတစ်ယောက်ကို မသိဘဲ ရှိပ့ါမလား။ ကျွန်တော်က မမာမာမင်းတို့လို အားကစားထူးချွန်တဲ့သူတွေကို သိပ်ဂုဏ်ယူပြီး သိပ်အားကျတာဗျ။ အသိဖြစ်ချင်နေတာ ကြာပြီ၊ မိတ်ဆက်ပေးတဲ့သူ မရှိလို့၊ ခုမှပဲ..."

ကျွန်မ ရင်ထဲ လှိုက်ခနဲ ဖိုသွားသည်။

အို... သူက ကျွန်မကို သိချင်နေသည် ဆိုပါလား။ အားကစားသမားတွေကို အားကျဂုဏ်ယူသည် ဆိုပါလား။

"ကဲ... အခုချိန်ကစပြီး အသိတွေဖြစ်သွားပြီဆိုတော့ နောင် ကျောင်းမှာတွေ့ရင် နှုတ်မဆက်..."

"နှုတ်မဆက်ဘဲ မနေပါနဲ့"

ထိုနေ့က မောင်သည် သူ၏နူးညံ့သွယ်ပျောင်းသော လက်ချောင်းများဖြင့် ကျွန်မလက်ကို ဆွဲယူလှုပ်ယမ်းပြီး ကျွန်မတစ်သက် မမေ့နိုင်သည့် အပြုံးလှလှလေးတစ်ခုကို မှတ်မှတ်ရရ လက်ဆောင်ပေးခဲ့သည်။

**ဆက်လက်ဖော်ပြပါမည်။**

# မြောင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်းကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး



**စစ်ကိုင်း မတ် ၅**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်းကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၉၀၄၂ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါ စိုက်ပျိုးထားသော နှမ်းစိုက်ခင်းများကို ယခုနှစ် ဖေဖော်ဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၆ ဒသမ ၄၂ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"မြောင်မြို့နယ် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ နှမ်း ၁၉၀၄၂ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ နှမ်းခင်းတွေ လက်ရှိအချိန်မှာတော့ ကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ နှမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ဆီထွက်သီးနှံစိုက်ပျိုးမှုအနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာ ရှိပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

မြောင်မြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်း ကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးခဲ့ကြောင်း သိရသည်။

ဆီထွက်သီးနှံနှမ်းကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။ (၂၀၆)

# ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဖေဖော်ဝါရီလအတွင်း မတ်ပဲ ၁၆ ပြည်ဝင်အိတ်ရေ ၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ကျုံပျော် မတ် ၅**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဖေဖော်ဝါရီလအတွင်း မတ်ပဲ ၁၆ ပြည်ဝင်အိတ်ရေ ၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျုံပျော်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သင်းသင်းက ပြောပြ၍ သိရသည်။

ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ပြီးခဲ့သည့် ဇန်နဝါရီလအတွင်း မတ်ပဲ ၁၆ ပြည်ဝင်အိတ်ရေ ၄၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဖေဖော်ဝါရီလအတွင်း မတ်ပဲ ၁၆ ပြည်ဝင်အိတ်ရေ ၅၀၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ကျုံပျော်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ဖေဖော်ဝါရီလထဲမှာ မတ်ပဲ ၁၆ ပြည်ဝင် အိတ်ရေ ၅၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိလဲ ဒေသထွက်ပဲတွေကို ရန်ကုန်ဈေးကွက်ဘက်ကအဝယ်လိုက်နေပါတယ်။ လတ်တလော အရောင်းအဝယ် ဖြစ်နေတဲ့ ပဲတွေက လက်ကျန်ပဲတွေပါ" ဟု ကျုံပျော်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သင်းသင်းက ပြောပြသည်။

ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် မတ်ပဲ ၁၆ ပြည်ဝင် တစ်အိတ်လျှင်ငွေကျပ် ၁၁၉၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ မတ်ပဲများ တင်ပို့ရောင်းချအားကောင်းလာခြင်းကြောင့် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အဆင်ပြေနေကြောင်း သိရသည်။

ကျော်ကျော်လင်း



# နမ့်စန်မြို့နယ် ကျေးရွာသုံးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**နမ့်စန် မတ် ၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်ခရိုင် နမ့်စန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာသုံးရွာ၌ သုံးရွာတစ်ယူနစ်ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နမ့်စန်ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်မြင့်လွင်ဦး၊ နမ့်စန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး စိုင်းမြတ်ဟိန်းစိုးနှင့် တာဝန်ခံဝန်ထမ်းများက ကျေးရွာသုံးရွာမှ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၇၅ ဒသမ ၉၈ သန်းဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ် လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ မရှိကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ ဆွေးနွေးညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

နမ့်စန်မြို့နယ် ဝမ်လွိုင်ကုန်၊ ဝမ်ကျောင်း၊ နောင်ခါးကျေးရွာတို့မှ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၂ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေကျပ် ၇၅ ဒသမ ၉၈ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သီဟ

## အစဉ်ရှောင်ရှား လောင်းကစား

- ယနေ့ခေတ် လူမှုဘဝ
ကြိုးစားမှ တိုးတက်ပေ၊
ပျင်းရိကာ အချိန်ဖြုန်း
ဆုံးရှုံးထွေထွေ၊
အလွယ်လိုက် အချောင်ခိုနေ
ဖြတ်လမ်းရှာဖွေ လို့လမထား၊
သတိဉာဏ် ပညာရှိ
သိပေါ့ လူသား။

- လူမှုကွန်ရက် အွန်လိုင်းပေါ်က
ဆော့ကစားကြ ဂိမ်းမျိုးစုံ၊
ငွေသွင်းကာ လောင်းကစားပြု
တုယူမှားကုန်၊
အစကတော့ အနိုင်ရပုံ
လောဘကြုံ မရပ်နား၊
ရှိတာကုန် အိမ်ခြံမြေဆုံး
ရုန်းထွက်မအား။

- လောင်းကစားအစုံ ဟူသမျှ
ချဲထီအစ နမူနာယူ၊
ကြက်ဝိုင်း ဖဲဝိုင်း လောင်းကစား
ရှောင်ရှားတစ်မူ၊
ဘဝပျက်လို့ နောင်ရေးပူ
ဇနီးမယားဆူ အသိုက်ပျက်၊
ပျော်ရွှင်စရာ မိသားစုဘဝ
လက်ပြန့်တတ်ဆက်။ ။

ဇင်မင်းစိုး(ဗိုလ်ကလေး)

# သဲကုန်းမြို့နယ် တံခွန်တိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သဲကုန်း မတ် ၅**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တံခွန်တိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ သဲကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထက်နောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျှော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို အသေးစိတ်ရှင်းလင်း ပြောကြားသည်။

ထို့နောက် တံခွန်တိုင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၄၃ ဦးကို ငွေကျပ် ၁၃ ဒသမ ၆ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၈ ဦးကို ငွေကျပ် ၁၅ ဒသမ ၇ သန်း၊ အသေးစား စက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်သူ သုံးဦးကို ငွေကျပ် ၁ ဒသမ ၃ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၄ ဦးကို ရန်ပုံငွေကျပ် ၃၀ ဒသမ ၆ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အေးမြတ်

# စာကလေးပြတဲ့ မိဘမေတ္တာ

**ဆူးသစ်**

တစ်ခါတုန်းက ခြံတစ်ခြံထဲရှိ ခုံတန်းလျားရှည် တစ်ခုပေါ်မှာ အသက် ၆၀ ကျော် အဘိုးကြီး တစ်ယောက်နဲ့ အသက် ၂၅ နှစ်ဝန်းကျင် လူငယ် တစ်ယောက်တို့ ထိုင်နေကြတယ်။ အဘိုးကြီးက တော့ အဝေးကိုငေးလို့ပေါ့။ လူငယ်ကတော့ သတင်း စာဖတ်နေလေရဲ့။ သူတို့နေတဲ့နေရာက ခြံတစ်ခြံမို့ ပန်းပင်၊ သစ်ပင်တွေလဲ ရှိတာပေါ့။

အဲဒီအချိန်မှာ ငှက်တစ်ကောင်က သူတို့ ခပ်လှမ်း လှမ်းက ပန်းချုံပေါ်မှာလာနားတယ်။ အဘိုးကြီးက ငှက်ကိုတွေ့သွားပြီး အဲဒါဘာလဲလို့မေးတယ်။ လူငယ်က သတင်းစာဖတ်ရင်း လှမ်းကြည့်ပြီး စာကလေးတဲ့။ အဘိုးကြီးက ခဏနေတော့ ထပ်မေး တယ်။ အဲဒါဘာလဲတဲ့။ လူငယ်က သတင်းစာကို ခဏဖယ်ရင်း ကျွန်တော်ခုပဲပြောပြီးပြီအဖေ။ အဲဒါ စာကလေးပါ။ စိတ်မရှည်တဲ့ ပုံစံနဲ့ပေါ့။

အဲဒီမှာပဲ ငှက်ကလေးက နေရာရွှေ့သွားတယ်။ သစ်ပင်ကြီးပေါ်ပျံတက်ပြီး သူတို့နဲ့ ခပ်လှမ်းလှမ်း မြေပြင်မှာလာနားတယ်။ အဘိုးကြီးက ထပ်မေး တယ်။ အဲဒါဘာလဲတဲ့။ လူငယ်ရဲ့မျက်နှာမှာ စိတ်ရှုပ် ထွေးပုံပေါက်လာတယ်။ စာကလေးအဖေ။ စာကလေး တစ်ကောင် စာ-က-လေး-တစ်-ကောင်လို့ တစ်လုံး ချင်း အသံထွက်ပြတယ်။ ဒေါသသံနဲ့ တစ်လုံးချင်း ပြောတာပါ။ အဘိုးကြီးကထပ်ပြီးမေးတယ်။ မကြား တဲ့ပုံစံမျိုးနဲ့ပေါ့။ အဲဒါဘာလဲတဲ့။ လူငယ်ကပြော တယ်။ ဘာကြောင့် ဒီလိုလုပ်နေတာလဲ။ ကျွန်တော် အကြိမ်ပေါင်းများစွာပြောပြနေတယ်။ အဲဒါစာကလေး ပါလို့။ အဲဒါကို မကြားဘူးလားတဲ့။

အဘိုးကြီး စိတ်မကောင်းတဲ့မျက်နှာနဲ့ ထသွားပါ တယ်။ လူငယ်က ဘယ်သွားမလို့လဲလို့မေးတယ်။ အဘိုးကြီးက လက်ကာပြပြီး ထွက်သွားတယ်။ အိမ်ရှေ့မှာ ထိုင်နေကြတာဖြစ်လို့ အဘိုးကြီးက ခုံတန်းလျားကနေ အိမ်ထဲဝင်သွားတယ်။ လူငယ်က စိတ်ပျက်လက်ပျက်နဲ့ ထိုင်ခုံမှာ သတင်းစာမဖတ်နိုင် ဘဲ ကျန်ခဲ့တယ်။ အသံတွေက ကျယ်လောင်လွန်းလို့ ထင်ပါရဲ့ စာကလေးလဲပျံသွားတယ်။

ခဏနေတော့ အဘိုးကြီးပြန်ထွက်လာတယ်။ သူ့လက်ထဲမှာ စာအုပ်တစ်အုပ် ပါလာတယ်။ ပြီးတော့ ခုနလူငယ်ရဲ့ဘေးမှာဝင်ထိုင်တယ်။ လူငယ် က လုံးဝမကြည့်ဘူး။ အဘိုးကြီးက စာအုပ်ကိုဖွင့် စာမျက်နှာ တစ်မျက်နှာချင်းလှန်ပြီး တစ်နေရာ ရောက်တော့ လက်နဲ့ထောက်ပြီး လူငယ်ကိုပြတယ်။ စာအုပ်ကို လူငယ်ရဲ့လက်ထဲထည့်ပြီး စာမျက်နှာကို လက်နဲ့ထောက်ပြီးပြတယ်။ ဖတ်ကြည့်ဆိုတဲ့ သဘောပေါ့။

လူငယ်က စာအုပ်ကိုယူကြည့်တဲ့အခါ အဘိုးကြီး က ကျယ်ကျယ်ဖတ်လို့ပြောတယ်။ မျက်လုံးတွေက တော့ ရှေ့တည့်တည့် ဟိုးဝေးဝေးကို ငေးလို့ပေါ့။ အဲဒီမှာပဲ လူငယ်ရဲ့ တိုးတိုးညင်ညင်အသံက စထွက်လာတယ်။

"စာကလေးတစ်ကောင် ငါတို့ရှေ့မှာ နားနေတဲ့ အချိန် ငါရယ် လွန်ခဲ့တဲ့ရက်အနည်းငယ်က သုံးနှစ် ပြည့်ခဲ့တဲ့ ငါ့သားအငယ်ဆုံးလေးရယ်။ ဒီနေ့ ပန်းခြံ ထဲမှာထိုင်နေခဲ့တယ်။ ငါ့သားက ငါ့ကို အဲဒါဘာလဲ လို့ ၂၁ ကြိမ်မေးခဲ့တယ်။ အဲဒါဘာလဲဆိုတာ ၂၁ ကြိမ် စလုံးငါဖြေခဲ့တယ်။ စာကလေးတစ်ကောင်လေ။ သူမေးတဲ့အကြိမ်တိုင်း ငါသူ့ကို ပွေ့ဖက်ခဲ့တယ်။ သူကလဲ ငါ့ကိုဒီမေးခွန်းပဲထပ်မေးခဲ့တယ်။ တစ်ခွန်း ပြီးတစ်ခွန်း ငါ့ရဲ့ အပြစ်ကင်းတဲ့ကလေးလေးအတွက် အပြစ်တင်စရာ၊ စိတ်ပျက်စရာမရှိတဲ့ ခံစားမှုမျိုးနဲ့ ငါဖြေခဲ့တာ"

အဲဒီလို လူငယ်က အသံထွက်ဖတ်နေတုန်းမှာ အဘိုးကြီးမျက်နှာမှာ ကြည်နူးမှုအပြုံးလေးပေါ်နေ တယ်။ လူငယ်ဆက်မဖတ်နိုင်တော့ဘူး။ စာအုပ် ကိုင်ထားတဲ့လက်ကမြှောက်ထားရာကနေ ပေါင်ပေါ် ကျသွားတယ်။ သူ့ဘာသာလဲ စိတ်ပျက်သွား တယ်။ ဘာမျှမပြောဘဲ အဘိုးကြီးကို လက်နဲ့ပွေ့ဖက် လိုက်တယ်။ ပြီးတော့ အနမ်းတစ်ချက်ပေးလိုက် တယ်။ သူ့လက်ထဲကသတင်းစာလဲ မြေကြီးပေါ် ပြုတ်ကျလို့။ အဲဒီအချိန် စာကလေးတစ်ကောင် သစ်ပင်ပေါ်မှာပျံဝဲနေပြီး ခဏအကြာ အဝေးကို ထွက်သွားလေရဲ့။

> ❖ "စာကလေးတစ်ကောင် ငါတို့ရှေ့မှာ နားနေတဲ့အချိန် ငါရယ် လွန်ခဲ့တဲ့ရက်အနည်းငယ်က သုံးနှစ်ပြည့်ခဲ့တဲ့ ငါ့သားအငယ်ဆုံးလေး ရယ်။ ဒီနေ့ ပန်းခြံထဲမှာထိုင်နေခဲ့တယ်။ ငါ့သားက ငါ့ကို အဲဒါဘာ လဲလို့ ၂၁ ကြိမ်မေးခဲ့တယ်။ အဲဒါဘာလဲဆိုတာ ၂၁ ကြိမ်စလုံး ငါဖြေခဲ့တယ်။ စာကလေးတစ်ကောင်လေ။ သူမေးတဲ့အကြိမ်တိုင်း ငါသူ့ကို ပွေ့ဖက်ခဲ့တယ်။ သူကလဲ ငါ့ကို ဒီမေးခွန်းပဲထပ်မေးခဲ့တယ်။ တစ်ခွန်းပြီးတစ်ခွန်း ငါ့ရဲ့အပြစ်ကင်းတဲ့ကလေးလေးအတွက် အပြစ် တင်စရာ၊ စိတ်ပျက်စရာမရှိတဲ့ခံစားမှုမျိုးနဲ့ ငါဖြေခဲ့တာ" ❖

သူငယ်ချင်းတစ်ယောက် ကျွန်တော့်ကိုပေးကြည့် ခဲ့တဲ့ နိုင်ငံခြားရုပ်ရှင်ဇာတ်လမ်းတိုလေးပါ။ မိဘ မေတ္တာကို ပေါ်လွင်စေတဲ့ရုပ်ရှင်ပါပဲ။ ဒီဇာတ်လမ်း လေးရဲ့ထူးခြားချက်က သားသမီးတွေ မိဘအပေါ် ထားတဲ့စိတ်ခံစားချက်ကို ပိုပေါ်စေပါတယ်။ အဲဒီအတိုင်း လဲ ဒီနေ့ခေတ် သားသမီးတော်တော်များများရဲ့ မိဘအပေါ်တုံ့ပြန်မှုက ဖြစ်နေတာအမှန်ပါပဲ။

ကျွန်တော်တွေးကြည့်ဖူးတယ်။ လူတိုင်း မိဘ အပေါ် ဘယ်လောက်စိတ်ရှည်သည်းခံခဲ့သလဲဆိုတာ။ တကယ်တော့ အတိုင်းအတာတစ်ခုထိပဲ ရှိတာပါ။ မိဘတွေကတော့ အကန့်အသတ်မဲ့ စိတ်ရှည်ခဲ့ တာပါပဲ။

ကျွန်တော်တို့ရဲ့ အဘိုးအဘွားတွေက အဖေ၊ အမေ တွေအပေါ်၊ အဖေ၊ အမေတွေက ကျွန်တော်တို့အပေါ် တောက်လျှောက်စီးဆင်းလာတဲ့ မိဘမေတ္တာဆိုတာ အကန့်အသတ်မဲ့ပါပဲကွာ။ ပြောင်းပြန်စဉ်းစားတော့ အဖေ၊ အမေတွေကို ကျွန်တော်တို့ပေးဆပ်တာ အဖေ၊ အမေတွေက အဘိုးအဘွားတွေကို ပေးဆပ် တာတွေဟာ အတိုင်းအတာတစ်ခုထိပဲရှိပါလား။

စင်ကာပူနိုင်ငံမှာ မိဘတွေဟာ တော်တော်သနား စရာကောင်းပါတယ်။ ကျွန်တော်ကြားသိရသလောက် အချို့သားသမီးတွေက အလုပ်သွားရင် မိဘတွေကို ထမင်းချိုင့်နဲ့ အိမ်အောက်က ထိုင်ခုံမှာထားခဲ့တယ် တဲ့။ ဘာဖြစ်လို့လဲဆိုတော့ အိမ်မှာ သူတို့လုပ်လို့ မီးတွေဘာတွေလောင်ရင် အိမ်ရှင်ဖြစ်တဲ့ သားသမီး က အဖမ်းခံရတာတဲ့လေ။ ဒီတော့ မိဘတွေလဲ တစ်နေကုန် အိမ်အောက်မှာနေတော့ပေါ့။

အသက်ကြီးလာတဲ့လူကြီးမိဘတွေဆို နာမကျန်း ဖြစ်မှာ သိပ်ကြောက်ကြတယ်။ သူတို့နိုင်ငံရဲ့ ဆေးကုသစရိတ်က တော်တော်မြင့်တယ်။ မိသားစု ဝင်ငွေနဲ့ ကုလို့ရရင်ရ၊ မရရင် ဆေးရုံမှာဒီအတိုင်းပဲ ထားလိုက်ကြတယ်။ ဒီတော့ ဘိုးဘွားရိပ်သာရောက် သူရောက်၊ ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်သူတွေစီရင်၊ အဲဒီလိုဖြစ်စဉ်တွေက အများကြီးပဲတဲ့။ ကျွန်တော်တို့ နိုင်ငံမှာတော့ အဲဒီအခြေအနေလောက် မဆိုးသေးပါ ဘူး။ ရှိစုမဲ့စုနဲ့ မိဘတွေကို တင်ကျွေးသေးတာပါပဲ။ တချို့သာ ပြည့်စုံလျက် မိဘကို ဥပေက္ခာပြုကြတာ ပါ။ ဒါလဲ လူနည်းစုပါပဲ။

အခု ကျွန်တော်ပြောခဲ့တဲ့ ရုပ်ရှင်ဇာတ်ကားထဲမှာ အဖေဖြစ်သူက သူ့သားကို စာကလေးနဲ့ပတ်သက်လို့ မေးခဲ့တာ။ ဒါကို ဒေါသဖြစ်တဲ့သားက စိတ်မရှည်တဲ့ လေသံနဲ့ ဖြေခဲ့တာလေးတွေ့မှာပေါ့။ အဖေဖြစ်သူက သူ့ရဲ့ ဒိုင်ယာရီထဲမှာ သူ့သား သုံးနှစ်သားတုန်းက စာကလေးနဲ့ပတ်သက်ပြီး ၂၁ ကြိမ်မေးခဲ့တာ စိတ်ရှည်လက်ရှည်ဖြေခဲ့တာပြန်ပြမှ သားဖြစ်သူက မှားမှန်း သိသွားခဲ့တယ်။

တကယ်တော့ အဖေတစ်ယောက်မှတ်ထားခဲ့တဲ့ ဒိုင်ယာရီထဲက စာတွေဟာ သူ့နှလုံးသားထဲက ပုံရိပ်တွေလောက် ထင်ရှားနိုင်မှာ မဟုတ်ပါဘူး။ ဒီဇာတ်လမ်းမှာ အဖေဆိုပေမဲ့ အမေတွေလဲ ဒီအတိုင်းပါပဲ။ အဖေပဲဖြစ်ဖြစ်၊ အမေပဲဖြစ်ဖြစ် အားလုံးဟာ မိဘကို ကိုယ်စားပြုတာပါပဲ။ ဒီတော့ မိဘတွေရဲ့ စိတ်ရှည်သည်းခံမှုဟာ သားသမီးတွေ ထက်သာတယ်ဆိုတာကို ဒီဇာတ်လမ်းလေးက ပေးသွားခဲ့တာပါ။ မြန်မာပြည်နဲ့ဝေးဝေးမှာ အလုပ် လုပ်နေရတဲ့ ကျွန်တော့်အတွက် ဇာတ်လမ်းလေးဟာ နောင်တတွေ အတန်တန်ရစေသလို ခံစားကြေကွဲ ပါတယ်။ မြန်မာလူမျိုးတွေဟာ သူများနိုင်ငံတွေလို မိဘကို ပစ်စလက်ခတ်မထားပေမဲ့ မိဘကို ပြောဆို ဆက်ဆံရာမှာတော့ စိတ်မရှည်ရင်မရှည်သလို ချက်ချင်းတုံ့ပြန်တာတွေ ကျန်နေပါသေးတယ်။

အသက်ကြီးလို့ အမြင်မှုန်လာလို့၊ မသိလို့ထပ်မေး တာလား။ နားလေးလို့ မကြားတာလား။ အားနည်း လို့ စကားတွေနှေးလာတာလားဆိုတာ မိဘတွေ အတွက် ဘယ်သူတွေ စဉ်းစားခဲ့ကြဖူးပါသလဲ။

ဟာ...အဖေက မမြင်ဘူးလား။ ဟာ...အမေက မကြားဘူးလား။ အမေမြန်မြန်ဖြေလေ။ ဟာအမေက လဲဗျာစတဲ့ စကားတွေဟာ သားသမီးတွေ တစ်ခွန်း မဟုတ်တစ်ခွန်း ပြောခဲ့တဲ့စကားတွေပါ။ အခုဇာတ် လမ်းထဲကလို စိတ်မရှည်တဲ့လေသံနဲ့ သားသမီးတွေ ပြောခဲ့ကြမှာပါ။ အဲဒီအခါ အဝေးကိုငေးရီရီကြည့်ရင်း စိတ်မကောင်းဖြစ်ခဲ့ကြတဲ့ မိဘတွေကို သတိထားမိ ခဲ့ရဲ့လား။

တစ်သက်လုံး ကိုယ့်ဘက်ကချည်းယူခဲ့တဲ့ စိတ်မချမ်းသာမှု၊ မွေးကတည်းကစခဲ့တာ မိဘတွေ အိုမင်းရင့်ရော်တဲ့ထိ ကိုယ့်ဘက်ကချည်း အသာစီး ပါပဲလား။

ကျွန်တော်တို့ငယ်ငယ်ကဖြစ်ခဲ့တဲ့ သဘာဝတွေ ကိုမိဘတွေအသက်ကြီးလာရင် တစ်ခါပြန်ဖြစ်တတ် ပါတယ်။ မိဘတွေ လူကြီးအရွယ်ရောက်နေတုန်း ကျွန်တော်တို့ကလေးဘဝမှာလုပ်ခဲ့တာတွေ နားလည် ခွင့်လွှတ်တတ်ပေမဲ့ ကျွန်တော်တို့ လူကြီးအရွယ် ရောက်ပြီး မိဘတွေက ကျွန်တော်တို့ငယ်ငယ်ကလို ဖြစ်ရင် နားလည်မပေးနိုင်တာ ဘာကြောင့်လဲ။ အဲဒီလိုအဖြစ်မျိုးတွေအတွက် သားသမီးတိုင်း ပြန်တွေးရင်း အမြဲကြေကွဲနေသင့်တယ်။ အဖြေ အမြဲရှာနေသင့်တယ်။ စဉ်းစားသုံးသပ်နေသင့်တယ်။ သိတဲ့ခဏမှာ စိတ်ကိုထိန်းနိုင်ခဲ့ရင် စိတ်လွှတ်သွားတဲ့ အချိန်တိုင်းမှာလဲ မိဘတွေ ကိုယ့်ကိုဘယ်လို ဆက်ဆံခဲ့တာဆိုတာမျိုးနဲ့ ပြန်နှိုင်းယှဉ်ကြည့်သင့် တယ်။ မေ့နေခဲ့ရင်တောင် အခုပြောခဲ့တဲ့ရုပ်ရှင်လို ဇာတ်လမ်းမျိုးနဲ့ မိဘမေတ္တာ ကျေးဇူးဆိုတာ ပြန်တူး ဖော်ကြည့်သင့်တယ်။

ကျွန်တော်ပြောခဲ့တဲ့ ရုပ်ရှင်အတိုလေးမှာ စာကလေးတစ်ကောင်ကိုအကြောင်းပြုပြီး မိဘ မေတ္တာကို ဖျတ်ခနဲပြသွားတယ်။ လူငယ်တွေ သိသင့် တယ်ထင်လို့ ဘာသာပြန်ပြီး အသိပေးလိုက်တာပါ။ ဒီဇာတ်လမ်း ဒီဆောင်းပါးကနေ မိဘတွေရဲ့မေတ္တာ ကို ဖျတ်ခနဲနားလည်သွားရင်ပဲ ရိုက်တဲ့ဒါရိုက်တာ ကော ဒီဆောင်းပါးရေးတဲ့ကျွန်တော်ပါ ကျေနပ်နေမိ မှာတော့ အမှန်ပါပဲ။

**ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတိမှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း**

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခ အပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Pass-port for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

အလုပ်သမားဝန်ကြီးဌာန

# ထီးချိုင့်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါးကေ ၁၀၂၆၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ထီးချိုင့် မတ် ၅**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ကေ ၁၀၂၆၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ ထီးချိုင့်မြို့နယ်တွင် စပါး ၁၀၆၂၀ ကေ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇန်နဝါရီလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ကေ ၁၀၂၆၀ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

" ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီ ထီးချိုင့်မြို့နယ်မှာ စပါး ၁၀၆၂၀ ကေ စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ကေ ၁၀၂၆၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ နွေစပါးစိုက်တောင်သူတွေကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးတာတွေ၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေး အသိပညာပေးတာတွေ ဆောင်ရွက်ပေးနေပါတယ်" ဟု ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြသည်။

စပါးကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြ၍ သိရသည်။

(၂၀၆)

# ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ရောမင်းဆန် ၂၄ ပြည်ဝင်အိတ်ရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ငပုတော မတ် ၅**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ရောမင်းဆန် ၂၄ ပြည်ဝင်အိတ်ရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ငပုတောမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သီတာက ပြောပြသည်။

ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဇန်နဝါရီလအတွင်းက ရောမင်းဆန် ၂၄ ပြည်ဝင်အိတ်ရေ ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဖေဖော်ဝါရီလအတွင်း ရောမင်းဆန် ၂၄ ပြည်ဝင်အိတ်ရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

''ငပုတောမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ဆန်အပါအဝင် လယ်ယာထွက်ကုန်တွေ တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ ဖေဖော်ဝါရီလတွင်း ရောမင်းဆန် ၂၄ ပြည်ဝင်အိတ်ရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်က ဒီဘက်ကဆန်တွေကို အဝယ်လိုက်နေပါတယ်။ ဆန်တွေ အရောင်းအဝယ် ကောင်းလာတဲ့အတွက် တောင်သူတွေ၊ ပွဲရုံပိုင်ရှင်တွေ၊ ကုန်တင်ကုန်ချလုပ်သားတွေ၊ ကုန်တင်ယာဉ်အငှားလိုက်သူတွေ အလုပ်အကိုင်အခွင့်အလမ်း ရရှိနေပါတယ်''ဟု ငပုတောမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သီတာက ပြောပြသည်။



ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း တင်ပို့ရောင်းချခဲ့သည့် ရောမင်းဆန်၂၄ ပြည်ဝင်တစ်အိတ်လျှင် ငွေကျပ် ၇၅၀၀၀ မှ ၈၀၀၀၀ ထိဈေးပေါက်နေကြောင်း၊ ငပုတောမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ဒေသထွက် စပါးများကို ဝယ်ယူကြိတ်ခွဲပြီး ဆန်အဖြစ် ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# နောင်မွန်မြို့နယ် ကျေးရွာသုံးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**နောင်မွန် မတ် ၅**

ကချင်ပြည်နယ် ပူတာအိုခရိုင် နောင်မွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန်နှင့် အတိုးနှုန်းသက်သာသည့် ငွေကြေးအရင်းအနှီးများရရှိစေရန် ရည်ရွယ်၍ လန်ဆာကျေးရွာ၊ ချယ်ကန်ကျေးရွာနှင့် ကော်လဲ့ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို မတ် ၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နောင်မွန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လွင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ အဆိုပါကျေးရွာသုံးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေကျပ် ၂၇ ဒသမ ၄ သန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ် လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လွင်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကျေးရွာသုံးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၁ ဦးကို ငွေကျပ် ၄ ဒသမ ၆ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၀ ဦးကို ငွေကျပ် ၅ ဒသမ ၂ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ဦးရေ ၂၀ ကို ငွေကျပ် ၁၇ ဒသမ ၆ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၁ ဦးကို ရန်ပုံငွေကျပ် ၂၇ ဒသမ ၄ သန်း ထုတ်ချေးပေးထားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း နောင်မွန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အောင်ရဲကျော်**

# မင်းဘူးမြို့နယ် ပိုက်သင်ကျေးရွာ၌ စိုက်ပျိုးရေရရှိရေးလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မင်းဘူး မတ် ၅**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေဖြင့် ပိုက်သင်ကျေးရွာ၌ ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို မတ် ၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုနှင့် တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာရေရရှိရေး ကော်မတီဝင်များနှင့်အတူ ပိုက်သင်ကျေးရွာ၌ ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေရရှိရေး လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုက ဆောင်ရွက်ပြီး စိုက်ပျိုးရေရရှိရေးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ပိုက်သင်ကျေးရွာ၌ 5.5 KW အင်ဗာတာနှင့် 7 KW ဆိုလာ တပ်ဆင်ခြင်း၊ 3 HP Submersible pump တပ်ဆင်ခြင်းနှင့် အနက်ပေ ၂၀၀၊ အကျယ် ၄ ဒသမ ၅ လက်မရှိ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၅၅ ဒသမ ၄၅ သိန်းဖြင့် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူ၍ ယခုနှစ် ဇန်နဝါရီ ၈ ရက်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုထံမှ သိရသည်။ **ဇင်မာ**

# ပင်လောင်းမြို့နယ် ထိငိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပင်လောင်း မတ် ၅**

ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရန်၊ တိုးပွားလာသောရန်ပုံငွေများဖြင့် ကျေးရွာတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ထီးပေါင်းကျေးရွာအုပ်စု ထိငိုကျေးရွာ၌ ၁၂ ကြိမ်မြောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို မတ် ၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပင်လောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးရခြင်း၏ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းအကြောင်းအရာများ၊ စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံက အတိုးနှုန်းနှင့်ကာလ သတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၆၁၃ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ထိငိုကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်မည့် စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၃ ဦးကို ရန်ပုံငွေကျပ် ၆၁၃ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မောင်ခိုင်**

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ရေတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှုလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



# တစ်ပတ်ရစ်လေယာဉ်တင်သင်္ဘောဝယ်ယူသွားရန် ကြိုးပမ်းနေသည့် အင်ဒိုနီးရှားနိုင်ငံ

အင်ဒိုနီးရှားနိုင်ငံအနေဖြင့် အီတလီနိုင်ငံက အနားပေးထားသည့် Giuseppe Garibaldi လေယာဉ်တင်သင်္ဘောဝယ်ယူသွားရန် ကြိုးပမ်းမှုကို ပင်လယ်ရေကြောင်းဆိုင်ရာကြွံကြွံခံနိုင်စွမ်းအတွက် ခြေလှမ်းတစ်ရပ်အဖြစ် ရှုမြင်နိုင်မည်ဖြစ်သည်။ သို့သော် ထိုသို့ဝယ်ယူမှုသည် ရည်မှန်းချက်နှင့် အခြေခံသဘောတရားကို လက်တွေ့အကောင်အထည်ဖော်နိုင်မှု၊ ဘတ်ဂျက်အပြင် စစ်ရေယာဉ်အုပ်များအသင့်ဖြစ်မှုတို့ကြား ကွာဟချက်များ ရှိလာနိုင်သည်။

အင်ဒိုနီးရှားနိုင်ငံသည် အနားပေးထားသည့် အီတလီနိုင်ငံ၏ အပေါ့စားလေယာဉ်တင်သင်္ဘော Giuseppe Garibaldi ကို အောက်တိုဘာ ၅ ရက်တွင် ကျရောက်မည့် အင်ဒိုနီးရှားနိုင်ငံ တပ်မတော်နေ့ နှစ်ပတ်လည်နေ့မတိုင်မီလက်ခံရရှိနိုင်ရန် စီမံကိန်းများကို တွန်းအားပေးဆောင်ရွက်လျက်ရှိသည်။ ထိုသို့လွှဲပြောင်းလက်ခံရရှိမည်ဆိုလျှင် အင်ဒိုနီးရှားနိုင်ငံသည် အရှေ့တောင်အာရှတွင် ထိုင်းနိုင်ငံပြီးလျှင် လေယာဉ်တင်သင်္ဘောလက်ခံရရှိမည့် ဒုတိယမြောက်နိုင်ငံဖြစ်လာတော့မည်ဖြစ်သည်။ သို့သော် နှစ် ၄၀ သက်တမ်းရှိပြီး အရှည်မီတာ ၁၈၀ ရှိသောသင်္ဘောသည် ပင်လယ်ပြင်၌ တာဝန်ထမ်းဆောင်နိုင်ရေးအတွက်သင်္ဘောသားများ၊ အစောင့်လိုက်သင်္ဘောများနှင့် တိုက်လေယာဉ်များဖြည့်ဆည်းနိုင်စွမ်းမရှိလျှင် ဆိပ်ကမ်း၌သာ ဆိုက်ကပ်ထားရဖွယ်ရှိနေသည်။

အင်ဒိုနီးရှားရေတပ်က အီတလီနှင့် ဆွေးနွေးညှိနှိုင်းမှုများလုပ်ဆောင်နေပြီး အလျင်အမြန်လွှဲပြောင်းလက်ခံသွားမည်ဖြစ်ကြောင်း၊ အီတလီတပ်ဖွဲ့များသည် လေယာဉ်တင်သင်္ဘောကို ဦးစွာကိုင်တွယ်မောင်းနှင်ပြသသွားမည်ဖြစ်ကြောင်း၊ ထို့နောက် အင်ဒိုနီးရှားနိုင်ငံ၌ ပြန်လည်မွမ်းမံလေ့ကျင့်သွားမည်ဖြစ်ကြောင်းပြောကြားသွားသည်။ အဆိုပါလေယာဉ်တင်သင်္ဘောသည် ကျွန်းစုပေါများသော အင်ဒိုနီးရှားနိုင်ငံအတွက် သင့်လျော်မှုရှိပြီး လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းများ၊ စစ်ရေးလေ့ကျင့်မှုများအတွက် များစွာအထောက်အကူပြုစေမည်ဖြစ်သည်။

၎င်းလေယာဉ်တင်သင်္ဘောကို ပြန်လည်ပြုပြင်မွမ်းမံပြင်ဆင်မှုများလုပ်ဆောင်ပြီး ဒရုန်းအခြေစိုက်ကင်းထောက်မှုများနှင့် ကင်းထောက်မစ်ရှင်များထမ်းဆောင်မည်ဆိုလျှင် အင်ဒိုနီးရှားနိုင်ငံသည် ပြေးလမ်းတိုခြင်း ဆင်းသက်ပျံသန်းနိုင်သော (STOVL) ဂျက်လေယာဉ်များမရှိသည့်အပြင် လေယာဉ်တင်သင်္ဘော၌ အကြီးစားတိုက်လေယာဉ်များအတွက် ကုန်းပတ်လည်းမရှိသဖြင့် နှစ်စဉ်အသုံးပြုမှုကုန်ကျစရိတ်သည် အမေရိကန်ဒေါ်လာသန်းပေါင်းများစွာ ရှိမည်ဖြစ်သည့်အတွက် စစ်ရေယာဉ်စုအတွက် အရင်းအမြစ်ရှားပါးမှုနှင့် ကြုံတွေ့ရဖွယ်ရှိနေသည်။ သို့သော် Garibaldi လေယာဉ်တင်သင်္ဘောဝယ်ယူခြင်းသည် ပိုမိုကြီးမားသည့် ခေတ်မီလေယာဉ်တင်သင်္ဘောတစ်စီး မတည်ဆောက်နိုင်သေးမီ လေယာဉ်တင်သင်္ဘောဆိုင်ရာနည်းပညာကို ဈေးနှုန်းချိုသာစွာဖြင့် လေ့လာသင်ယူနိုင်မည်ဖြစ်သည်။

လေယာဉ်တင်သင်္ဘောဝယ်ယူခြင်းသည် အိန္ဒိယသမုဒ္ဒရာနှင့် ပစိဖိတ်သမုဒ္ဒရာတွင် ခွလျက်တည်ရှိနေသည့်အပြင် ကျွန်းပေါင်း ၁၇၀၀၀ ကျော်၌ သဘာဝဘေးအန္တရာယ်ထူပြောလျက်ရှိသည့် အင်ဒိုနီးရှားနိုင်ငံအတွက် ကောင်းမွန်သောစိတ်ကူးစိတ်သန်းပင်ဖြစ်သည်။ ဆိုရလျှင် တိုင်ဖွန်းမုန်တိုင်းနှင့် မြေလျှင်များကဲ့သို့သော သဘာဝဘေးအန္တရာယ်များသည် ဆိပ်ကမ်းများ၊ လမ်းများနှင့် လေယာဉ်ကွင်းများကို မကြာခဏပိတ်ထားရလေ့ရှိသည်။



**အီတလီနိုင်ငံ၏ အပေါ့စားလေယာဉ်တင်သင်္ဘော Giuseppe Garibaldi ကို တွေ့ရစဉ်။**

လေယာဉ်တင်သင်္ဘောကဲ့သို့သော အကြီးစားသင်္ဘောများသည် ရေပေါ်ကွပ်ကဲမှုနေရာ၊ ဆေးရုံနှင့် လေယာဉ်ကွင်းအဖြစ် သုံးမျိုးအသုံးပြုနိုင်မည်ဖြစ်သည်။ အင်ဒိုနီးရှားနိုင်ငံ၏ Makassar အတန်းအစား ကမ်းထိုးရေယာဉ်(LPD)သည် အဆိုပါအခန်းကဏ္ဍများကို ထမ်းဆောင်နိုင်သော်လည်း Garibaldi လေယာဉ်တင်သင်္ဘောသည် ရဟတ်ယာဉ် ၁၈ စင်း တင်ဆောင်နိုင်သည့်အချိန်၌ ၎င်း LPD သည် ရဟတ်ယာဉ် သုံးစင်းခန့်သာ သယ်ဆောင်နိုင်စွမ်းရှိသည်။ အင်ဒိုနီးရှားနိုင်ငံတွင် တပ်မတော်သည် သဘာဝဘေးအန္တရာယ်တုံ့ပြန်ရေးတာဝန်များ ထမ်းဆောင်နေရပြီး လေယာဉ်တင်သင်္ဘောသည် တပ်မတော်ကို ဘေးအန္တရာယ်ကယ်ဆယ်ရေးမစ်ရှင်များ ထမ်းဆောင်ရာ၌ ပိုမိုလျင်မြန်ပြီး ဘေးကင်းလုံခြုံစွာဖြင့် ထမ်းဆောင်သွားနိုင်စေမည်ဖြစ်သည်။

ထို့ပြင် လေယာဉ်တင်သင်္ဘောများသည် အဆိုပါအခန်းကဏ္ဍများအပြင် Natuna ကျွန်းစုများနှင့် အထူးစီးပွားရေးဇုန်(EEZ)များတွင် တိုင်းပြည်၏ အချုပ်အခြာအာဏာကို ကာကွယ်ရာ၌မဟာဗျူဟာမြောက်ထမ်းဆောင်နိုင်စေမည့်အပြင် ရေပြာရေတပ်ဖွဲ့စည်းရေးအတွက် အခြေခံအုတ်မြစ်ကိုလည်းချမှတ်သွားနိုင်မည်ဖြစ်သည်။ ထို့ပြင် Garibaldi လေယာဉ်တင်သင်္ဘောဝယ်ယူမှုသည် တူကီယဲနိုင်ငံထုတ် Bayraktar TB3 တိုက်ခိုက်ရေးဒရုန်းများဝယ်ယူမှုနှင့်လည်းဆက်နွှယ်နေပြီး ၎င်းဒရုန်းများကို လေယာဉ်တင်သင်္ဘောများပေါ်မှ အသုံးပြုသွားမည်ဖြစ်သည်။

အခြားတစ်ဖက်တွင် အင်ဒိုနီးရှားနိုင်ငံ၏ လေယာဉ်တင်သင်္ဘောဝယ်ယူမှုစီမံကိန်းများနှင့်စပ်လျဉ်း၍ Giuseppe Garibaldi ကဲ့သို့သော အသေးစားလေယာဉ်တင်သင်္ဘောများသည် ထိုးစစ်နှင့် ခံစစ်ကြားအကျပ်အတည်းကိုလည်း ရင်ဆိုင်သွားရမည်ဖြစ်သည်။ တိုက်လေယာဉ် ၁၈ စင်းဖြင့်သာ ဖွဲ့စည်းထားသည့်လေယာဉ်အုပ်သည် တိုက်ခိုက်ရေးမစ်ရှင်များအတွက် ဂျက်လေယာဉ်များ ပိုမိုစေလွှတ်သွားမည်ဆိုလျှင် လေယာဉ်အုပ်၏ လေကြောင်းရန်ကာကွယ်ရေးစနစ်ကို ချည့်နဲ့စေမည်ဖြစ်သည်။ အလားတူ ခံစစ်ကိုဦးစားပေးမည်ဆိုလျှင် ထိုးစစ်အဟုန်ကျသွားမည်ဖြစ်သည်။ အမှန်တော့ သင်္ဘောဖျက်ပဲ့ထိန်းဒုံးကျည်များနှင့် ရေငုပ်သင်္ဘောများကြီးစိုးလာသည့်ခေတ်ကြီးတွင် လေယာဉ်တင်သင်္ဘောများ ဘေးကင်းလုံခြုံမှုအတွက် စိုးရိမ်ပူပန်လာရလျက်ရှိသည်။

လေယာဉ်တည်ဆောက်မှုနှင့်စပ်လျဉ်း၍ Bayraktar TB3 ကဲ့သို့သောဒရုန်းများသည် မောင်းသူပါလေယာဉ်များလောက် တာဝေးပျံသန်းနိုင်မှုနှင့် ပစ္စည်းတင်ဆောင်နိုင်စွမ်းတို့မရှိပေ။ တစ်ချိန်တည်းမှာပင် အီတလီနိုင်ငံက အနားပေးထားသည့် AV-8B Harriers လေယာဉ်များသည်လည်း လူသားချင်းစာနာထောက်ထားမှုမစ်ရှင်များကို အနည်းငယ်သာ အထောက်အကူပြုပြီး အသုံးပြုရန်ကုန်ကျစရိတ်ကြီးမားလိမ့်မည်ဖြစ်သည်။ ထိုင်းနိုင်ငံသည် ၁၉၉၀ ပြည့်လွန်နှောင်းပိုင်းနှင့် ၂၀၀၀ ပြည့်လွန် အစောပိုင်းကာလများတွင် လေယာဉ်တင်သင်္ဘောအခြေစိုက် Harriers လေယာဉ်များအသုံးပြုရာ၌ အခက်အခဲကြုံခဲ့ရသည်။

ထို့ပြင် အင်ဒိုနီးရှားနိုင်ငံသည် F-35ကိုယ်ပျောက်တိုက်လေယာဉ်ပိုင်ဆိုင်ထားသည့် စင်ကာပူနှင့် AUKUS နျူကလီးယားရေငုပ်သင်္ဘောစီမံကိန်းတို့လုပ်ဆောင်နေသည့် ဩစတြေးလျနိုင်ငံတို့နှင့်စပ်လျဉ်း၍လည်း စိုးရိမ်ပူပန်ကြောင်း ထုတ်ဖော်ပြောဆိုလျက်ရှိပြီး ထိုးစစ်လေယာဉ်အုပ်နှင့် လေယာဉ်တင်သင်္ဘောပိုင်ဆိုင်ထားခြင်းသည် မှားယွင်းသောတွက်ချက်မှုများဖြစ်ပေါ်စေနိုင်သည်။ ထို့ကြောင့် လေယာဉ်တင်သင်္ဘောတစ်စီး ဝယ်ယူသည်ထက် Makassar အတန်းအစား LPD သည် ကုန်းရေနှစ်သွယ် ထိုးစစ်စွမ်းဆောင်ရည်ကိုထိန်းသိမ်းနိုင်သလို ဒေသတွင်းအိမ်နီးချင်းနိုင်ငံများကို ခြိမ်းခြောက်မှုမဖြစ်စေဘဲ လူသားချင်းစာနာထောက်ထားသောမစ်ရှင်များကိုလည်း ထမ်းဆောင်နိုင်မည်ဖြစ်သည်။

ထို့ပြင် အင်ဒိုနီးရှားရေတပ်ဦးစီးချုပ် ရေတပ်ဗိုလ်ချုပ်ကြီး မိုဟာမက်အလီကလည်း စစ်ရေယာဉ်အရေအတွက်မှာ သတ်မှတ်ချက်ထက်လျော့နည်းနေပြီး ရေယာဉ်များစွာမှာလည်း သက်တမ်းရင့်နေပြီဖြစ်သောကြောင့် စစ်ရေယာဉ်များ၏ အသင့်ဖြစ်မှုသည် ၆၀ ရာခိုင်နှုန်းခန့်သာရှိကြောင်း၊ အစောင့်လိုက်ယာဉ်များအနေဖြင့် လေယာဉ်တင်သင်္ဘောကို ကာကွယ်သွားနိုင်မလားဆိုသောသံသယများ မြင့်တက်လာလျက်ရှိကြောင်း ပြောကြားသွားခဲ့သည်။

ထို့ပြင် Garibaldi လေယာဉ်တင်သင်္ဘောဝယ်ယူခြင်းသည် အရင်းအမြစ်ခွဲဝေမှုအပေါ်သက်ရောက်မှုဖြစ်စေနိုင်သည်။ အကြောင်းမူကား ၎င်းလေယာဉ်တင်သင်္ဘောသည် လေကျင့်သင်တန်းပေးမှု၊ ပြုပြင်ထိန်းသိမ်းမှု၊ ကာကွယ်စောင့်ရှောက်မှုနှင့် အခြေခံအဆောက်အအုံတိုးချဲ့မှုတို့အတွက် ကုန်ကျစရိတ်ကြီးမားစေမည်ဖြစ်သည်။ ထို့ပြင် လေယာဉ်တင်သင်္ဘောသည် အင်ဒိုနီးရှားနိုင်ငံ၏ ရေတပ်ဆိုင်ရာအခြေခံသဘောတရားနှင့် ကိုက်ညီမှုရှိသလားဆိုသောမေးခွန်းများလည်း ထွက်ပေါ်လျက်ရှိသည်။

အင်ဒိုနီးရှားနိုင်ငံ၏ ရေတပ်ဆိုင်ရာအခြေခံသဘောတရားသည် ကျွန်းစုခံတပ် သို့မဟုတ် အသေးစားကမ်းခြေစောင့်ရေတပ်ဆိုင်ရာရပ်တည်ချက်သဘောထားဖြစ်ပြီး အခြေခံအားဖြင့် ခံစစ်၊ ကမ်းခြေစောင့်ခြင်းနှင့် ကမ္ဘာလုံးဆိုင်ရာအာဏာဖြန့်ကြက်သည်ထက် တိုင်းပြည်ပတ်ပတ်လည်ရှိပင်လယ်ပြင်ကို ကာကွယ်သွားရန်ပင်ဖြစ်သည်။ အထူးသဖြင့် အင်ဒိုနီးရှားရေပိုင်နက်အတွင်း ကျူးကျော်ဝင်ရောက်လာမှုကို ကမ်းခြေစိုက်ဒုံးကျည်များ၊ ရေငုပ်သင်္ဘောများ၊ မိုင်းများ၊ ကင်းလှည့်ရေယာဉ်များ၊ ပူးတွဲကွပ်ကဲမှု၊ ထိန်းချုပ်မှု၊ ဆက်သွယ်မှု၊ ကွန်ပျူတာ၊ ထောက်လှမ်းမှု၊ စောင့်ကြည့်မှုနှင့် ကင်းထောက်မှုများအသုံးပြုကာ ဝင်ရောက်ခွင့်ငြင်းဆိုခြင်း၊ နယ်မြေငြင်းဆိုခြင်းကို အလေးထားလုပ်ဆောင်လျက်ရှိသည်။

အင်ဒိုနီးရှားရေတပ်အနေဖြင့် နိုင်ငံပိုင်နက်အတွင်းရှိ ကျွန်းစုများတွင် လှုပ်ရှားသွားလာခြင်း၊ အချုပ်အခြာအာဏာ ခိုင်မာတောင့်တင်းအောင်ဆောင်ရွက်ခြင်း၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာလုပ်ငန်းများအတွက်သာ ရည်မှန်းလုပ်ဆောင်လျက်ရှိသဖြင့် အင်အားဖြန့်ကြက်မှုနှင့် စွမ်းဆောင်ရည်အပိုင်းတို့၌ ကန့်သတ်ချက်ဖြစ်ပေါ်နေမည်ဖြစ်သည်။ အင်ဒိုနီးရှားရေတပ်သည် ပထဝီမြေအနေအထားနှင့် ဘဏ္ဍာရေးဆိုင်ရာကန့်သတ်ချက်များနှင့်လိုက်လျောညီထွေရှိသည့် အစိမ်းရောင်ရေတပ်အဆင့်သာရှိပြီး ရေပြာအဆင့်လေယာဉ်တင်သင်္ဘောပိုင်ဆိုင်သည့် ရေတပ်အဆင့်ကို မရောက်ရှိသေးပေ။

နိုင်ငံရေးရှုထောင့်အရမူ လေယာဉ်တင်သင်္ဘောများသည် ထိုးစစ်စစ်ဆင်ရေးနှင့်ဝေးကွာသောနေရာများ၌ အာဏာဖြန့်ကြက်ရန် လိုက်လျောညီထွေရှိသော်လည်း အင်ဒိုနီးရှားနိုင်ငံအနေဖြင့် လေယာဉ်တင်သင်္ဘောများကို နိုင်ငံရပ်ခြားတွင် အသုံးပြုသွားဖွယ်ရာမရှိပေ။ အကြောင်းမူကား အင်ဒိုနီးရှားနိုင်ငံသည် ချစ်ကြည်ရင်းနှီးသော နိုင်ငံခြားရေးမူဝါဒကျင့်သုံးလျက်ရှိသောကြောင့်ဖြစ်သည်။ ထို့ကြောင့် အင်ဒိုနီးရှားနိုင်ငံအနေဖြင့် Giuseppe Garibaldi လေယာဉ်တင်သင်္ဘောဝယ်ယူခြင်းသည် အနာဂတ်တွင် ရေပြာအဆင့်ရေတပ်တည်ဆောက်ရန်ထက် မဟာဗျူဟာ၊ ဘတ်ဂျက်များ၊ အစောင့်လိုက်သင်္ဘောများနှင့် လေယာဉ်အုပ်များသည် လေယာဉ်တင်သင်္ဘောဝယ်ယူရေးရည်မှန်းချက်ကို အမီလိုက်မလားဆိုသောအချက်ကို စောင့်ကြည့်သွားရတော့မည်ဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံသည် လေယာဉ်တင်သင်္ဘောတစ်စီးအပါအဝင် ဖရီးဂိတ်များ၊ အလျင်အမြန်တိုက်ခိုက်ရေးရေယာဉ်နှင့် တိုက်လေယာဉ်များအပါအဝင် တစ်ပတ်ရစ် စစ်လက်နက်ပစ္စည်းများစွာ ဝယ်ယူသွားရန်ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ တစ်ပတ်ရစ်စစ်လက်နက်ပစ္စည်းများဝယ်ယူမှုသည် အင်ဒိုနီးရှားနိုင်ငံ၏ ကာကွယ်ရေးဆိုင်ရာရပ်တည်မှုလိုအပ်ချက်တွင် အရေအတွက်အားဖြင့် လိုအပ်ချက်ကို လျင်မြန်စွာဖြည့်ဆည်းပေးနိုင်မည်ဖြစ်သကဲ့သို့ တိုက်ခိုက်ရေးစွမ်းဆောင်ရည်နှင့် ဟန့်တားမှုစွမ်းဆောင်ရည်တို့ကိုလည်း မြှင့်တင်ပေးသွားနိုင်မည်ဖြစ်ပေသည်။

**ကိုးကား**

- **Indonesia's carrier dream risks becoming a port queen by Asia Times.**

**မောင်စိန်အိ(နဘဲမြေ)**

M L

# စနေနေ့ညကစားမဲ့ ပွဲစဉ်တွေထဲက ဥရောပဝင်ခွင့်ရဖို့ ကြိုးစားနေတဲ့ အတ္တလန်တာ၊ ဟော်ဖန်ဟိမ်းနဲ့ အိမ်ကွင်းကစားပုံကောင်းတဲ့ အိုဆာဆူနာတို့ကို ရွေးချယ်ရမှာပါ



၂၀၂၅-၂၀၂၆ ဥရောပဘောလုံးရာသီဟာ ပိတ်သိမ်းချိန်နီးကပ်လာပေမဲ့ ချန်ပီယံဆုနဲ့ဥရောပဝင်ခွင့်ရဖို့ အသင်းတွေကတော့ မှန်းဆရခက်နေဆဲဖြစ်ပါတယ်။ စီးရီးအေကိုကြည့်မယ်ဆိုရင် ဇယားထိပ်က အင်တာမီလန်နဲ့ ဒုတိယနေရာက အေစီမီလန်တို့ ရမှတ် ၁၀ မှတ်ကွာတာကလွဲရင် အဆင့်(၇) မှာရောက်နေတဲ့ အတ္တလန်တာအသင်းထိ ချန်ပီယံလိဂ်ဝင်ခွင့်အတွက် အခွင့်အရေးရှိနေတာကို တွေ့ရမှာပါ။ ဘွန်ဒက်လီဂါမှာလဲ အဆင့်(၁)က ဘိုင်ယန်နဲ့ အဆင့်(၂) က ဒေါ့မွန်တို့ ရမှတ်ကိုးမှတ်ကွာဟတာကလွဲရင် အဆင့်(၆) မှာရှိနေတဲ့ လေဗာကူဆင်ထိ ရမှတ်ကွာဟမှုကျဉ်းမြောင်းနေတာဖြစ်ပါတယ်။ လာလီဂါမှာတော့ အဆင့်(၁)နေရာကဘာစီလိုနာနဲ့ အဆင့်(၂)နေရာက ရီးရဲလ်မက်ဒရစ်တို့က ဆုဖလားအတွက်အကြိတ်အနယ်ရှိနေပြီး အဆင့်(၃) ကနေ အဆင့်(၆) ထိရှိနေတဲ့အသင်းတွေက ဥရောပဝင်ခွင့်ရဖို့အပြိုင်ကြိုးစားနေတာကို သတိပြုရမှာပါ။ ဒါကြောင့် စနေနေ့ညကစားမဲ့ပွဲစဉ်တွေမှာ ဥရောပဝင်ခွင့်တစ်နေရာအတွက် ရမှတ်ရှာဖွေမဲ့အသင်းတွေနဲ့ အိမ်ကွင်းကစားပုံတည်ငြိမ်တဲ့အသင်းတွေကိုသာ အဓိကရွေးချယ်သွားမှာဖြစ်ပါတယ်။

### အတ္တလန်တာအသင်း ရလဒ်ကောင်းမှာပါ

စနေနေ့ညကစားမဲ့ စီးရီးအေပွဲစဉ်တွေထဲက အကြိုက်တွေ့တာကတော့ အတ္တလန်တာအသင်းနဲ့ အူဒီးနီးစ်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ အတ္တလန်တာအသင်းဟာ အခုနှစ်ဘောလုံးရာသီပြိုင်ပွဲစုံမှာ ရလဒ်ကောင်းခဲ့ပေမဲ့ အမှတ်ပေးပြိုင်ပွဲမှာတော့ ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့ ကြိုးစားနေရတာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ ကိုပါအီတာလီယားဖလားပွဲမှာ ခြေစွမ်းပိုင်းကောင်းတဲ့ ဂျူဗင်တပ်အသင်းကိုအိမ်ကွင်းမှာ သုံးဂိုးပြတ်နဲ့အနိုင်ရခဲ့လို့ ဆီမီးဖိုင်နယ်ထိ ရောက်ခဲ့သလို ချန်ပီယံလိဂ်ပွဲမှာလဲ ဒေါ့မွန်အသင်းကို နိုင်ပွဲရခဲ့တာကြောင့် ၁၆ သင်းရှုံးထွက်တက်ရောက်နိုင်ခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ နည်းပြပါလာဒီနိုတာဝန်ယူပြီးနောက် အဓိကပွဲစဉ်တွေမှာ နိုင်ပွဲရှာနိုင်ခဲ့တာဖြစ်ပြီး အိမ်ကွင်းပွဲတွေမှာဆိုရင် တိုက်စစ်ပိုင်းက ဂိုးမြူးနေတာဖြစ်ပါတယ်။ နည်းပြကတော့ ၃-၄-၂-၁ ကစားကွက်နဲ့ ကွင်းလယ်အသားပေးကစားနေပြီး အထောင်တိုက်စစ်မှာ စကာမက်ကာကို အသုံးပြုနေတာဖြစ်ပါတယ်။ အခုပွဲမှာ အတ္တလန်တာအသင်းဟာ အရင်ပွဲစဉ်က ခံစစ်ပိုင်းအမှားတွေကို ပြုပြင်နိုင်ခဲ့မယ်ဆိုရင်တော့ အူဒီးနီးစ်လိုခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိတဲ့အသင်းကို ပွဲချိန်ပြည့်ထိန်းချုပ်နိုင်မှာဖြစ်ပြီး ချန်ပီယံလိဂ်ဝင်ခွင့်အတွက် ရမှတ်ရှာဖွေနိုင်မှာသေချာပါတယ်။

အူဒီးနီးစ်အသင်းကတော့ စီးရီးအေရဲ့ ဖြတ်မျဉ်းအသင်းဖြစ်ပြီး ပြီးခဲ့တဲ့ ဖီအိုရင်တီးနားနဲ့ပွဲမှာလဲ ပြိုင်ဘက်ကို သုံးဂိုးပြတ်နဲ့ အနိုင်ရခဲ့တာကိုတွေ့ရမှာပါ။ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာလဲ အိမ်ကွင်းနှစ်ပွဲသာအနိုင်ရထားပြီး ကျန်ပွဲစဉ်တွေကိုတော့ ရှုံးခဲ့တာဖြစ်ပါတယ်။ အခုရာသီ အူဒီးနီးစ်အသင်းဟာ အိမ်ကွင်းမှာ ရမှတ်ပိုစုဆောင်းနိုင်သလို နာပိုလီ၊ လာဇီယိုတို့လိုအသင်းတွေကိုလဲ အိမ်ကွင်းမှာ ရမှတ်ခွဲယူခဲ့တာကို တွေ့ရမှာပါ။ လက်ရှိ ၂၇ ပွဲကစားအပြီးမှာ ရမှတ် ၃၅ မှတ်ထိ ရခဲ့ပြီး အဆင့်(၁၀) မှာရောက်နေတာကြောင့် တန်းဆင်းဇုန်ကလွတ်ဖို့ သေချာနေတဲ့အသင်းဖြစ်ပါတယ်။ သူတို့အသင်းကတော့ ၃-၅-၂ ကစားကွက်ကို အထိုင်ချကစားနေတာဖြစ်ပြီး ကွင်းလယ်ကစားသမားတွေက အသင်းရဲ့နည်းဗျူဟာပိုင်းကို အပြောင်းအလဲပြုလုပ်ပေးနေတာကို သတိပြုရမှာပါ။ သူတို့နှစ်သင်း ပထမအကျော့မှာ အူဒီးနီးစ်အိမ်ကွင်းမှာ အသာရခဲ့ပေမဲ့ အဲဒီအချိန်တုန်းက အတ္တလန်တာအသင်းဟာ အကျပိုင်းရောက်နေတာဖြစ်လို့ အခုအိမ်ကွင်းမှာတော့ ပထမအကျော့ကအရှုံးကို ပြန်လည်ချေပမှာဖြစ်ပါတယ်။ ဒါ့ပြင် အတ္တလန်တာအသင်းဟာ အူဒီးနီးစ်အသင်းကို ၂၀၁၇ ခုနှစ်ကစလို့ တွေ့ဆုံခဲ့တဲ့အိမ်ကွင်းပွဲတွေမှာရှုံးပွဲမရှိခဲ့ဘဲ စုဖွဲ့မှုမှာလဲ အတ္တလန်တာအသင်း အသာရနေတာကြောင့် အတ္တလန်တာအသင်းပဲ ရလဒ်ကောင်းမှာပါ။

**အတ္တလန်တာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဒေါ့မွန် | ၂ | - | ၀ | အတ္တလန်တာ |
| အတ္တလန်တာ | ၂ | - | ၁ | နာပိုလီ |
| အတ္တလန်တာ | ၄ | - | ၁ | ဒေါ့မွန် |
| ဆက်ဆူအိုလို | ၂ | - | ၁ | အတ္တလန်တာ |
| လာဇီယို | ၂ | - | ၂ | အတ္တလန်တာ |

**အူဒီးနီးစ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အူဒီးနီးစ် | ၁ | - | ၀ | ရိုးမား |
| လက်ချီ | ၂ | - | ၁ | အူဒီးနီးစ် |
| အူဒီးနီးစ် | ၁ | - | ၂ | အိုဆာဆူနာ |
| ဘိုလော့နာ | ၁ | - | ၀ | အူဒီးနီးစ် |
| အူဒီးနီးစ် | ၃ | - | ၀ | ဖီအိုရင်တီးနား |

### ဟော်ဖန်ဟိမ်းကို ရွေးရမှာပါ

ဘွန်ဒက်လီဂါပွဲစဉ် (၂၅)မှာ အကြိုက်တွေ့တာကတော့ ဟီဒန်ဟိမ်းနဲ့ ဟော်ဖန်ဟိမ်းအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ဟီဒန်ဟိမ်းအသင်းဟာ ပြီးခဲ့တဲ့ရာသီမှာ တန်းတက်လာတဲ့အသင်းဖြစ်ပေမဲ့ လုံလောက်တဲ့လူစာရင်းဖြည့်တင်းနိုင်ခြင်းမရှိလို့ လက်ရှိမှာ အမှတ်ပေးဇယားအောက်ဆုံးမှာ ရောက်ရှိနေတာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ ၂၄ ပွဲကစားအပြီးမှာ ရမှတ် ၁၄ မှတ်သာစုဆောင်းနိုင်ခဲ့ပြီး အခုချိန်ထိ သုံးပွဲသာနိုင်ပွဲရထားတဲ့အသင်းဖြစ်တာကြောင့် လက်ကျန် ၁၀ ပွဲမှာ အကုန်နိုင်ပွဲရမှ ဘွန်ဒက်လီဂါမှာကျန်ရစ်မှာဖြစ်လို့ မျှော်လင့်ချက်နည်းနေတယ်လို့ဆိုရမှာပါ။ လက်ရှိမှာပွဲစဉ်တိုင်းကို ရမှတ်ခွဲယူဖို့ အာရုံစိုက်နေပေမဲ့ ခံစစ်ပိုင်းက တိုက်စစ်ကောင်းတဲ့အသင်းတွေကို ဟန့်တားနိုင်ခြင်းမရှိလို့ ပေးဂိုး ၅၃ ဂိုးထိ ပေးခဲ့ရတာကို သတိပြုရမှာပါ။ တိုက်စစ်ပိုင်းကလဲ ၂၄ ပွဲမှာ ၂၂ ဂိုးသာ သွင်းယူထားတာကိုကြည့်ရင် ပျမ်းမျှတစ်ပွဲတစ်ဂိုးနှုန်းတောင် မသွင်းနိုင်တာကြောင့် ဟော်ဖန်ဟိမ်းအသင်းကို ပွဲချိန်ပြည့်ယှဉ်ကစားဖို့မဖြစ်နိုင်ပါဘူး။

ဟော်ဖန်ဟိမ်းအသင်းကတော့ ဘွန်ဒက်လီဂါမှာ ခြေစွမ်းပိုင်းကောင်းတဲ့အသင်းတစ်သင်းဖြစ်ပြီး အသင်းကြီးတွေကိုတောင် ဖိအားပေးကစားနေတဲ့အသင်းဖြစ်ပါတယ်။ လက်ရှိ ၂၄ ပွဲကစားအပြီးမှာ ရမှတ် ၄၆ မှတ်နဲ့ အဆင့်(၃) မှာရပ်တည်နေပေမဲ့ အဆင့်(၄)က စတုဂတ်အသင်းနဲ့ရမှတ်တူ၊ အဆင့်(၅)က လိုက်ပ်ဇစ်အသင်းနဲ့ နှစ်မှတ်ကွာ၊ အဆင့်(၆)က လေဗာကူဆင်အသင်းနဲ့ ရမှတ်သုံးမှတ်သာကွာဟတာကြောင့် အခုပွဲစဉ်ကို ရှုံးခဲ့ရင် ဥရောပဝင်ခွင့်အတွက် အခက်တွေ့နိုင်တာကိုတွေ့ရမှာပါ။ ဒါ့ပြင် နောက်ကစားခဲ့တဲ့အမှတ်ပေးနှစ်ပွဲဆက် နိုင်ပွဲမရခဲ့တာကြောင့်လဲ ဟီဒန်ဟိမ်းလို ပြိုင်ဘက်နဲ့တွေ့ချိန်မှာ ရမှတ်အပြည့်ယူဖို့ ပြင်ဆင်လာမှာသေချာပါတယ်။ သူတို့အသင်းကလဲ ၃-၅-၂ ကစားကွက်ကို အထိုင်ချကစားနေပြီး ဒီကစားကွက်မှာ အဓိကပွဲထွက်ကစားသမားတွေ ခြေစွမ်းပြနိုင်သလို တိုက်စစ်မှူးကာမာရစ်ကလဲ သွင်းဂိုး ၁၀ ဂိုးထိ သွင်းယူထားတာဖြစ်ပါတယ်။ သူတို့နှစ်သင်း ပထမအကျော့မှာလဲ ဟော်ဖန်ဟိမ်းက သုံးဂိုးတစ်ဂိုးနဲ့အနိုင်ရခဲ့သလို နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲဆက်မှာလဲ ဟော်ဖန်ဟိမ်းရှုံးပွဲမရှိခဲ့တာကြောင့် အခုပွဲမှာ ဟော်ဖန်ဟိမ်းကိုပဲ ရွေးရမှာပါ။

**ဟီဒန်ဟိမ်းအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဒေါ့မွန် | ၃ | - | ၂ | ဟီဒန်ဟိမ်း |
| ဟီဒန်ဟိမ်း | ၀ | - | ၂ | ဟမ်းဘတ် |
| အော့စ်ဘတ် | ၁ | - | ၀ | ဟီဒန်ဟိမ်း |
| ဟီဒန်ဟိမ်း | ၃ | - | ၃ | စတုဂတ် |
| ဝါဒါဘရီမင် | ၂ | - | ၀ | ဟီဒန်ဟိမ်း |

**ဟော်ဖန်ဟိမ်းအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဟော်ဖန်ဟိမ်း | ၃ | - | ၁ | ယူနီယံဘာလင် |
| ဘိုင်ယန်မြူးနစ် | ၅ | - | ၁ | ဟော်ဖန်ဟိမ်း |
| ဟော်ဖန်ဟိမ်း | ၃ | - | ၀ | ဖရိုင်းဘတ် |
| ကိုလုံး | ၂ | - | ၂ | ဟော်ဖန်ဟိမ်း |
| ဟော်ဖန်ဟိမ်း | ၀ | - | ၁ | စိန့်ပေါ်လီ |

### အိုဆာဆူနာနဲ့လက်တွဲရမှာပါ

လာလီဂါပွဲစဉ် (၂၇)မှာ အကြိုက်တွေ့တာကတော့ အိုဆာဆူနာနဲ့ မာယော့ကာအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ အိုဆာဆူနာအသင်းဟာ လာလီဂါမှာ အဝေးကွင်းကစားပုံတည်ငြိမ်မှုမရှိပေမဲ့ အိမ်ကွင်းမှာတော့ အသင်းကြီးတွေကိုတောင် နိုင်ပွဲရယူခဲ့တာကိုတွေ့ရမှာပါ။ နောက်ဆုံးကစားခဲ့တဲ့အိမ်ကွင်းပွဲစဉ်မှာဆိုရင် ရီးရဲလ်မက်ဒရစ်လိုအသင်းကြီးကို တန်ပြန်တိုက်စစ်နဲ့ဖိအားပေးပြီး တစ်ဂိုးဂိုးမရှိနဲ့အနိုင်ကစားခဲ့တာဖြစ်ပါတယ်။ အခုရာသီ အိမ်ကွင်း ၁၂ ပွဲကစားခဲ့ရာမှာလဲ ခုနစ်ပွဲနိုင်၊ သုံးပွဲသရေနဲ့ နှစ်ပွဲသာရှုံးထားတဲ့ရလဒ်က အားရစရာဖြစ်ပါတယ်။ လက်ရှိ ၂၆ ပွဲအပြီးမှာတော့ ရမှတ် ၃၃ မှတ်နဲ့ အမှတ်ပေးဇယား အဆင့်(၁၀) ထိရောက်ရှိနေတာကြောင့် တန်းမဆင်းရဖို့သေချာနေပြီး ဥရောပဝင်ခွင့်တစ်နေရာအတွက်ကတော့ လာမဲ့ပွဲတွေမှာရလဒ်ကောင်းမှ ရရှိနိုင်မှာဖြစ်ပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ အိမ်ကွင်းငါးပွဲဆက်မှာလဲ ရီးရဲလ်မက်ဒရစ်၊ ဗီလာရီးရဲလ်၊ အိုဗီဒို၊ ဘီလ်ဘာအို၊ အလာဗက်တို့ကို ရှုံးပွဲမရှိကစားနိုင်ခဲ့တာဖြစ်လို့ အခုအိမ်ကွင်းမှာလဲ မာယော့ကာလို စုဖွဲ့မှုအားနည်းနေတဲ့အသင်းကို ထိန်းချုပ်ကစားနိုင်မှာသေချာပါတယ်။

မာယော့ကာအသင်းကတော့ နှစ်စဉ်တန်းမဆင်းရဖို့ရုန်းကန်နေရတဲ့အသင်းဖြစ်ပြီး အခုနှစ်မှာလဲ ၂၄ ပွဲမှာ ရမှတ် ၂၄ မှတ်သာရရှိခဲ့တာကြောင့် အမှတ်ပေးဇယားအဆင့်(၁၈) တန်းဆင်းဇုန်ထဲမှာ ရောက်ရှိနေတာဖြစ်ပါတယ်။ သူတို့အသင်းအနေနဲ့ အခုပွဲစဉ်အနိုင်ရမယ်ဆိုရင် တန်းဆင်းဇုန်ကလွတ်ဖို့အခွင့်အရေးရှိပေမဲ့ ကစားသမားစုဖွဲ့မှုအားနည်းတဲ့အပြင် အဝေးကွင်းခြေစွမ်းပိုင်းကလဲ နောက်ဆုံးကစားခဲ့တဲ့ ရှစ်ပွဲဆက်နိုင်ပွဲမရခဲ့တာကိုတွေ့ရမှာပါ။ သူတို့နှစ်သင်း ပထမအကျော့တွေ့ဆုံမှုမှာ နှစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ထားပေမဲ့ လက်ရှိအိုဆာဆူနာရဲ့ အိမ်ကွင်းခြေစွမ်းကိုတားဆီးနိုင်တဲ့ကစားသမား မာယော့ကာအသင်းမှာရှိမနေတာကို သတိပြုရမှာပါ။ ဒါ့ပြင် အိုဆာဆူနာအသင်းဟာ မာယော့ကာနဲ့ကစားခဲ့တဲ့ နောက်ဆုံးအိမ်ကွင်းသုံးပွဲဆက်မှာလဲ ရှုံးပွဲမရှိကစားနိုင်တာကြောင့် အခုပွဲမှာ အိမ်ကွင်းနိုင်ပွဲရှာဖွေလာမဲ့ အိုဆာဆူနာနဲ့ပဲ လက်တွဲရမှာပါ။

**အိုဆာဆူနာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အိုဆာဆူနာ | ၂ | - | ၂ | ဗီလာရီးရဲလ် |
| ဆဲလ်တာဗီဂို | ၁ | - | ၂ | အိုဆာဆူနာ |
| အယ်ချီ | ၀ | - | ၀ | အိုဆာဆူနာ |
| အိုဆာဆူနာ | ၂ | - | ၁ | ရီးရဲလ်မက်ဒရစ် |
| ဗလင်စီယာ | ၁ | - | ၀ | အိုဆာဆူနာ |

**မာယော့ကာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| မာယော့ကာ | ၄ | - | ၁ | ဆီဗီလာ |
| ဘာစီလိုနာ | ၃ | - | ၀ | မာယော့ကာ |
| မာယော့ကာ | ၁ | - | ၂ | ဘက်တစ် |
| ဆဲလ်တာဗီဂို | ၂ | - | ၀ | မာယော့ကာ |
| မာယော့ကာ | ၀ | - | ၁ | ဆိုစီဒက် |

**ဝမ်းနည်းကြေကွဲခြင်း**

**ဒုတိယဗိုလ်ချုပ်ကြီး မဟာသရေစည်သူ မောင်မောင်ခင်**

**ကာကွယ်ရေးဦးစီးချုပ်(ရေ)(ငြိမ်း)**

**အသက် (၉၈)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်နေ (ဒေါက်တာ ဒေါ်နန်းဦး)၏ ချစ်လှစွာသောခင်ပွန်း ဒုတိယဗိုလ်ချုပ်ကြီး မောင်မောင်ခင်(ငြိမ်း)သည် ၅-၃-၂၀၂၆ ရက် (ကြာသပတေးနေ့) ညနေ ၅ : ၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ


**သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့ လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

**လျှောင်လှုပ်နေစဉ်တွင် ရှောင်ရှားသင့်သည့် အချက်များ**

၁။ အဆောက်အအုံထဲသို့ ပြေးမဝင်ပါနှင့်။



၂။ ဓာတ်လှေကားများ အသုံးမပြုပါနှင့်။




၃။ အထပ်မြင့်တိုက်များမှ ခုန်ထွက်ခြင်းမပြုပါနှင့်။






# ကလေးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်း ၉၀၁၂ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**ကလေး မတ် ၅**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်း ၉၀၁၂ ဧကထိ ရိတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းဧက ၉၁၉၀ ထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသောပဲတီစိမ်း စိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ၉၀၁၂ဧကရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၇ ဒသမ ၀၆ တင်း ထွက်ရှိကြောင်း သိရသည်။

"ကလေးမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပဲတီစိမ်း ဧက ၉၁၉၀ ထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပဲတီစိမ်းစိုက်ခင်းတွေ အခုလက်ရှိအချိန်မှာ ရိတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိ ၉၀၁၂ ဧက ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ ပဲတီစိမ်း စိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ပဲတီစိမ်း စိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်း ကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်သုံးစွဲဖို့၊ ပိုးမွှားရောဂါကာကွယ်ဖို့ နည်းပညာပေးတာတွေရှိပါတယ်" ဟု ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မာန်အွေက ပြောပြသည်။

ကလေးမြို့နယ်တွင် ပဲတီစိမ်းစိုက်တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်း ကောင်းမွန်ရေးတို့ကို အသိပညာပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေသည့်အပြင် ပို့လျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်း စိုက်ပျိုးကြရမည်ဖြစ်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မာန်အွေက ပြောပြ၍ သိရသည်။

(၂၀၆)

# ညောင်ရွှေမြို့ အုန်းပင်ကျေးရွာ၌ RBF လုပ်ငန်းများ ဆောင်ရွက်နေမှု စစ်ဆေး

**ညောင်ရွှေ မတ် ၅**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အင်းခြံကေလာကျေးရွာအုပ်စု အုန်းပင်ကျေးရွာ၌ RBF လုပ်ငန်းများ ဆောင်ရွက်နေမှုကို မတ် ၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ရွှေမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ယုယုနှင့် ဝန်ထမ်းများက အုန်းပင်ကျေးရွာ၌ RBF စီမံကိန်းရန်ပုံငွေကျပ် ၁၅ သန်းဖြင့် ဆောင်ရွက်နေသော စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းဇယားများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးခဲ့ကြောင်း သိရသည်။

ထို့နောက် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ယုယုက ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်း စီမံကိန်း (RBF) ကျေးရွာလုပ်ငန်းအဖွဲ့၊ စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်နေသည့် အဖွဲ့နှစ်ဖွဲ့မှ အဖွဲ့ဝင်များနှင့်တွေ့ဆုံကာ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

အုန်းပင်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းစီမံကိန်း (RBF) ဖြင့် စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်နေသည့်အဖွဲ့နှစ်ဖွဲ့ကို ရန်ပုံငွေကျပ် ၁၅ သန်း ထုတ်ချေးပေးထားကြောင်း ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ယုယုက ပြောပြ၍ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

**စာပေမြင့်မှ လူမျိုးတင့်မည်**




## ဖခင်အမည်မှန်

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ AUNG(EC) ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-12 တွင် ပညာသင်ကြားနေသော မောင်မင်းငြိမ်းခန့်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးမင်းအောင်ဖြစ်ပါကြောင်း။ ဦးမင်းအောင်(၅/ကနန(နိုင်)၀၀၀၃၂၅)

## အမည်ပြောင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အကွက်(၅၀၁)၊ ကျန်လုံးဥသျှောင်ရပ်နေ ဦးအောင်ကျော်စိုး၏သမီး မသက်ထားနွယ်အား မသဒ္ဒါထက်စံဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

မသဒ္ဒါထက်စံ

## ပျောက်ဆုံးကြောင်း

မူဆယ်မြို့၊ နောင်မော်ရွာနေ မနန်းစံခမ်း (ဘ) ဦးဆွဲဆိုင်ဆန်မောင်(၁၃/မဆတ(နိုင်)၀၆၅၁၂၂)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-692978800

## မီးမလောင်စေရန်ရှောင်ရှားသင့်သည့်အချက်များ




# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် ''1111'' အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Pro-gramme-PFP) ကိုအသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် ''1111'' ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့် စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အဖွဲ့များက Short Code နံပါတ် ''1111'' ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**



❖ လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဦးတည်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ခဲ့ကာ ထာဝရငြိမ်းချမ်းရေးအတွက် အစဉ်အမြဲ တံခါးဖွင့်ကြိုဆိုလျက်ရှိ...

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်၏ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် ကျရောက်သော ၇၈ နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ ရုရှားရေတပ်မှ စစ်ရေယာဉ် သုံးစီး ချစ်ကြည်ရေးခရီးအလည်အပတ်ရောက်ရှိလာစဉ်။

# ရုရှားရေတပ်မှ စစ်ရေယာဉ် သုံးစီး ချစ်ကြည်ရေးခရီးအလည်အပတ်ရောက်ရှိ

နေပြည်တော် မတ် ၅

ရုရှားရေတပ် ပစိဖိတ်စစ်ရေယာဉ်စုမှ ကော်ဗက်စစ်ရေယာဉ်များဖြစ်သည့် Sovershenyi နှင့် Rezkiy၊ အလတ်စားဆီတင်သင်္ဘော Pechenga တို့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန်အတွက် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်း MITTတံတားသို့ ရောက်ရှိလာရာ စာမျက်နှာ ၂၀ ကော်လံ ၁ ☆

## ဆေးရုံဖြေစာစစ်ဌာနများ ဖွင့်လှစ်ဆောင်ရွက်ပေးသွားမည်

နေပြည်တော် မတ် ၅

ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနတို့၏ ညှိနှိုင်းထားချက်အရ ၂၀၂၆ ခုနှစ် မတ် ၁၁ ရက်မှ ၁၇ ရက်ထိ ကျင်းပမည်ဖြစ်သော တက္ကသိုလ်ဝင်စာမေးပွဲကာလအတွင်း ဆေးရုံတက်ရောက်၍ ဆေးဝါးကုသမှုခံယူနေကြသော ကျောင်းသား၊ ကျောင်းသူများ ပညာရေးနစ်နာမှုမရှိစေရန် ရည်ရွယ်၍ ဆေးရုံဖြေစာစစ်ဌာနများကို ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး၊ ဗဟိုအမျိုးသမီးဆေးရုံကြီး (ရန်ကုန်)၊ အထူးကုဆေးရုံကြီး(ဝေဘာဂီ)၊ မန္တလေးပြည်သူ့ဆေးရုံကြီးနှင့်နေပြည်တော်ပြည်သူ့ဆေးရုံကြီး ခုတင်(၁၀၀၀)တို့၌ ဖွင့်လှစ်သွားမည်ဖြစ်သည်။

ကျန်တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များရှိ ဆေးရုံကြီးများတွင် ဆေးရုံတက်ရောက်ကုသမှုခံယူသော စာမေးပွဲဝင်ရောက်ဖြေဆိုလိုသည့် ကျောင်းသား၊ ကျောင်းသူ(လူနာ)များအတွက် သက်ဆိုင်ရာပညာရေးမှူးနှင့် ကျောင်းအုပ်ကြီးတို့က ညှိနှိုင်းလာပါက အဆိုပါဆေးရုံကြီးများတွင် ဆေးရုံဖြေစာစစ်ဌာနဖွင့်လှစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**ဗဟိုမိုဘိုင်းစက်ပစ္စည်းသက်သေခံမှတ်ပုံတင်စနစ်(CEIR) စတင်အသုံးပြုဆောင်ရွက်မည့်အစီအစဉ်ကို ပြည်သူသို့ အသိပေးကြေညာ** စာမျက်နှာ - ၁၉

### အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ဆရာ၊ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။
၂။ ခြိမ်းခြောက်၊လူသတ်၊အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။
၃။ ယင်းတို့၏လက်နက်၊ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## မြန်မာ ယူ-၁၇ အသင်းနှင့် အိန္ဒိယ ယူ-၁၇ အသင်းတို့၏ ဒုတိယမြောက်ခြေစမ်းပွဲစဉ်တွင် ဂိုးမရှိသရေရလဒ်ထွက်ပေါ်

ရန်ကုန် မတ် ၅

၂၀၂၆ အာရှ ယူ-၁၇ ဖလားပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ဒုတိယမြောက်ခြေစမ်းပွဲစဉ်အဖြစ် ယနေ့ည ၆ နာရီက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် မြန်မာ ယူ-၁၇ အသင်းနှင့် အိန္ဒိယ ယူ-၁၇ အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဂိုးမရှိသရေရလဒ်ထွက်ပေါ်ခဲ့သည်။

အဆိုပါပွဲစဉ်တွင် နှစ်သင်းစလုံးခြေစွမ်းပိုင်းကွာခြားမှုမရှိခဲ့ဘဲ အပြန်အလှန်ဖိအားပေးမှုများဖြင့် ဂိုးသွင်းခွင့်များရရှိခဲ့ကြသော်လည်း စာမျက်နှာ ၁၈ ကော်လံ ၁ ❖




ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်

ရွှေမန်းသူ
အဝေးပြေးခရီးသည်ပို့ဆောင်ရေးလုပ်ငန်း
ပါရမီလက်မှတ်အရောင်းဌာန
ရွှေမန်းသူ ၀၉၂၅၄၇၈၁၀၆၀၊ ၀၉၂၆၁၄၀၀၈၄၄
ရွှေမြိုင်သူ ၀၉၂၆၁၄၀၀၈၅၅
ရှမ်းမလေး ရန်ကုန်မြို့တွင်း G & G Store ဆိုင်များ
ပုသိမ်သူ Online Easy Ticket, Go - Auto Ticket

ရန်ကုန် —
- နေပြည်တော်
- တောင်ကြီး
- မုံရွာ၊ မန္တလေး၊ ပြင်ဦးလွင်
- ကျောက်ပန်းတောင်း - ရောက် - ဆိပ်ဖြူ
- ပုဂံ (ညောင်ဦး) - ပခုက္ကူ
- မကွေး - မင်းဘူး - ရွှေစက်တော်၊ မိတ္ထီလာ - မြင်းခြံ
- မော်လမြိုင် - မုဒုံ - သံဖြူဇရပ် - ကျိုက္ကမီ
- တောင်ငူ - ဆွာ - ရေနီ
- ပုသိမ်



ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု